www.burmeseclassic.com

ပိန်းကလေး
စာပေတိုက်



BURMESE CLASSIC

# ပိန်းကလေး

အကြို ဟန်းနီးမွန်း

ပန်းချီ သိန်းရွှေကြည်
2015

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်စိုး (မြ-၀၄၉၄၄) (ခုနစ်စဥ်ကြယ်စာပေ)
အမှတ် - ၁၈၂ (B)၊ ၃၁-လမ်း အထက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးနိုင်နိုင်အောင် (မြ-၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အမှတ် (၁၉)၊ ၃၁-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် (Image Art Work) (၀၉-၄၂၀၂၄၃၃၂၇)
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၆ ခုနှစ်၊ [illegible]
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ခုနှစ်စဥ်ကြယ်စာပေ
၀၉-၇၃၀၅၁၆၆၆၄ ၀၉-၈၇၆၃၂၈၀၂၅

၈၉၅ . ၈၃
မိန်းကလေး
အကြိုဟန်းနီးမွန်း/ မိန်းကလေး။ - ရန်ကုန်။
ရွှေဟသာစာပေ ၊ ၂၀၁၆ ။
၂၇၂ - စာ ၊ ၁၂ X ၁၈ စင်တီ။
(၁) အကြိုဟန်းနီးမွန်း

# မိန်းကလေး

အကြို ဟန်းနီးမွန်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း (၁)

"ဟိုင်း"

လက်ပြ၍ နှုတ်ဆက်လိုက်သည်နှင့် သူ့ဆီသို့ သူ့သူငယ်ချင်းများ အပြေးအလွှားရောက်လာကြ၏။

"ဟာ နေ ... မင်း တကယ်လာတယ်နော်"

"လာရမှာပေါ့ကွ။ သူငယ်ချင်းအရင်းကြီးပဲဟာ"

"သိဘူးလေကွာ။ မင်းက အလုပ်များတဲ့သူဆိုတော့"

"မင်းတို့လည်း ကိုယ့်လိုပဲ အလုပ်များကြတာပဲ ကောင်းသစ်ရာ"

"ငါတို့ကောင်တွေ များတယ်ဆိုတာ မင်းနှပ်နေသလောက်ရှိတာမျိုးကွ"

"ဟုတ်တယ် နေ။ မင်းနဲ့ တစ်ခါတစ်ခါ ဆုံခွင့်ရဖို့က မလွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး”

“သိန်းငါးထောင်ထိတောင် ပေါက်လွယ်ဦးမယ်”

သူရနဲ့ ရဲစိုးကလည်း ဝင်ပြောပြန်သည်။ သူ မလုံမလဲဖြစ်လျက် ရယ်မောလိုက်သည်။

“မင်းတို့ကလည်း ပြောရှာမယ်”

“တကယ်ဟုတ်လို့ ပြောနေတာကွ”

သူငယ်ချင်းတွေပြောနေလျှင် သူ ဆက်လက် ရယ်မောနေလိုက်သည်။

သူငယ်ချင်းတွေ ကျင်းပတဲ့ လုပ်ငန်းဆိုင်ရာ အထိမ်းအမှတ်ပွဲ၊ မင်္ဂလာပွဲ၊ ဒင်နာပွဲ စတဲ့ ဘာပွဲညာပွဲမှန်သမျှ ပါဝင်နွဲပျော်ဖြစ်ဖို့ သူ့ဘက်က အချိန်မပေးနိုင်ခဲ့ပါ။

အလုပ်ကိစ္စနဲ့ နိုင်ငံခြားရောက်ချင်ရောက်နေမယ်။

ဒါမှမဟုတ် ရှောင်လွှဲလို့မရတဲ့ အခြားလုပ်ငန်းကိစ္စတွေနဲ့ အချိန်ပြည့်နေမယ်။ သူနဲ့ တစ်ခါတွေ့ခွင့်ရဖို့ အနည်းဆုံး သုံးလလောက်ကြိုတင်ချိန်းဆိုထားရသည်။

ဒါတောင် လွယ်လှတာမဟုတ်ဘူး။

သူငယ်ချင်းတွေကို အချိန်မပေးနိုင်တာအပထား။ သူ့အတွက်တောင် သူ အချိန်မပေးနိုင်ပါ။

သူ့အတွက် အနားယူချိန်ဆိုတာ အရှားပါးဆုံးရတနာပဲ။

ခုတောင် – .





သူ့လုပ်ငန်းကိစ္စသုံးခုကို သူ့အတွင်းရေးမှူးသုံးယောက်နဲ့ လွှဲခဲ့ရသည်။

“လာ နေး မင်းအကြိုက် ကိုယ်တို့စီစဉ်ထားတယ် သူငယ်ချင်း”

မိုးဦးဝင်ပြောလျှင် ကျန်သူငယ်ချင်းအားလုံးလည်း သဘောကျဝင်ပြောလေသည်။

“ဟုတ်တယ်ကွ၊ မင်း အာရုံလန်းစေရမယ် လာကွာ”

“အိုကေ”

သူ လိုက်လိုက်လှဲလှဲပြောကာ သူငယ်ချင်းတွေဦးဆောင်တဲ့အတိုင်း ပါတော်မူသွားသည်။

ခန်းမတစ်ခုလုံးမှာ ညှို့သည်တွေနဲ့ အပြည့်အနက်။

မော်ဒန်မလေးတွေလည်း ပလူပျံနေပါသည်။ နာမည်ကြီးတေးဂီတအဖွဲ့နဲ့အတူ ကိုရီးယားမှ နာမည်ကျော်အဆိုတော်အဖွဲ့ကလည်း ညှို့ပရိသတ်တွေကို ဆွဲဆောင်နိုင်စွမ်းလေသည်။

ရဲစိုးစီစဉ်သည့် ကိုရီးယား–မြန်မာ တေးဂီတဖျော်ဖြေပွဲနဲ့ဖက်ရှင်ရှိုးပွဲ။ ဖက်ရှင်ရှိုးပွဲကလည်း သာမန်ရှိုးဖွဲ့တွေနဲ့ မတူပါ။

မျက်နှာသစ်မော်ဒန်မလေးများကို ပွဲထုတ်တဲ့ပွဲမို့ လုပ်ငန်းရှင်တော်တော်များများ စိတ်ဝင်စားကြ၏။ ဒါ့ပြင် ဘာကိစ္စ၊ ညာကိစ္စ ချိတ်ယူချင်တဲ့သူများလည်း ခြေချင်းလိမ်မတတ်ရယ်။

“ဟိုင်း၊ နေဘုရင် တကယ်လာတယ်နော်။ ဝမ်းသာတယ်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်နောင် သူ့ကို လှမ်းမြင်တာနဲ့ အားရဝမ်းသာ နှုတ်ဆက်ရင်း အပြေးကလေးလာသည်။

"ဒီနေ့ပွဲစဉ် ထူးခြားဦးမယ်ဗျို့"

ကျောက်မျက်ရတနာကုန်သည် ဦးထွန်းခကလည်း အားရဝမ်းသာ ပြောမြန်သည်။

လုပ်ငန်းရှင်အမျိုးသမီးတွေလည်း သူ့ကိုမြင်တာနဲ့ တီးတိုး တီးတိုး သဖန်းပိုးလုပ်ကြ၏။ သူမတို့တွေ သူ့ကိုလာပြီး နှုတ်ဆက်ချင်မှန်း သိပေမယ့် သူ့မျက်နှာရိပ်ကိုကြည့်ပြီး ရှေ့မတိုးရဲကြပါ။

"ဟုတ်တယ် အန်ကယ်။ နေ ရောက်လာတာ ပိုမြိုင်သွားတယ်။ ကိုရီးယားမော်ဒန်မလေးတွေကိုတောင် အန်ကယ်တို့ စိတ်မဝင်စားနိုင်တော့ဘူး။ နေ့အနားမှာပဲ အားလုံး ဝိုင်းလာကြတာပဲကြည့်"

ကောင်းသစ်ပြောလျှင် အားလုံးရယ်မောကြ၏။

"ဟား ဟား ဟား"

"ပြောလည်း ပြောလောက်ပေတယ်ကွ။ ညှိပရိသတ်တွေနဲ့ လုပ်ငန်းရှင်တိုင်းက နေဘုရင်ကို စောင့်ကြည့်နေကြတာကွ"

"ဟိုင်း ကိုနေ၊ မတွေ့တာကြာပြီနော်"

"ကိုယ်တို့နဲ့ စကားပြောဖို့ အချိန်ပေးဦး"

ရယ်သံနောက်က အန်ကယ်သက်နောင် ပြောစကားမဆုံးသေးပါ။ ဦးအိုက်စံနဲ့ သရဝဏ်တို့ရောက်လာပြီး ပြောကြပြန်သည်။

"အချိန်ရရင် ပေးပါ့မယ်ဗျာ"





"လာ သူငယ်ချင်း၊ အေးအေးဆေးဆေး ပြောကြဖို့ နေရာ သီးသန့်စီစဉ်ထားတယ်"

သူရက ပြောရင်းဆိုရင်း စတိတ်ရဲ့ညာဘက်က အထူးဝိုင်းမှာ နေရာချပေး၏။

အားလုံးက နေဘုရင်ကို အရေးတယူရှိနေကြတာက အကြောင်းမဲ့ မဟုတ်ပေ။

နေဘုရင်နဲ့ လုပ်ငန်းတွဲလုပ်ဖို့ ကြိုးစားနေသူတွေ ဖြစ်သည်။

"ဒါနဲ့ ကိုနေ၊ ခင်ဗျားရဲ့ စိန်တိုက်အတွက်"

သရဝဏ်က အချိန်ရတုန်း စကားစလျှင် သူ အပြုံးမပျက် ထက်ကာဟန့်လိုက်သည်။

"ဆောရီး၊ ကိုယ်လောကြီးသွားတယ်"

"ရပါတယ် ကိုသရဝဏ်၊ ခုချိန်က လုပ်ငန်းကိစ္စအားလုံးကို ခေါင်းထဲက ထုတ်ထားလို့ပါ။ ပြီးတော့ ရဲစိုး အစီအစဉ်ကို အားပေးဖို့ သက်သက်လာတာ။ အလုပ်ကိစ္စပြောနေရင် ရဲစိုး ငြူစူလိမ့်မယ်ဗျ"

"ဟုတ်သားပဲ သရဝဏ်ရာ၊ မင်းကလည်း"

ဦးအိုက်စံက သရဝဏ့်ကို ဟန့်တားသလိုပြောရင်း သူ့ကို မျက်နှာချိုသွေး၏။

"ဆောရီ နေဘုရင်"

"ရပါတယ်"

သူပြောရင်း ကောင်းသစ်ဘက်ကို တစ်ချက်ငဲ့ကြည့်လိုက်သ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကောင်းသစ်က သူ့အကြည့်ကို နားလည်ပါသည်။

"အန်ကယ်နဲ့ ကိုသရဝဏ်ကို ဦးတင်ဦးက တွေ့ချင်နေတယ်။ လာကြပါ၊ ကျွန်တော် လိုက်ပို့မယ်"

ကောင်းသစ်ပြောရင်း ဦးဆောင်ခေါ်ထုတ်သွားတော့ ထိုနှစ်ယောက် မထချင်ထချင်နဲ့ ထသွားရလေသည်။

ဒါတောင် –

"ပြန်ဆုံကြဦးမယ် နေဘုရင်"

ဦးအိုက်စ်နဲ့ သရဝဏ် ပြိုင်တူလိုလိုပြောပြီး ထွက်သွားလျှင်သူ သက်မချ၏။

လုပ်ငန်းကိစ္စတွေ လက်လွှတ်ပြီး လာခဲ့ပါတယ်ဆိုကာမှ လုပ်ငန်းကိစ္စ ချိတ်မယ့်မောင်တွေနဲ့ ဆုံရတယ်လို့။

"ဆောရီး သူငယ်ချင်း"

"ရတယ်ရဲစိုး"

"ရတယ် မလုပ်နဲ့၊ မင်းစိတ် လန်းစေမယ့်အစီအစဉ်လေး ရှိတယ်"

"ဘာအစီအစဉ်လဲ"

နက်မှောင်နေတဲ့ သူ့မျက်လုံးနှစ်သွယ် ပင့်ပြီး အသံတိတ်မေးလျှင် ရဲစိုး မေ့ပေါ့ပါးပါးရယ်မောရင်း မျက်ရိပ်နဲ့လှမ်းပြ၏။

သူ ငဲ့ကြည့်လိုက်တော့ မော်ဒန်အသစ်စက်စက်မလေးတစ်ဦး သူတို့ဝိုင်းဘက်သို့ ဦးတည်လာနေသည်။





ပုံစံလေးက အလန်းဖယား။

မော်ဒန်ဆိုပေမယ့် ပိန်ရှပ်ရှပ်လေးမဟုတ်ပါ။

အသားအရေကြည်ကာ တစ်ဖက်သား အာရုံနိုးကြွစေမယ့်အလှတို့ ပွင့်ထွက်နေသလား အောက်မေ့ရသည်အထိ ဆူဆူဖြိုးဖြိုးရှိလှသည်။

ချက်ပြုတ်ဘောင်းဘီတိုလေးနဲ့မို့ ဖြောင့်စင်းလုံးပြည့်သောပေါင်တံရှည်လျားလျားက ယောကျ်ားတိုင်းအကြိုက်။

မလုံမလဲပုံစံဝတ်ထားသည့် အပေါ်ပိုင်းအလှကလည်း လက်ဆယ်ဖိတ်ခေါ်နေဟန်မျိုး။

အချိုးအဆစ်ကျတဲ့ ခန္ဓာကိုယ်ကို လှုပ်ခါဟန်လေးနဲ့ လျှောက်လာသည်က သူ့အကြည့်တို့ စိုက်ကျသွားစေသည်။

"ကျတယ်နော် သူငယ်ချင်း"

သူ့သူငယ်ချင်းလေးယောက် ရယ်မောရင်း ပြိုင်တူလိုလို မေးလျှင် သူ့ပခုံးနှစ်ဖက် စုံတွန့်၍ ပြုံးနေလိုက်သည်။

သူတို့စားပွဲရှေ့က ဖြတ်ကျော်သွားတဲ့ သူမကို သူအဆုံးထိလိုက်မကြည့်တော့ပါ။

သူငယ်ချင်းတွေ ညှော်ခံတဲ့ ဘီယာဆူဆူကိုသာ အာရုံခံသောက်ရင်း ဖက်ရှင်ရှိုးပြနေတဲ့ စတိတ်ဘက် အကြည့်ပို့ထားလိုက်သည်။

"သူငယ်ချင်း မင်းနားချင်ရင် နားလို့ရတယ်။ အခန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



ဝဒ္ဓ မှာ မင်းအတွက် ရယ်ဒီပဲ"

သူ ခေါင်းမညိတ်မိပါပဲ။ သို့သော်လည်း ခေါင်းခါငြင်းဆန်ခြင်းလည်း မပြုပါ။ ဘာဖြစ်လို့လဲဆိုတော့ –

အဲဒါကိုက သူ့စတိုင်လ်။

သူငယ်ချင်းများက သူ့စတိုင်လ်ကို နောကြေအောင် သိနေပါသည်။ ဒါကြောင့် –

"အိုကေနော်"

"အိုကေ"

သူ စကားအဆုံးမှာ သူငယ်ချင်းများကို လက်ပြ၍ ထွက်သွားသည်။ အခမ်းအနားအစီအစဉ်ကတော့ မြိုင်ဆိုင်လို့နေသည်။

ထို့အတူ။

✿ ✿ ✿

## အခန်း (၂)

"ကျွိ"

"အား"

ကားဘရိတ်ဆွဲသံနှင့်အတူ လန့်အော်သံ တစ်ပြိုင်တည်း ကြားရသလို သူ့ကား တုံ့ခနဲ ရပ်တန့်သွား၏။ ကားနောက်ခန်းမှာ ထိုင်နေတဲ့ သူ့ကိုယ်လည်း လှုပ်ခနဲ့ခါကာ။

စင်ကာပူလုပ်ငန်းရှင်တစ်ဦးနဲ့ ဖုန်းစကားပြောနေတဲ့ သူ။ ဒရိုင်ဘာကို စိုးရိမ်တကြီး လှမ်းမေး၏။

"ဘာဖြစ်တာလဲ မောင်တာ"

"မှတ်တိုင်ရှေ့ ထိုးရပ်လိုက်တဲ့ ဘတ်စ်ကားပေါ်ကနေ လူအုပ်ကြီး ပြုဆင်းလာတာ။ တစ်ယောက်က အရှိန်လွန်ပြီး ကျွန်တော့်ကားရှေ့ ဆတ်ထိုးကျလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်မိပြီလား"

"နှမ်းဆီသလို ဖြစ်သွားပုံရတယ်။ ဒါကြောင့် လန့်အော်လိုက်တာ ဖြစ်မယ်"

"ဆင်းကြည့်ဦးကွ၊ ကျွတ်"

"ဟုတ်ကဲ့ ဘော့စ်"

မောင်တာ ကားမောင်းသူနေရာမှ ချက်ချင်းဆင်းသွား၏။ သူက စင်တာမှုလုပ်ငန်းရှင်နဲ့ ပြောလက်စစကားကို ဆက်ပြောနေလိုက်သည်။

"ဘာဖြစ်လဲ"

ဝိုင်းအုံကြည့်နေတဲ့လူများကို ဖယ်ပြီး မောင်တာ မေးလိုက်သည်။ ဟပ်ထိုးအကျမှာ ကားရှေ့မီးလုံးနဲ့ထိကာ လန့်သွားရှာတဲ့ မိန်းကလေး။

"ဘာ ဘာမှမဖြစ်ဘူး"

ခရီးသွားဖော်များ ဖေးမနေရာမှ ရှန်းထရင်း သူမ ပြောသည်။

"အား"

သူမ ပြောလို့ပင်မဆုံးသေး အားခနဲယိုင်ကျ၏။ မောင်တာ ကမန်းကတန်း ဆွဲထိန်းလိုက်ရသည်။

"နေဦး ထိုင်နေဦး"

"ပွမ် ပွမ် ပွမ်"

အရှေ့ထဲ နောက်က ကားတွေက ဟွန်းတီးကုန်ပြီ။





"ဟေ့ ဘာဖြစ်နေတာလဲ"

"ရှုပ်ရှင်ရိုက်နေတာ နေမယ်"

"ဟုတ်မယ်ဟ၊ သူဌေးကားကြီးနဲ့ ဆင်းရဲသားကောင်မလေးကို ချိတ်မိတဲ့ ဇာတ်လမ်းမျိုးဖြစ်မယ်"

"ဟုတ်မယ်ဟေ့၊ ကြည့်ပါဦး။ ဗိမ်ခံကားသစ်ကြီးက နက်ပြောင်နေတာပဲ။ ကားမောင်းသူနေရာက ဆင်းလာတဲ့သူဌေးသားကညီး စမတ်ကျတယ်ဟေ့"

သူ့ဒရိုင်ဘာမောင်တာက စမတ်ကျလွန်းနေသည် မဟုတ်သား။

သို့သော်လည်း ဘေးနားက တစ်ယောက်တစ်ပေါက် ဝိုင်းအုံပြောနေတာက စိတ်ပျက်ဖွယ်ကောင်းလှ၏။

မောင်တာက သူမကိုဆွဲပြီး လမ်းဘေးရွှေ့သည်။

"ရ ရတယ်"

"ခင်ဗျား ရှန်းရှန်းမထနဲ့"

ထိုမိန်းကလေးက ရှန်းထဖို့ ကြိုးစားတာမို့ မောင်တာ ဟန့်ထိုက်သည်။

"ဟုတ်သားပဲ တူမ၊ ခဏလေးငြိမ်ပြီး ထိုင်နေဦး"

"ပွမ် ပွမ် ပွမ်"

"အနောက်ကကားတွေကလည်း တစ်မှောင့်။ ခဏနေဦး အသာရွှေ့လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်တာ ပြောရင်း ကားပေါ်ပြန်တက်ဖို့လုပ်လျှင် –

"ဟေ့လူ၊ ခင်ဗျား လစ်ပြေးဖို့လား"

"ဟာ"

လူကြီးတစ်ယောက်က မောင်တာ့ ကုပ်ပိုးကို လှမ်းဆွဲပြီး ဟန့်တား၏။

ဒါမျိုးတွေ ရိုးနေပြီဆိုတဲ့ အထာမျိုးနဲ့။

"ကျွတ်"

ကားပေါ်ကနေ မြင်လိုက်ရတဲ့မြင်ကွင်းက စိတ်ပျက်ဖွယ်ရယ် သူ့မှာ အချိန်းအချက်တွေ ရှိနေတာမို့။

"ဟေ့ မောင်တာ၊ ကားပေါ်ပြန်တက်ကွ"

"ဟုတ်"

မောင်တာက ဆွဲထားတဲ့ ထိုလူကြီးလက်ကို ပုတ်ထားရင်း–

"ဖယ်ပါ ဦးလေးရာ"

"ဟာ မင်း ထွက်ပြေးရင်ကော"

"ဒါ ကျွန်တော့်အလွန် မဟုတ်ဘူး။ ကျွန်တော် ကားဘရိတ် ဆွဲလိုက်လို့ ဘာမှမဖြစ်လိုက်တာ"

"ဟုတ်သားပဲ"

မောင်တာပြောလိုက်တော့ ထိုလူကြီး တွေခနဲဖြစ်၏။ ထိုအခါ မောင်တာက ထိုလူကြီးလက်ထဲမှထွက်၍ ကားပေါ်ပြန်တက်၏။

"ဘာမှမဖြစ်ဘူး မဟုတ်လား"





"မဖြစ်ဘူး ဘော့စ်"

"အဲဒါဆိုလည်း မောင်းတော့"

"ဟုတ်ကဲ့"

သူက ကားကူရှင်မှာ ကျောကပ်မှီချရင်း စိတ်ရှုပ်ဟန်နှင့် ခေါင်းရမ်းလိုက်သည်။

"နောက်တစ်ခါ ဒါမျိုးမဖြစ်အောင် ရှောင်ကွ"

"စိတ်ချပါ ဘော့စ်"

"ဟာ"

မောင်တာ ကားကို ဂူးခနဲမောင်းထွက်ခဲ့တော့ ငေးကြည့်နေတဲ့ လူအုပ်ကြီး ပါးစပ်အဟောင်းသားနဲ့။

ဒါ ရုပ်ရှင်ရိုက်တာ မဟုတ်ဘူး။

တကယ်ဖြစ်တာ။ ပြီးတော့ တကယ်ပြေးပြီဆိုတဲ့ အမြင်မျိုးတွေနဲ့။

နေဘုရင်က ဘာကိုမှအရေးမစိုက်ပါ။

အထူးသဖြင့် ကားပေါ်က မိန်းကလေးအတွက် သူ ပိုပြီး အရေးမစိုက်နိုင်ပါ။

ထို့ကြောင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကျွတ်"

နေဘုရင် မျက်နှာသိသိသာသာပျက်ကျသွားသလို ပြောလက်စ ဖုန်းခွက်ပါ လွတ်ကျမလိုဖြစ်သွားသည်။

"ဘာဖြစ်တာလဲ နေ"

သူ့အလုပ်စားပွဲရှေ့မှာ ထိုင်နေတဲ့ လုပ်ငန်းရှင်သုံးယောက် ငြိုငြင်တွေမေး၏။ ထိုမေးသံကြောင့် ဖုန်းခွက်ကို တင်းနေအောင်ဆုပ်ကိုင်ရင်း ပျက်ကျသွားသည့်မျက်နှာကို ကမန်းကတန်း ထိန်းလိုက်ရသည်။

"ဆောရီးဗျာ"

"ဘာဖြစ်လို့လဲ နေဘုရင်"

ဦးသုတ သိချင်စိတ် လှုပ်ရှားစွာမေးလျှင် ဖုန်းခွက်ကို ဦးစွာ





ချ ပြောသည်။

"ဥရောပသွားတဲ့ ကျွန်တော့်ကုန်သင်္ဘောတစ်စင်း မြုပ်လို့တဲ့"

"ဟာ"

ဦးသုတ၊ ကိုသစ်ဦးနဲ့ ဦးမင်းရဲကျော်တို့ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကုန်သင်္ဘောတစ်စင်း မြုပ်တာက နည်းတဲ့ဆုံးရှုံးမှုမှ မဟုတ်တာ။

"ဒီလိုပါပဲ၊ တစ်ခါတစ်ခါ ထင်မှတ်မထားတာတွေ ဖြစ်တတ်တယ်ဗျာ။ ကဲပါ ခင်ဗျားတို့ စက်ရုံကိစ္စလေး ဆက်ပြီး ဆွေးနွေးကြရအောင်"

"ဟာ နေပါစေဗျာ၊ နောက်မှ ဆွေးနွေးတော့မယ်။ နေဘုရင်ကို အရမ်းအားနာတယ်။ စိတ်မကောင်းလည်း ဖြစ်ရပါတယ်"

"ရပါတယ် ဦးသုတ"

"ဟာ နေပါစေ"

"ဟုတ်သားပဲ၊ ထိခိုက်နေတဲ့အချိန်မှာ"

ကိုသစ်ဦးနဲ့ဦးမင်းရဲကျော် ကိုယ်ချင်းစာစိတ်နဲ့ ပြောလေသည်။

"ဒီလောက်လည်း မဟုတ်ပါဘူး"

သူ့ကိုယ်သူ ဣန္ဒြေမပျက်အောင် ထိန်းရင်းပြောလိုက်ရသည်။

"ရတယ်၊ နောက်မှပဲ ဆက်ဆွေးနွေးကြတာပေါ့။ ကိုယ်တို့ကို ခွင့်ပြုဦး"

ထိုပုဂ္ဂိုလ်သုံးယောက် တကယ်ကိုယ်ချင်းစာစိတ်နဲ့ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးတက်ထွက်သွားလေသည်။

ထိုအခါ နေဘုရင် ခေါင်းလေးတစ်ချက်ရမ်းရင်း သဘော ကျစွာကြီးကို ဖုန်းဆက်ရင်း သေချာမေးမြန်းရ၏။ ဒါ့ပြင် အာမခံကုမ္ပဏီကို လည်း အဆက်အသွယ်ပြုရပြန်သည်။

ကုန်သဘောတစ်စင်းနစ်မြုပ်ခြင်းက သူ့အတွက် စိတ်ထိခိုက် စရာအကြောင်း မဟုတ်ပေမယ့် ဒီနေ့အဖို့ ဒီသတင်းကြားရတာ သူစိမ်း မိန်းကလေးနဲ့ ကြုံဆုံရခြင်းရဲ့ နမိတ်ဆိုးဟု သူထင်သည်။

ဟုတ်တယ်။

မိန်းကလေးတွေက သူ့အတွက် ဘယ်တုန်းကမှ ကောင်းကျိုး မပေးလှုပါ။ သူ့အမေဖြစ်ဖြစ်၊ သူ့အစ်မဖြစ်ဖြစ်၊ သူရင်ခုန်ခဲ့ဖူးတဲ့ မိန်း ကလေးဖြစ်ဖြစ်။

သူနဲ့ပတ်သက်ရင် မိန်းကလေးတွေဟာ ဘာကြောင့် ကြမ္မာ ဆိုးတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့စေရတာလဲ။

ထိုမေးခွန်းရဲ့အဖြေကို ခုချိန်ထိ ရှာဖွေမတွေ့သေးပေမယ့် သူ့ဘဝ၊ သူ့နှလုံးသားစာမျက်နှာမှာ အနာတရဖြစ်မှုနဲ့ အကျည်းတန် မှုတွေကို ဖြစ်တည်စေတဲ့ သင်္ကေတတစ်မျိုး ဖြစ်သည်။

သို့မို့ကြောင့် မိန်းမတွေနဲ့ပတ်သက်လာရင် သူ့စိတ် သူ့နှလုံး သားဟာ အထင်အမြင်သေးမှုတွေနဲ့အတူ တန်ဖိုးမဲ့နေခဲ့သလားပဲ။

ဒါကြောင့် –

ရုံးအခ်လာမှာ သူ့ကားရှေ့ ဟပ်ထိုးကျလာတဲ့ မိန်းကလေးကို





သူ့စိတ်မှာ အလိုလိုနေရင်း အခါးခေတ်ဖြစ်တည်နေခဲ့သည်။

ထိုအခါ သူမရဲ့ပုံရိပ်က သူ့အတွက် သတင်းဆိုးကို ဆောင် ကြဉ်းပေးမယ့် ရှေ့ပြေးနမိတ်လေလား။

သူကတော့ အဲလိုပဲ ယူဆသည်။

ထို့ကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟဲ့ ဘာဖြစ်လာတာလဲ"

ခြေထောက်ကလေး ထော့နဲ့ထော့နဲ့နှင့် သူငယ်ချင်းမိသူကို အားပြုပြီး လျှောက်လာနေတဲ့ တယောချို။

ပျဉ်ထောင်အိမ်ဟောင်းလေးပေါ်ကနေ လက်တစ်ဖက် ခါးထောက်ပြီး လှမ်းမေးနေတဲ့ မေမေ့အသံက မာထန်နေပါသည်။

မိသူက မေမေ့ကို မကြည့်သလို လှမ်းကြည့်ပြီး တစ်ခုခုပြောဖို့ ပြင်သည်။ ချိုက ခေါင်းလေးရမ်းကာ တားဖ၏။

"ဟဲ့ မေးနေတယ်လေ"

"လိမ့် လိမ့်ကျတာပါ မေမေ"

"ဘာ"

ဒေါ်ထွေးထွေး ဝရန်တာမှာရပ်နေရာမှ လှေကားသုံးထစ်ကို





ဆွှာဆင်းရင်း ဆက်မေး၏။

"လိမ့်ကျတာ"

"ဟုတ်တယ် မေမေ"

"ဘယ်ကလိမ့်ကျတာတုံး"

"ကားပေါ်က အဆင်းမှာ နောက်က တိုးတဲ့သူတွေများနေတော့ ကိုယ်ရှိန်မထိန်းနိုင်ဖြစ်ပြီး ချို လိမ့်ကျတာ မေမေ"

"ဘုရားရေ"

"ဟုတ်တယ် ဒေါ်ဒေါ်ထွေးရဲ့၊ ကံကောင်းလို့သာပေါ့ နောက်ကလာတဲ့ကားနဲ့ မကြိတ်မိလို့"

မိသူ တစ်ခွန်းဝင်ပြောသည်က ပြေရာပြေကြောင်း။ ဒါကို ဒေါ်ထွေးထွေးက အသားတဆတ်ဆတ်တုန်သည်အထိ ဒေါသဖြစ်ကာ။

"ဘာ ဘာပြောတယ်၊ ကားပေါ်က ဆင်းနေတုန်း အတွန်းချခံရလို့က နောက်ကားနဲ့လည်း တိုက်မိမလို ဖြစ်တယ်၊ ဟုတ်လား တယောချို"

"ဟုတ်ပါတယ် မေမေ"

"ဟင်၊ အဲဒါ ညည်း ဘာမှပြန်မပြောဘူးလား။ အဲဒီကားနံပါတ်စီး လိုက်မှာ အပြစ်ရှိတယ်လေ"

"မေမေကလည်း ချို ဒီထက်ပိုဆိုးမသွားတာ ကံကောင်းလို့ပေါ့"

"ဘာပြောတယ်၊ ဒီထက်ပိုဆိုးမသွားတာ။ အမယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကြား,ကြားလို့မှတောင်းသေးရဲ့လား။ ပိုမဆိုးသွားဘူး ဟုတ်ရဲ့လား။ အခု ထော့နင်းထော့နင်းဖြစ်နေတာ ဘယ်သူက ညည်းကို တာဝန်ယူမှာလဲ"

"ဟင်"

မကျေမချမ်းမေးနေတဲ့ မေမေ့မေးသံနောက်မှာ ချို့ပါးစပ်လေး တအံ့တသြ ပွင့်၏။ မိသူကလည်း ဒေါ်ထွေးထွေးကို နားမလည်သလို မော့ကြည့်၏။

"ပြောကြလေ၊ ဘယ်သူက ညည်းကို တာဝန်ယူမှာလဲ။ ညည်း ဉာဏ်မရှိဘူးလား တယောချို့။ သူတို့ကားတွေကြောင့်ဖြစ်တဲ့ကိစ္စ ဒီအတိုင်း ပြန်လာခဲ့တာ ညည်းရူးနေလား"

"ဟင်"

ချို့နဲ့မိသူ အံ့သြကာ ပါးစပ်အဟောင်းသား ဖြစ်သွားပြန်သည်။ ဒေါ်ထွေးထွေးက ချို့ပခုံးစွန်းကို အားနဲ့ဆုပ်ကိုင်လှုပ်ခါရင်း ဆက်ပြော၏။

"အခု ညည်းခြေထောက်က ထော့နင်းဖြစ်နေပြီ။ ထော့နင်းဖြစ်နေတဲ့ ခြေထောက် ပြန်ကောင်းဖို့ ဘယ်ကပိုက်ဆံနဲ့ ကုမလဲ။ ပြီးတော့ ဒီခြေထောက်ကြောင့် ညည်း အလုပ်မဆင်းနိုင်ရင် ဘယ်သူက တင်ကျွေးမှာလဲ။ ညည်း ဒါတွေ မစဉ်းစားမိဘူးလား"

"မေမေ"

"ညည်း ငါ့ကိုမခေါ်နဲ့။ အဲဒီအတွက် ဘယ်သူက တာဝန်ယူမှာ





ထဲ ပြောစမ်း တယောချို့။ ညည်းမှာ အဲသလောက်တောင် တွက်ချက်လို့ မတတ်တော့ဘူးလား။ သူတို့ကြောင့် ညည်းခံရတာလေ။ ဘာလို့ လျော်ကြေးမတောင်းဘဲ လှည့်ပြန်ခဲ့တာလဲ"

"ဘုရားရေ"

ချို့ ရင်ဘတ်လေး ဖိမိသွားသည်။ လက်စသတ်တော့ မေမေ အ လျော်ကြေးမတောင်းလို့ ပွက်နေတာကိုး။

"ဘုရားတ,မနေနဲ့၊ ညည်း အရူးထပြီး လျော်ကြေးမတောင်းဘူး မဟုတ်လား"

"မေမေရယ်"

ချို့ရင်မှာ ဝမ်းနည်းခြင်းဖြင့် ထိထိရှရှ ခံစားရလေသည်။ မိသူလည်း ထိုနည်းလည်းကောင်း ခံစားရကာ။

"ဒေါ်ဒေါ်ရယ်၊ ဘယ်သူမှ ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်လိုက်တာ မဟုတ်ဘူး။ မတော်တဆဖြစ်သွားတာ၊ ဆိုးဆိုးဝါးဝါးလည်း ဘာမှဖြစ်တာမဟုတ်ဘူး။ ခြေထောက်က ကျတဲ့အရှိန်နဲ့ ခေါက်ပြီးနာသွားတာ နေမှာပါ"

"ညည်း လေမရှည်နဲ့မိသူ။ ဟိုဘက်ကို ကာကွယ်ပြောရအောင် အဲဒီကားမောင်းတဲ့သူတွေက ညည်းလင်တွေမို့လား"

"တောက်"

မိသူ ဒေါသဖြစ်ကာ လက်ချောင်းလေးတွေကို ကျစ်အောင် ဆုပ်မိသွားသည်။ ဒါ့ပြင် ဒေါ်ထွေးထွေးကိုလည်း မျက်မုန်းကျိုးစွာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်လျက်။

ဒီလို မိခင်မျိုးရထားတဲ့ ချို့အတွက်လည်း ရင်နာနေမိသည်။

"တော်ပါတော့ မိသူရယ်၊ ချို့ တောင်းပန်ပါတယ်"

"အောင်မာ ညည်းကပါ ဟိုလင့်တွေဘက် ပါနေပါလား။ နေစမ်းပါဦး။ ညည်း ထော့နဲ့ဖြစ်နေတာ။ ဘယ်လိုဆေးကုမလဲ။ အလုပ် မဆင်းနိုင်လို့ နေ့တွက်ဝင်ငွေလျော့ရင် ညည်း ဘာနဲ့သွားစားမလဲ"

"ချို့ဘာသာ စီမံပါ့မယ် မေမေရယ်၊ ဒီကိစ္စ ပြောမနေပါနဲ့တော့။ ချိုဖြစ်တာ ချိုပဲခံမယ်"

"ခံ ခံ ညည်းဘာညည်းခံ။ ငါ မခံနိုင်ဘူး။ လောလောဆယ် သုံးဖို့စွဲဖို့ တစ်ကျပ်မှမရှိဘူး။ ညည်း ကြံဖန်ပေးဦး။ မနက်ဖြန် ငွေသုံးသောင်းလိုတယ်။ အဆင်သင့်ရှာထား။ ငါ မပြွဆီ သွားလိုက်ဦးမယ်"

ဒေါ်ထွေးထွေး စိတ်ထဲရှိတဲ့အတိုင်း မေးလေးငေါ့ရင်းပြောဆိုကာ ခြံပြင်ထွက်သွားလေသည်။

မိသူနဲ့ချို့သာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ရင်မောစွာကျန်ရစ်ခဲ့သည်။

"ချို့အမေစိတ်ခါတ်က ဘာချည်းလဲဟာ"

"မိသူရယ် ရှင်ကြားတဲ့အတိုင်း၊ မြင်တဲ့အတိုင်းပဲလေ။ ကဲလာ အိမ်ပေါ်တက်ရအောင်"

"ဟဲ့ ဖြေး ဖြေး"





"ရပါတယ်ဟာ"

"ရပါတယ် လုပ်မနေနဲ့၊ ဖြေးဖြေးတက်။ အိမ်ပေါ်ရောက်ရင် ဒီမ်းဆေးလိမ်းပေးမယ်။ လိမ်းဆေးရှိရဲ့လား"

"မရှိတော့ဘူးထင်တာပဲ။ ပုပုတို့ဆိုင်က လင်ဖီးဒဏ်ကြေး ဆေးတစ်ဘူး အကြွေးဝယ်ရဦးမယ်"

"အကြွေးဝယ်မနေနဲ့၊ အိမ်မှာကြည့်လိုက်မယ်။ ရှိရင် မိသူအိမ် ယူခဲ့မယ်"

"အေး မရှိရင် ပုပုတို့ဆီက ယူခဲ့။ ချို ထိုင်စောင့်မယ်"

"ကောင်းတယ်၊ အပေါ်မတက်နဲ့ဦး။ မိသူလာမှ အတူတူတက်မယ်။ လှေကားဆင့်မှာ ထိုင်နေလိုက်"

"အေးပါ မြန်မြန်သွား"

မိသူက ချို့ကို စိတ်မချသလို ငဲ့ကြည့်ရင်း ထွက်သွားရှာသည်။

ချို့မှာသာ မျက်ရည်လေး အဝဲသားနဲ့ ထိုင်ချရင်း နာကျင်စွာ ကျန်ခဲ့သည့်အဖြစ်။ ထိုအဖြစ်က ဘယ်ဘဝက ဝဋ်ကြွေးကြောင့်လဲ။ ပြောပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အင်း"

မျက်လုံးလေး မှေးမှိတ်၍ ဖိမ်ခံနေရာမှ သူ့ရင်ထဲ ကျေနပ်... အသံတိုးတိုးလေး ရှန်းထွက်သွားသည်။

ထိတွေ့နေသော လက်ချောင်းလေးများက အားပါသလို တ... ကိုယ်လုံးရှိ အကြောအချင်ပေါင်းစုံကို ဖမ်းထားနိုင်တဲ့ လျှပ်ရှားမှု... ဖြစ်နေသည် မဟုတ်လား။

လက်ဖဝါးလေးနဲ့ ဖိနှိပ်တဲ့အခါတိုင်း ကျောပြင်တစ်လျှော... နွေးနွေးလေးပူလာကာ သွေးကြောကလေးများကိုပင် လှုပ်ခုန်သွားသ... လား အောက်မေ့ရသည်။

သူ အကြိမ်ကြိမ် အနှိမ်ခံဖူးခဲ့သည်။

ဒီလက်ချောင်းကလေးများရဲ့ အနှိပ်စွမ်းအားလို အကျော...





...တွေ ရှိန်းထပေါ့ပါးသွားစေတာမျိုး မကြုံဖူးပေ။

အထူးသဖြင့် –

တစ်ကိုယ်လုံးရှိ အကြောပေါင်းများစွာ ပွင့်ထွက်ပြီး ဖြန်းခနဲ ...တ်သွားအောင် လက်ချောင်းလေးတွေကို အားထည့်ပြီး ဖိနှိပ် ...တဲ့ အနှိပ်ပါဝါမျိုးနဲ့ ဒီတစ်ခါဖူးပဲ ကြုံဆုံခံစားဖူးတာမို့ သူ့အာရုံပါ ...ည်လင်သွားသလား အောက်မေ့ရသည်အထိ အနှိပ်ခံလို့ကောင်းနေခဲ့ ...ည်။

ထို့ကြောင့် သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းကာ နှစ်သက် ...နှင့် ကျေနပ်ခြင်းတို့ ဖြစ်တည်သွားခြင်း ဖြစ်သည်။

"ရပြီ"

သူ ကျေနပ်စွာပြောလိုက်လျှင် သူ့ကျောပြင်ထက်မှ ရွေ့လျား ...တဲ့ လက်ချောင်းလေး တန့်သွား၏။

မှိတ်ထားတဲ့မျက်လုံးကို ဖွင့်သလို မှောက်အိပ်နေတဲ့ကိုယ်ကို ...ည်း ပက်လက်လှန်ကာ အနှိပ်ခံဆိုဖာခုံမှ ရှန်းထရင်းပြော၏။

"ကျေးဇူးပဲ"

ဘယ်အနှိပ်သည်ကိုမှ ကျေးဇူးတင်ကြောင်း ပြောဆိုဖို့ ဝန် ...လေးတတ်တဲ့သူ။

ဒီတစ်ခါတော့ လွှတ်ခနဲ ပြောမိသွားသည်။

"ရပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်။ နောက်လိုအပ်တဲ့ ...ခါ ခေါ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တရစပ်ပြောတဲ့အသံရှင်ကို ဖျစ်ခနဲကြည့်မိသွားသည်။ ထိုအခါ သူ့အကြည့်တို့ စူးစူးစိုက်စိုက် ဖြစ်သွား၏။

ဒီမိန်းကလေး။

ခေါင်းမှာ ဝါဖြူလေးစည်းနှောင်ထား၏။

အနက်ခံမှာ အဖြူရောင်အနားကွပ်ထားတဲ့ အဲရိုးမာဆတ်ရဲ့ သူနီဖောင်းဝတ်ထားတဲ့ သူမ။

မြင်ဖူးသလိုပဲဟု စိုက်ကြည့်ကာမှ မှတ်မိသွားသည်။

သူ့ကားရှေ့ လေးဘက်ထောက်ကျဖူးတဲ့ မိန်းကလေး။

"ခင်းက"

သူ့ရင်ထဲမှာ မနှစ်မြို့ခြင်းတွေ ချက်ချင်းဖြစ်တည်သွား၏။ ထို့ကြောင့် မေးလိုက်လျှင် သူမ မဝံ့မရဲ မျက်လုံးလေးတစ်ချက် လှန်ကြည့်၍—

"အဲဒီ့စင်တာကပါ လူကြီးမင်း ကျေနပ်ရဲ့လား"

"ခင်း ပြန်မမေးနဲ့ ခင်လေး"

"ရှိပါတယ် သူဌေး"

အခန်းဝမှ အသင့်စောင့်နေတဲ့ သူ့ရုံးဝန်ထမ်းမိန်းကလေး သူ့ရှေ့ ချက်ချင်းရောက်လာသည်။

"ဒီမိန်းကလေးကို နောက်တစ်ခါ ခေါ်မလာနဲ့"

"ဟုတ် ဟုတ်ကဲ့ပါ သူဌေး"

"လာ တယောချို"

မိန်းကလေးတအုပ်တိုက်



ခင်လေးက သူမ လက်ကလေးကိုဆွဲပြီး ခေါ်ထုတ်သွား၏။

သူမက မျက်လုံးလေးအပြူးသားနဲ့ ခင်လေး ဆွဲခေါ်ရာနောက် …ဘုနှင့်ခြေလှမ်းဖြင့် ပါတော်မူသွားသည်။ သူ သက်မချကာ ခေါင်း …ချမ်းပစ်လိုက်သည်။

"ကျတ်"

လက်စလေးကောင်းပေမယ့် သူ့စိတ်ကို အနှောင့်အယှက်ဖြစ် …သည့် မိန်းကလေး။

သူ့စိတ်ကို အနှောင့်အယှက်ဖြစ်စေတဲ့ ဘယ်မိန်းကလေးကိုမှ …သူ မမြင်လိုပါ။

ဒါကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မချို"

"ဟင်"

အဲရိုးစင်တာအပြင်ဘက်သို့ ခြေလှမ်းထွက်လာရုံရှိသေးသည်။ ဆီးခေါ်တဲ့အသံကြောင့် တယောချို တအံ့တသြ ဖြစ်သွားသည်။ ထိုအခါ သူမ နှုတ်ကလည်း –

"မောက်မောက်"

ဟု ခေါ်သံလေး ခုန်ထွက်သွားသည်။

"မချိုကလည်း ကိုယ့်မောင်လေးကိုမြင်တာ ဘာဖြစ်လို့ တအံ့တသြ ဖြစ်နေရတာလဲ"

မောက်မောက်က ချို အံ့သြနေတာကို မနှစ်မြို့သလို ပြောခြင်း ဖြစ်သည်။





"အံ့သြရတာပေါ့ မောက်မောက်ရဲ့"

ချိုပြောလိုက်တော့ မောက်မောက် ကျွတ်ခနဲ စုတ်သပ်၏။

"ကျွတ် မချိုရာ၊ ဘာ အံ့သြစရာရှိလဲ"

"ရှိတာပေါ့။ မောက်မောက်ပဲ ပြောတယ်လေ၊ မချို ဘာကြောင့် မာဆတ်မှာ အလုပ်လုပ်တာလဲ၊ ဘာလဲ ညာလဲနဲ့ ပေါက်ကရဆွေ ဝေဖန်ပြီးတော့"

"အဲဒါ အရင်က၊ အခုက အခု"

"အခု ဘာတို့စွလဲ ပြော"

"မချို ဒီနေ့လစာထုတ်ရက် မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒါကြောင့် မချိုကို အားကိုးပြီးလာတာ"

"ဘာ"

တယောချို ကိုယ်လုံးလေးပါ တုန်ခါမတတ် ဖြစ်သွားသည်။ အားကိုးပြီးလာတာတဲ့။ ဒီစကားက သူမလခကို မရမက တောင်းယူဖို့ဆိုတာ သေချာနေသည်။

ဒါကြောင့် –

တယောချိုမျက်နှာလေး ပုံပန်းပျက်ယွင်းသွားပြီး မောင်ဖြစ်သူကို တွန်းဖယ်၍ ဘတ်စ်ကားမှတ်တိုင်ဘက် လျှောက်ထွက်ခဲ့သည်။

"မချို"

မောက်မောက်က အားမလိုအားမရဖြစ်လာပြီး အစ်မဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး လှမ်းဆွဲ၏။

"မချို"

"ကျွတ် ဖယ်"

"မချိုနော် မောက်နဲ့မချိုက မောင်နှမအရင်းချည်းပါ"

"အံမယ် မောင်နှမအရင်းကြီးတဲ့"

"နောက် မဟုတ်လို့လား"

"မောက်ကို မွေးကတည်းက မောက်နဲ့မချို မောင်နှမအရင်းချည်းဆိုတာ သိပြီးသား"

"သိသိချည်းနဲ့ မချိုရာ။ မောက်ကို ကူညီစမ်းပါ။ မောက် အရေးကြီးနေလို့"

"မောက် ဘယ်တုန်းက အရေးမကြီးတာ ရှိခဲ့ဖူးလို့လဲ"

"အခုက ပိုအရေးကြီးတယ် မချိုရဲ့"

"ဟွန်း"

တယောချို နှုတ်ခမ်းလေးမဲ့ပစ်လိုက်သည်။ ပိုက်ဆံဆိုတာ မိုးပေါ်က ကျလာတယ်များ ထင်နေလားမသိဘူး။

ဘာအလုပ်မှ လက်ကြောတင်းအောင်မလုပ်တဲ့အပြင် အစ် လုပ်စာကို အခန့်သားထိုင်စားနေရုံမက သူ့ကိုယ်သူ သူဌေးသားလို ကြော့မော့နေအောင် ပြင်ဆင်ပြီး ကိုးချင်းကိုးချင်း လျှောက်သွားနေတဲ့ မောင်ဖြစ်သူရဲ့ အရေးတကြီးငွေလိုနေမှုက ဘာကြောင့်ဆိုတာ မေ မလို။





ချို သိနှင့်နေသည်။

ဖုန်းဝယ်ဖို့ အရေးကြီးပြီ။ ဂျင်းဘောင်းဘီဖိုင်းသစ်ဝယ်ဖို့ အရေးကြီးပြီ။ K ပေါ့ရှိုးပွဲ ကြည့်ဖို့ အရေးကြီးပြန်ပြီ။ စသည်ဖြင့် ောက်မောက်မှာ အရေးတကြီး ငွေလိုတာတွေ များလွန်းလှပြီ။

ဒါ့ပြင် တောင်းလို့မရရင် ခါးပြတိုက်သလို လုယူလေ့ရှိတဲ့ မောက်ရဲ့စရိုက်ကို ချို မနှစ်မြို့နိုင်တော့ပါ။

ထို့ကြောင့် ချို နှုတ်ခမ်းမဲ့လျက် ရှေ့လျှောက်ထွက်ခဲ့မိသည်။ ောက်မောက်က ဖွဲမလျှော့ပါ။

"မမချိုရာ ဒီတစ်ခါ အရမ်းအရေးကြီးလို့ပါ။ ရွှေစင်ဝင့်ဝင့် နဲ့ မောက်ကို အဖြေပေးမယ်လို့ ချိန်းထားတာ။ ဝင့်ဝင့်အကြိုက်ဖြစ် အောင် မောက်က အဆင့်မြင့်စားသောက်ဆိုင်က အထူးခန်းမှာ ဆိုဖို့ ထားတယ်။ အဲဒီအတွက် ငွေလိုနေလို့ မမချို။ မောက်မှာ တစ်ပြားမှ ဘူး။ အဲဒါကြောင့် မမချို လခထုတ်တဲ့ရက်မှာ ချိန်းတွေ့ဖို့ ရွေးလိုက် သိပ်အများကြီး မဟုတ်ဘူး။ မမချိုထုတ်တဲ့လစာနဲ့ဆို လောက်ပါ ယ် မမချိုရဲ့"

"တောက်"

ချို နှုတ်ခမ်းလေး ဖိကိုက်လိုက်မိသည်။

ချို့လစာနဲ့ဆို လုံလောက်သတဲ့။ ဘုရားရေ၊ ချို့တစ်လခစာက နှစ်ယောက် တစ်ခါချိန်းတွေ့ရုံနဲ့ ကုန်လောက်သတဲ့လား။

"မမချို"



www.burmeseclassic.com

www.burmeseclassic.com



"နင် ရှူးနေလား မောက်မောက်"

"ဟာ မမချိုကလည်း ရှူးနေမှတော့ မောက်မောက် လမ်းပေါ် လျှောက်ပြေးနေမှာပေါ့။ မချိုဆီမှာ အောက်ကျခံပြီး တောင်းနေမတဲ့ လား။ ပေးပါ မမချိုရာ။ ဝင့်တို့က အထည်ကြီးတွေ။ မောက်ဘက်က ဒီလောက်မှ လုပ်မပေးနိုင်ရင် ဝင့် စိတ်မကောင်းဖြစ်သွားမှာပေါ့။ ပြီးတော့ ဝင့်နဲ့မောက် လက်ထပ်ခွင့်ရရင် မချိုတောင် မျက်နှာကြီးဦးမှာ။ ဝင့်မိဘက ကုမ္ပဏီပိုင်ရှင်။ ဝင့်ကိုယ်တိုင်လည်း ဆေးကျောင်းတက်နေ တာလေ။ ဆေးကျောင်းသူလောင်း"

"တော်တော့ မောက်"

"မချို မချို မညစ်ပါနဲ့၊ ပေးစမ်းပါ"

မောက်မောက်က အကျိုးအကြောင်းပြပြီး တောင်းနေပေမယ့် မချိုက မျက်နှာကြီး တင်းပစ်ကာ ဟစ်ပေါက်နေသည်။ ထိုအခါ မောက်မောက် စိတ်မထိန်းတော့ပါ။

မချိုလွယ်ထားတဲ့ ရာမားစူးထီးအိတ်လေးကို လက်မြန်မြန်နှင့် ဆွဲယူလိုက်၏။

"ဟဲ့ မောက်"

"မချိုရာ၊ မောက် ကောင်းစားမယ့်အရေးကို ကူစမ်းပါ များများမယူပါဘူး၊ မချိုရဲ့တဲ့ ဒီတစ်လစာတည်းပဲ"

"တောက် ငမောက်"

ချို ဒေါသထွက်ကာ မောက်မောက်လက်ထဲက အိတ်ကို





ပြန်လုရ၏။ မောက်မောက်က အလုမခံ။ အိတ်ကို ဆွဲဖွင့်၏။

ချိုက အားနဲ့လှမ်းဆွဲ၏။

ထိုအခါ အိတ်ဟောင်းလေးက ပြဲခနဲ အသံမြည်ပြီး ပြကာ အထဲက ရှိသမျှ လွင့်ကျကုန်သည်။

ကျတဲ့အထဲက ဖောင်းတင်းနေတဲ့ ပိုက်ဆံအိတ်အသေးလေး တို့ မောင်နှမနှစ်ယောက် ပြိုင်တူလုကောက်၏။

မောက်မောက်က အလုကောက်မခံ။ အစ်မကို ကိုယ်နဲ့ တိုက် ခံလိုက်၏။

"အား"

ချို မထင်မှတ်ဘဲ လွင့်ခနဲ ဖင်ထိုင်လျက်ကျ၏။ ထိုအခါ မောက်မောက်လက်က လျှပ်စစ်လိုမြန်ပေသည်။

ပိုက်ဆံအိတ်အသေးလေးကို ဖက်ခနဲကောက်ကာ ပြေးထွက် သွားလေသည်။

"ဟဲ့ မောက်"

ချို ဒေါသနဲ့အော်ဟစ်သံနောက်မှာ မျက်ရည်စတွေ ဝဲလာသည်။ မောက်မောက်က ပိုက်ဆံအိတ်ဖောင်းဖောင်းလေးကို မြတ်မြတ်နိုးနိုး နမ်းရှိုက်လျက်။

လာနေတဲ့ တက္ကစီတစ်စီး လှမ်းတားကာ ထိုတက္ကစီကားပေါ် သွားခနဲ တက်သွား၏။ ဒါတောင် အစ်မလုပ်သူ အမြင်ကတ်အောင် တာတာလုပ်ပြသွားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

တယောချို တောက်ခတ်လိုက်လျှင် မျက်ရည်တစ်စ ပလတ် ဖောင်းဝေ ခုန်ချက်။

ဝလက်ဖောင်းမှာ ပြန့်ကျဲနေတဲ့ အိတ်အပြ။ ထိုအထဲက ထွက်ကျကျန်ခဲ့တဲ့ လိမ်းဆေးပုလင်း။ ရှုဆေးဘူး။ တစ်ရှူးထုပ်နဲ့ ဘီး သေးသေးတစ်ချောင်း။

စသည်တို့ကို တစ်ခုချင်းကောက်မိလျှင် ချို့မြင်လွှာတွေ မှောင် သွားသလား အောက်မေ့ရသည်။

ငမောက်။

နင့်ကို အမေနဲ့ တိုင်ပြောမယ်။

တောက်။

✿ ✿ ✿

## အခန်း (၄)

နွေလေက ပူလှ၏။

အရိပ်ကင်းမဲ့တဲ့ လမ်းတစ်လျှောက်ဟာ ချို့ဘဝနှယ်။ ဒါ့ပြင် ကျဲကျဲတောက်နေတဲ့ နေရောင်အောက်က ပတ်ကြားအက်နေတဲ့ ရေကန်ကြီးက ဝေဒနာအပူတို့ ခင်းကျင်းပြသနေသည့်နှယ်။

ရှိန်းရှိန်းထ ပူနေတဲ့ နေရောင်အောက်မှ ထိုရေကန်ကြီးသည် ချို့နှယ် ဝေဒနာတွေနဲ့ အထီးကျန်လှသည်။

ဟုတ်တယ်လေ။

ချို့ဘဝဟာလည်း ပတ်ကြားအက်နေတဲ့ ရေကန်ကြီးနှယ်။

"ဟော့ ချို"

ခြောက်သွေ့နေတဲ့ ရေကန်ကြီးကို တငေးငေးတွေးကြည့်ရင်း ညည်ရာမဲ့ လျှောက်သွားနေတဲ့ ချို။



www.burmeseclassic.com

www.burmeseclassic.com



လေပူသယ်ဆောင်လာတဲ့ အသံလှိုင်းမှာ ချို့နာမည်ကို လာ ရိုက်၏။

"ချိုရေ ဟေ့ချို"

လှည့်မကြည့်ပါဘဲ မိသူဖြစ်မှန်း ချို သိနှင့်သည်။

"ချို့ကို ရှာလိုက်ရတာ တကတဲ။ အဲ့ပါရဲ့ နေပူအောက်မှာ လာသာနေသလား အောက်မေ့ပြီး လျှောက်သွားနေတာ။ လာ လာ ထီးရိပ်အောက်ကို"

မိသူက ပြောရင်းဆိုရင်း ချို့အပါး အပြေးကလေးလာကာ ဆောင်းလာတဲ့ထီးရိပ်အောက်သို့ ချို့ကို ဆွဲသွင်း၏။

ထီးရိပ်ကြောင့် အပူရှိန်သက်သာပေမယ့် ရင်ထဲမှာ လေပူတွေ တဟဲဟဲတိုက်နေသလား အောက်မေ့ရသည်။

"လာချို ဒီမှာ စားစရာတွေပါတယ်။ ငါတို့နှစ်ယောက် ဟို ညောင်ပင်အောက်မှာ ထိုင်ပြီး ပျော်ပွဲစား စားကြတာပေါ့"

မိသူက လက်တစ်ဖက်က ဆွဲလာတဲ့ခြင်းတောင်းလေးကို မ,ပြရင်း မိသူ အားရဝမ်းသာပြောလေသည်။

"လာပါဟယ်၊ စိတ်ညစ်စရာတွေချည်း ဖိတွေးလို့ ဘယ်ဖြစ်မလဲ၊ လာစမ်းပါ"

မိသူက ပြောဆိုဆွဲခေါ်လေတော့ ချို ရှောင်ဖယ်လို့မရဖြစ်ကာ မိသူရဲ့ထီးရိပ်အောက် ပါလာသည်။

ညောင်ပင်ရိပ်အောက်ရောက်တော့လည်း ပူလောင်ခြင်းတို့





သက်သာကာ။ ဆွဲခြင်းလေးအလယ်မှာချ၍ နှစ်ယောက်သား ထိုင်ချမိသည်။

"ချို့အကြိုက် ဂျင်းလက်ဖက်ချဉ်စပ်နဲ့ ထမင်းဖြူ။ ပြီးတော့ အေးအေးတို့ အကြော်ဆိုင်က ဘူးသီးချောင်းကြော်လည်းပါတယ်ဟ။ အဲဒါနဲ့ ရေနွေးဓာတ်ဘူးလေးပါ ထည့်ခဲ့တယ်။ ချို စိတ်ညစ်ခြင်းအထိမ်းအမှတ် ပျော်ပွဲစားပေါ့"

မိသူက ရွှင်ရွှင်လေးပြောရင်း ပလတ်စတစ်ပိုင်းလေး ဖြန့်ခင်းကာ ထိုအပေါ်မှာ ထမင်းချိုင့်၊ အကြော်ထုပ်နဲ့ ရေနွေးဓာတ်ဘူးလေးကို ချလေသည်။

အကြော်ကြွပ်ကြွပ်လေးတွေမြင်တော့လည်း ချို့စိတ်က ထိုသို့ ရောက်၏။

"ကျေးဇူးပါပဲ မိသူရယ်"

"ချိုရယ် သူစိမ်းဆန်ဆန်မပြောပါနဲ့လား"

"သူစိမ်းဆန်တာ မဟုတ်ပါဘူး။ တကယ် ကျေးဇူးတင်လို့ပါ"

"မလိုပါဘူး ချိုရယ်။ ချို ဘယ်လောက်ထိ ညစ်နေမလဲဆိုတာ မိသူသိပါတယ်။ ကဲ ရော့ . . . ဒီမှာ ထမင်းဖြူချိုင့်။ လက်ဖက်သုပ်နယ်ခဲ့တယ်။ မမြည်းရသေးဘူး။ ချို မြည်းကြည့်ပါဦး"

မိသူ ပြောဆိုရင်း လက်ဖက်သုပ်ချိုင့်ခွက်လေး ထိုးပေး၏။ ချိုတာ လက်ဖက်ဖွန်းလေးကိုင်ပြီး မြည်းမလို့ လုပ်လျှင် မျက်ဝန်းထောင့်၌ နတ်စင်လေးကို ရိပ်ခနဲ့ မြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုင်ရာမှထ,ကာ ညောင်ပင်ပင်စည်မှာကပ်လျက် ဆောက်ထားတဲ့ နတ်စင်အိမ်လေးဆီ ထသွား၏။ သူတစ်ပါးကပ်ထားတဲ့ နတ်ဆွမ်းတော်အဟောင်းကို စွန့်၍ နတ်ဆွမ်းအသစ်တင်ဖို့ ပြင်ဆင်လိုက်သည်။

"ဟုတ်သားပဲ၊ ဆော်ရီးချို့ရယ်။ မိသူ မေ့သွားတယ်။ ဆော်ရီးပါ နတ်မင်းကြီးရယ်၊ မိသူကို ခွင့်လွှတ်ပါ"

မိသူက နတ်စင်ရှေ့သွားပြီး လက်အုပ်ကလေးချီ၍ တိုးတိုးပြော၏။

ထမင်းဖြူ၊ လက်ဖက်နှင့် အကြော်ချောင်းလေးတွေကို ဝန်းကန်လေးထဲ လှလှပပစီထည့်၍ နတ်စင်မှာ တရိုတသေ ကပ်လေသည်။

ဒါ့ပြင် ရေနွေးကို ခွက်ငယ်လေးနဲ့ထည့်၍ ကပ်ရင်း ရင်ထဲမှာလည်း ဆုတောင်းမှုတစ်ခု ပြုမိ၏။

အလုပ်တစ်ခု အမြန်ရပါစေပေါ့။

ထို့နောက် နှစ်ယောက်သား ထိုင်ပြီးစားသောက်ကြ၏။ စားသောက်နေရင်း မိသူက သိလိုလှတဲ့ အကြောင်းအရင်းကို မေး၏။

"ဒါနဲ့ ချို ... အဲရိုးစင်တာက အလုပ်ထုတ်လိုက်တာ တကယ်ပဲလား"

ချို လက်ဖက်သုပ်လေး မြို့ရင်း ခေါင်းလေးညိတ်မိ၏။

"ဘာ့ကြောင့်လဲ"

မိသူက ဒါကိုပဲ သိချင်နေတာလေ။ ချိုက လက်ဖက်သုပ်လေး





မြို့ထားဆဲနှင့် သက်မရှည်ကြီးချလေသည်။

ဒီအကြောင်းတွေ ဘယ်လိုပြန်ပြောရမလဲ။

ထိုနေ့က ဘော့စ်တစ်ဦး အနိုင်ခံမည်ဆို၍ အဲရိုးအနိုင်စင်တာရဲ့ ကြီးကြပ်သူ ဒေါ်သော်တာက ပန်းနုနဲ့အတူ ချို့ကို လွှတ်၏။

"ချို သေချာဂရုစိုက်နော်။ အဲဒီဘော့စ်က နယ်နယ်ရရ မဟုတ်ဘူး။ သူ့စိတ်ကျေနပ်အောင် ဝန်ဆောင်မှုပေးရမယ်"

"ဟုတ်ကဲ့ အန်တီသော်တာ"

"ကဲ ... သွား၊ ပန်းနုလိုက်သွား"

ဒီလိုနှင့် အန်တီသော်တာခိုင်းတဲ့အတိုင်း ပန်းနုနဲ့အတူ ထိုဘော့စ်ရှိရာ သွားခဲ့သည်။

ချို အလုပ်ဝင်တဲ့ အဲရိုးစင်တာ၊ တခြားစင်တာတွေနဲ့ မတူပါ။ အပြင်ထွက်ပြီး အနှိပ်ခံမယ့် ဘော့စ်တွေရှိရာသွားရရင် ဘယ်တော့မှ တစ်ယောက်တည်း မလွှတ်ပါ။

ဂုဏ်သိက္ခာအတွက် လုံခြုံမှုရှိရေးအတွက် အစဉ်အမြဲ အဖော်နဲ့ သွားကြရသည်။ ဒါကြောင့်မို့ အဲရိုးစင်တာရဲ့ အကာအကွယ်ပေးမှုကို ချို ကျေနပ်သဘောကျ၏။ ထို့ကြောင့် ချို့ဘက်က အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးခဲ့သည်ချည်း။

ထိုနေ့ကလည်း အနှိပ်ခံသည့်ပုဂ္ဂိုလ် ကျေနပ်မှုရှိစေဖို့ ချို ကြိုးစားခဲ့သည်။ သို့သော် အနှိပ်ခံပြီးတော့မှ ချို့ကို မနှစ်မြို့ခြင်း အာရုံကြည့်ပြီး နှင်ထုတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘာကြောင့်လဲ။

သို့သော်လည်း ပန်းနုက ဒေါ်သော်တာ့ကို ပြောပြလို့ မဆုံး သေးခင် တစ်ဖက်က ဖုန်းဆက်ပြီး ဘာပြောသည်မသိပါ။

"ကဲ ... တယောချို့ နောက်နေ့ကစပြီး အလုပ်နားလိုက် တော့"

"ရှင်"

"ရော့ ဒီမှာ လစာ"

ဒေါ်သော်တာ မျက်နှာတည်နှင့်ပြောရင်း လစာထိုးပေး ချိုက ဝမ်းနည်းလွယ်စွာ မော့ကြည့်၍ –

"အန်တီသော်"

ချို့ခေါ်သံလေး မဆုံးလိုက်ပါ။ အန်တီသော်တာက လက်ဖ လေးနှင့် နှင်ထုတ်၏။

ထိုအခါ –

စားပွဲပေါ်တင်ထားတဲ့ ချို့လစာလေးကို ချို ဆုပ်ကိုင်ရ လှည့်ထွက်ခဲ့ရတဲ့အဖြစ်။

"အခိပ္ပာယ်မရှိလိုက်တာဟယ်"

မိသူက အကြော်ချောင်းလေးကို မစားနိုင်သေးဘဲ ချို့ဘ က ခံပြင်းစွာ ပြော၏။

"ဟုတ်တယ် မိသူရယ်။ ချိုလေ အတော်စိတ်ခါတ်ကျ တယ်။ ဘယ်သူမှ ချို့အနှိပ်ပညာကို သဘောမကျတာ မရှိခဲ့ဖူး





ဒီသော့စ်ကမှ သဘောမကျတာ"

"သူ သဘောမကျတာက မကျတာပေါ့။ အလုပ်ထုတ်ပစ်ဖို့ ထိ ပါဝါသုံးတာတော့ တရားလွန်လွန်းတယ်"

"ဟုတ်တယ် မိသူ၊ သူတို့သူဌေးတွေရဲ့ စကားတစ်လုံးက ကို ဆင်းရဲသားတွေအတွက် ဘဝယိုင်နဲ့သွားစေတဲ့ ဆေးခါးတစ်မျိုးပဲ"

"ဆေးခါးမဟုတ်ဘူး။ ဘဝပျက်ဆေးနဲ့တူတယ်"

မိသူ မခံမရပ်နိုင်ပြောသော်လည်း ချို ဝင်မပြောတော့ပါ။ တ်ဖက်သုပ်နဲ့ ထမင်းဖြူလေးသာ ခပ်စားနေမိသည်။

မိသူက စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်ရပေမယ့် ရင်ထဲမှာ တယ်မကောင်းပါ။

အကာအကွယ်အပြည့်အဝပေးတဲ့ အနှိပ်သမတစ်ဦးအတွက် ရှိစင်တာမှ၊ အလုပ်အထုတ်ခံရတာက အခြေအနေဆိုးလှသည်။

အနှိပ်စင်တာအများစုရဲ့ သူဌေးတွေက အနှိပ်သမတွေရဲ့ ကြိုးရေးကို အလေးထားလေ့ရှိတာ မဟုတ်ဘူး။

ဒါကြောင့် ချိုက တခြားအနှိပ်စင်တာတွေမှာ အလုပ်ဝင်ဖို့ တွေ့မရှိပါ။

အဲဒီတော့ ဘဝရပ်တည်ရေးအတွက် ခက်ပြီးပေါ့။

"ကဲပါဟယ်၊ ချို့အတွက် ဒီအလုပ်တစ်ခုရအောင် မိသူ ရှာပေးပါ့မယ်။ အားမငယ်ပါနဲ့။ လောလောဆယ် လစာလေးရထား ထုန်း ချွေတာသုံးစွဲပြီး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ မိသူရယ်။ လစာအကြောင်း မပြောပါနဲ့တော့ ချို မခံစားနိုင်လို့ပါ"

ပြောနေရင်း ချို တကယ် ဝမ်းနည်းရ၏။

အလုပ်အဖြုတ်ခံရလို့ ဝမ်းနည်းနေရတဲ့အထဲ ချို့လစာ မောက်မောက်က ဓားပြတိုက်သွားသည်လေ။

"ဘုရားရေ"

မိသူက ဘုရားတ,ပြန်သည်။

"ငမောက်ကို ဒီအတိုင်းလွှတ်ထားရသလား။ ချို့မေမေနဲ့ တိုင်လိုက်ပေါ့"

ချို့ရင်မှာ နာကျင်မှုမှဲ့ ခံစားလိုက်ရသည်။

ချိုကလည်း တိုင်တန်းခဲ့ပါသည်။

သို့သော်။

✿ ✿ ✿

## အခန်း (၈)

"မေမေ"

"ဟဲ့ ငိုသံကြီးနဲ့ပါလား။ ဘာဖြစ်တာလဲ"

ဒေါ်ထွေးထွေးက လပေးနဲ့ဝယ်လာတဲ့ ပါတိတ်ဝမ်းဆက်ကို ကြည့်နေရာမှ စိတ်မရှည်စွာ မေး၏။

ချိုက အိမ်လေးပေါ် ကမန်းကတန်း လှမ်းတက်၍ -

"မေမေ့သားပေါ့"

"မေမေ့သားဆိုမှတော့ ညည်းမောင်ပေါ့။ မဟုတ်ဘူးလား ချို"

"ဟုတ်တယ်လေ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ငမောက်က ချို့တစ်လစာလုံး ယူပြေး



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ"

"ဘာ ချို့တစ်လစာကို မောက်မောက်က ယူပြေးတယ်"

"ဟုတ်တယ် မေမေ"

"ဘုရားရေ"

ဒေါ်ထွေးထွေး ကိုယ်မှာ ကပ်ကြည့်နေတဲ့ ပါတိတ်ဝမ်းဆက်ကလေး လွတ်ကျသွားသည်အထိ အံ့ဩသွား၏။ အံ့ဩလွန်းလို့ ဘုရားတကာ ပြူးကြည့်၏။

"ဟုတ်တယ် မေမေရဲ့"

"သွားပြီ နေစမ်းပါဦး။ ညည်းက ဘာလို့ပေးလိုက်ရတာလဲ"

"ငမောက် အတင်းလုပြေးတာ မေမေ"

"အဲဒါမှ ဒုက္ခပဲ။ မေမေက ညည်းလစာရရင် အထည်ဆိုင်က အကြွေးဆပ်မယ်လို့ ပြောထားတာ"

"ဘု ဘုရားရေ"

ဒီတစ်ခါ အထစ်ထစ်အငေါ့ငေါ့ ဘုရားတ,တာက ချိုရယ်။

"ဟဲ့ ဒါ ဘုရားတစရာလား။ မင်္ဂလာဆောင်တွေ ရှင်ပြုတွေ နေတာ ညည်း သိရဲ့သားနဲ့။ အဝတ်အစားသစ်လေးမှ မဝတ်နိုင်ရင် သူများ မျက်စောင်းထိုးတာကို ခံနေရမယ်။ ဒါကြောင့် ပါတိတ်ဝမ်းဆက်လေးနှစ်စုံ ဝယ်ဖြစ်တာ။ ခုပဲ အမြန်ကြေးပေးပြီး သွားချုပ်မလို့ ရတယ် နေပါစေ။ ဒေါ်နုဆီက လပေးနဲ့ ငွေတိုးထုတ်ပေးလိုက်မယ်။ နောက်မှ ညည်း ဆပ်ပေးလို့ရတယ်။ ဘုရားတမနေနဲ့"

ချို့မှာ နားထောင်နေရင်း ပါးစပ်အဟောင်းသားဖြစ်ရလေသည်။ မေမေပြောလိုက်တဲ့စကားလုံးတွေက ဖော့လေးလို ပေါ့ပေါ့လေးရယ်။

"ကုန်စုံဆိုင်က အကြွေးတွေ ဘယ်လိုဆပ်မလဲ မေမေ"

"ညည်း ကြံဖန်တတ်တာပဲ။ ကြည့်ပြီး ကြံဖန်လိုက်ပေါ့။ အဲ့ ညည်းမောင်က ဘာလုပ်ဖို့ တစ်လစာလုံး ယူသွားတာပဲ"

"ဝင့်နဲ့ချိန်းထားလို့တဲ့"

"ဟယ် ဟုတ်လား။ ကောင်းပါ့တော်။ မေမေ့ချွေးမ အကောင်းစားလေးဖြစ်လာမယ့်ဟာကလေး။ ညည်း သည်းခံလိုက်ပါအေး ညည်းမောင် ကောင်းစားမယ့်အရေး"

မေမေက ဝင့်ဆိုတဲ့အသံကြားလိုက်တာနဲ့ ရွှေတစ်ပိဿာမြင်ရသလို မျောက်လို ခုန်ဆွခုန်ဆွနှင့် ဝမ်းသာအားရ ပြောလေသည်။

ချို့ခမျာ အရုပ်ကျိုးပြတ် ပုံကျသွားမလို ဖြစ်၏။

"ကဲ ကဲ ညည်းမျက်နှာချည်း လာဘ်မရှိအောင် ပုပ်သိုးမထားနဲ့ ညနေစာချက်လိုက်ဦး။ မေမေ ဒီဝမ်းဆက်တွေ သွားအပ်လိုက်မယ်"

ဒေါ်ထွေးထွေးက ပြောဆိုရင်း ဝမ်းဆက်နှစ်စုံကို ပိုက်ပြီးဆင်းသွားလေသည်။

ချို့မှာသာ။

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ချိုရယ် ... ရှင့်မိသားစုဝင်တွေရဲ့စရိုက်က တကယ်အံ့ဩ
ကောင်းတယ်"

ချို ဘာမှဝင်မပြောဖြစ်တော့ပါ။

မိသူက အကြော်ချောင်းလေးစားလိုက်၊ ပြောလိုက်နှင့် အ
ကောင်းနေသည်ကို တိတ်ဆိတ်စွာပဲ ချို နားဆင်နေမိသည်။

"ဘာကြောင့် ချို့မေမေက အဲသလို ဖြစ်နေတာလဲ"

"ချိုလည်း မခန့်မှန်းတတ်တော့ဘူး။ မေမေ့ကြောင့် ချို ပိုပြီး
ရှုန်းနေရတာက ထွက်ပေါက်မဲ့စေတယ်။ နောက်ပြီး ချို့မှာ အလုပ်
လက်မဲ့ဖြစ်သွားတာ အဆိုးဆုံးပဲ မိသူရယ်"

"အလုပ်လက်မဲ့ဖြစ်တာ ချို့မေမေ သိပြီးလား"

"မသိသေးဘူး"





"ဟဲ့ ပြောပြလိုက်ပေါ့"

"ပြောပြလိုက်ရင် ပိုဆိုးမယ်"

"ဘာဖြစ်လို့"

မိသူမေးလျှင် ချို ပြန်ပြောရခက်သွားသည်။ အဲဒီအကြောင်း
[illegible] ပြောပြရမှာ ရှက်လွန်းလို့ပါ။

"ပြောလေ ချိုရဲ့။ ဘာဖြစ်လို့ ပိုဆိုးမှာလဲ"

ချို့မျက်နှာလေးကို တစ်ဖက်သို့ လွှဲထားလိုက်သည်။ ထို့ပြင်
[illegible]အောက်က မြေသားလမ်းကို ငေးကြည့်နေလိုက်သည်။

ထိုလမ်းမှ ထော်လာဂျီတစ်စီး ဖြတ်သန်းသွားလျှင် ဖုန်းခိုးတို့
[illegible]လှုပ်လှုပ် ပြေးကြွကာ လေပူစီးကြောင်းထဲ မျောလွင့်သွား၏။

"ချိုရယ်၊ ချို အလုပ်ပြုတ်တာက ချို့အတွက် ဘာက ပိုဆိုး
[illegible]လဲ။ ချို့မေမေ သိသင့်တဲ့ကိစ္စ မဟုတ်လား"

"ဒါပေမဲ့ ချို မပြောချင်ဘူး။ မပြောရဲဘူး"

"ဘာမပြောရဲစရာရှိလဲ"

"ဒီလို မိသူရဲ့"

ချို မပြောဘဲ နှုတ်ပိတ်နေခဲ့တာ အဲရိုးစင်တာမှာ အလုပ်ဝင်က
[illegible]ဘာပါ။ အရင်တုန်းက ချိုက အိမ်တွေလိုက်ပြီး အနှိပ်ခံမယ့်ပုဂ္ဂိုလ်
[illegible] သွားရလေ့ရှိသည်။

ချို့ဖောက်သည်တွေက မိန်းမတွေချည်းပဲ။

တစ်နေ့ပေါ့။ ချို့ဖောက်သည်အမျိုးသမီး ဒေါ်စိန်စိန်က သူမ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေအမျိုးသားကိုပါ နှိပ်ပေးဖို့ တောင်းဆိုသည်။

ချိုက ငြင်းရမှာ အားနာနေသည်။ ဒေါ်စိန်စိန်က ဖောက်သည် ရင်း မဟုတ်လား။

နောက်ပြီး ဒေါ်စိန်စိန်လည်း ရှိနေမယ်တဲ့။ ဒေါ်စိန်စိန် အတင်းအကျပ်ပြောတာနဲ့ ချို လက်မခံချင်ဘဲ လက်ခံလိုက်ရသည် သို့သော်လည်း ထိုအမျိုးသားကြီးကို ချို့စိတ်ထဲက မကြည်လင်။

လူပုံက စမတ်ကျပေမယ့် ဝမ်းဗိုက်တအားရွဲ၏။ မျက်နှာပုံ ပြည့်ပြည့်ဖောင်းဖောင်းနှင့် နှုတ်ခမ်းထူ၏။

နောက်ပြီး ချို့ကို သိမ်းကျုံးကြည့်ပုံကိုလည်း ချို မနှစ်မြို့ ဒေါ်စိန်စိန့်မျက်နှာနဲ့မို့ နှိပ်ပေးလိုက်ရသည်။

ထိုနေ့ကတည်းက ထိုပုဂ္ဂိုလ်က ချို့ကို လခစားနဲ့ နှိပ်ပေး ကမ်းလှမ်း၏။ အဲဒါကို မေမေက လက်ခံဖို့ တိုက်တွန်းလေသည်။

"ဟဲ့ ညည်းလက်ကို စွဲလို့ ဦးဝေဟင်က ကမ်းလှမ်းတာ နှိပ်ရမယ့်အချိန်ကလည်း တစ်နေ့တစ်နာရီတည်း။ လစာက တစ်သိန်း တောင် ပေးမှာဆိုတော့ ဘယ်လောက်အိုကေလဲ။ တခြားဖောက်သည် တွေဆီလည်း အချိန်ပေးလို့ရတယ်လေ။ ကြိုတင်လခတောင် ပေး မတဲ့။ ညည်း လက်ခံပြီး သုံးလစာကြိုယူလိုက်။ နှစ်လစာ မေမေ့ကိုပေး ထား။ ညည်းလက်ထဲ တစ်လစာထားပေါ့။ ဟုတ်ပြီလား။ ဦးဝေဟင်ကို မေမေ အကြောင်းပြန်လိုက်မယ်"

မေမေ့တရပ်ဟောပြောချသည်က သမီးပျိုလေးကို မငဲ့ညှာ





စိတ်ထားမျိုးနဲ့။

ဟိုက ရိုးရိုးသားသား အနှိပ်ခံဖို့ထက် မိန်းမပျိုလေးရဲ့လက် အတွေ့ကို အရသာခံချင်နေတာလေ။

ဒင်းမျက်လုံးကို ဖတ်တတ်နေလျက်နဲ့ မေမေ တိုက်တွန်းတာ ကို ချို နာကျင်လှသည်။

ဒါကြောင့် –

"ချို လက်မခံဘူး မေမေ"

"ဘာ ဘာ့ဖြစ်လို့"

"ချို အဲရိုးစင်တာမှာ အလုပ်လျှောက်ထားတယ်"

"ဟဲ့ ဟိုမှာက တစ်လလုံးအချိန်ပြည့်လုပ်မှ အဲသလောက် ရစာရမှာလေ။ ဦးဝေဟင်မှာက တစ်နာရီတည်းလုပ်ရမှာ။ ညည်း တွေးမိဘူး"

"ဟိုမှာက လုံခြုံမှုအပြည့်ပေးတယ်"

"ဟဲ့ ဒီမှာလည်း ဒေါ်စိန်ရှိသားပဲ။ ညည်းဟာလေ၊ ဘယ်နေ ရာဆို အပင်ပန်းခံဖို့ချည်းပဲ တွေးတယ်။ ပေါ့ပေါ့ပါးပါး ရမယ့်ဟာကို ညည်းလက်မခံရင်"

"ချို့အစား မေမေပဲ လက်ခံလိုက်"

"ဟဲ့ ဟိုက ငါ့လိုအရွယ်ကို မခေါ်လို့ပေါ့"

"သူခေါ်ပေမယ့် ချို မလုပ်နိုင်ဘူး"

"ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ဘာသာ လက်ခံရင် မေမေ့ဘာသာ သွားနိုင်ပေ ချီတော့ အဲဒီရုံးမှာ အလုပ်လျှောက်ထားတာ ရ,မရ သွားစုံစမ်းဦးမယ်"

ချီ ထိုသို့ပြောဆိုကာ ဖွင့်ထွက်ခဲ့တာက မေမေ့စိတ်ကို မနှ မြို့စွာ။ မေမေက မကျေမချမ်းဖြင့် –

"အေး ... သွားစုံစမ်း၊ အဲဒီရုံးမှာ အလုပ်ရမလာလို့ကတော့ ငါ လက်ခံတဲ့အလုပ်ကို ညည်းလက်ခံရမယ် ဒါပဲ"

မိသူ သက်မချမဆုံးတော့ပါ။

"အဲဒီတုန်းက ချီ အဲဒီရုံးစင်တာမှာ အလုပ်ရသွားလို့ ကောင်းသွားတာ။ မေမေက ဒါတောင် ကြည်တာမဟုတ်ဘူး။ ခု အလုပ်လက်မဲ့ဖြစ်လာတယ်ဆိုရင် အဲဒီလူကြီးနဲ့ ချက်ချင်းဆက်သွယ်မှာ လေ။ ထိုလူကြီးကလည်း မေမေနဲ့ကြုံတိုင်း ဒါပဲ တောင်းဆိုနေတာ ဆိုတော့"

ချီ့စကားစလေး ဖြတ်လိုက်တော့ မိသူ သက်မရှည်ကြီး ချ ပြန်သည်။

"အဲဒါဆိုလည်း ပြောမနေနဲ့တော့"

"ချီလည်း မပြောချင်ပါဘူး။ ဒါကြောင့် ဟိုတွေး ဒီတွေးနဲ့ ဒီဘက်လျှောက်ထွက်ခဲ့တာ"

"ကဲ ကဲ အဲဒီဖြစ်စဉ်တွေ ဘေးချိတ်လိုက်။ ခုလောလောဆယ် စားစရာရှိတာစား၊ ပြီးမှ ဝိုင်းစဉ်းစားမယ်။ ချီ အလုပ်တစ်ခု မြန်မြန်ရရှိ"

မိသူက ဖေးမစကားဆိုရင်း အားပေးရှာသည်။

မိန်းကလေးစာအုပ်တိုက်



ချီ့မှာ မိသူလိုသူငယ်ချင်းရှိလို့ တော်သေးသည်။

နောက်ဆို မွန်းကျပ်လွန်းလို့ ချီ့ဘဝက အကျည်းတန်သွား တော့မှာပဲ။

ဟုတ်တယ်နော်။

နေရောင်အောက်က ပတ်ကြားအက်နေတဲ့ ရေကန်ကြီးရယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"စားသောက်စရာတွေ စုံစုံစိစိ ထည့်သွားဦး တယောက်ရဲ့ အထဲမှာ ညည်းအစ်မက အစားဆင်းရဲရရှာတာ ညည်းအသိပဲ"

ချို မကြားချင်ဟန်ဆောင်ပြီး လုပ်လက်စတွေ ဆက်လုပ်နေလိုက်သည်။ အစားအသောက်စုံစိအောင် ထည့်ပေးဖို့ ရော့အင့်ဆိုပြီး ပိုက်ဆံထုတ်ပေးဖို့တော့ သတိမရဘူး။

"ထောင်ဝင်စာ ညည်းပဲ သွားတွေ့လိုက်တော့"

"မေမေ သွားတွေ့မှာမဟုတ်လား"

"အေး စောစောတုန်းက အစီအစဉ်အရ သွားတွေ့မလို့ပဲ ဟိုဘက်ရပ်ကွက်မှာက ဒေါ်မွေးယောင်းမ ဆုံးလို့တဲ့။ မေမေ သွားကူရဦးမှာ ခုပဲ သွားတော့မလို့"





စကားက လူကြားကောင်းအောင် သွားကူမလို့တဲ့။ တကယ်တော့ ဘူဖိုထက် ဖဲဝိုင်းထိုင်ဖို့လေ။

လူသေတယ် သတင်းကြားတာနဲ့ သွားလိုက်ရင် ရက်လည်ပြီး မှ ပြန်ပေါ်လာတတ်သည်။ ထိုအသုဘအိမ်မှာပဲ စားသောက်ပြီး ဖဲဝိုင်းထဲ မှာနေသည်လေ။

ခုလည်း ပြောစကားမဆုံးသေးခင် ဘယ်ကချေးထားမှန်းမသိ တဲ့ ဗိုက်ဆံထည့်ထားတဲ့ ခေါက်အိတ်ကို ချိုင်းကြားညှပ်၊ အဝတ်သုံး လေးစုံထည့်ထားတဲ့ လက်ကိုင်ကိုင်းပါတဲ့ အိတ်ပါးကိုဆွဲပြီး ထွက်သွားဖို့ ဖြစ်လေသည်။

"ဟဲ့ ငမောက်လာရင်၊ မေမေရှိတဲ့နေရာကို မလွှတ်လိုက်နဲ့။ ညည်းမောင်က လာဘ်ပိတ်အောင် ကျီကျလွန်းတယ်။ ညည်းပဲ အဲဆင် ချေအောင် မုန့်ဖိုးများများ ပေးသုံးလိုက်။ ငါနိုင်ရင် ညည်းဖို့ ရွှေနားကပ် တစ်ရံ ဝယ်ပေးဖို့ စိတ်ကူးထားတယ်။ ငါနိုင်ဖို့ ဆုတောင်းဦး။ ညည်း အစ်ခ လိုတာတွေ သွားပေးဖို့ တစ်ခုမှမကျန်စေနဲ့။ ဒါပဲ ... ဒါပဲ၊ သွားခါနီး၊ လာခါနီး ညည်းတို့ကို ညွှန်ကြားနေရတာနဲ့ပဲ အချိန်တွေ ကုန်တယ်။ သွားပြီဟဲ့ သွားပြီ"

တစ်ယောက်တည်းပြောဆိုပြီး အိမ်ပေါ်မှ မေမေဆင်းသွား၏။ ချိုမှာ ဘာစောဒကတက်ခွင့်မှ မရနိုင်ပါ။

ငါးပိကြော်၊ ငါးခြောက်ကြော်ကို အထုပ်ထုပ် ပြင်ဆင်ရ၏။ ညာလည်း မကျန်ဧအောင် ဂရုစိုက်ရ၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ သုံးဖို့စွဲဖို့ ပိုက်ဆံကိုလည်း ကြိုတင်ချေးရသည် မဟုတ်လား

"ညည်းအစ်မ ထောင်ကျတာ ညည်းတို့ ငါတို့ကို ရှာကျွေး ပါအေ"

မေမေ ထိုသို့ပြောတတ်သည်က ချို့စိတ်ကို ပို၍ ခါးသက်စေသည်။ မမမော်က လောင်းကစားထဲမှာ ချဲကို အခုံမင်ဆုံး။ ထိုးလည်းထိုး၊ ကော်မရှင်နဲ့လည်း ရောင်းသည်။ ချိုက ထိုသို့ မလွတ်ကင်းသည့် အလုပ်ကို အားမပေးခဲ့ပါ။

မမက –

"ဟဲ့ ဒါက ငွေရလွယ်တယ်။ ငါ လိုင်းကြေးပေးပြီး ရောင်းတာ။ ဘာအန္တရာယ်မှမရှိဘူး။ ညည်းပဲ မနေနိုင် မထိုင်နိုင် ပူစပ်ပူလောင် ဖြစ်နေတာ။ ညည်းပါးစပ်ပုတ်ပုတ်နဲ့ ပြောမနေနဲ့။ ငါ့အလုပ် ငါလုပ်မယ်"

ထိုသို့ပြန်ပြောရင်းလုပ်လာတာ မကြာဘူး စိမ်ချက်နဲ့ အဖမ်းခံရတော့သည်။

"အဲဒါ ညည်းပါးပစ်ပုပ်လို့" ဟု မမက စွပ်စွဲသေးသည်။

ချို ဘာမှမတတ်နိုင်ပါ။ မမပြောသလို ချို့ပါးစပ်ပုပ်လို့ သူ အဖမ်းခံရတာဆိုမှတော့ ချို ဘာပြန်ပြောနိုင်မှာလဲ။

မမ အဖမ်းခံရကတည်းက နလန်မထူနိုင်။ နောက်ဆုံး ကိုယ်ပိုင် ကိုယ်ပိုင်ခြံအိမ်လေးကိုပင် မေမေရောင်းပစ်လိုက်ပြီး အိမ်ငှားနေရတဲ့ ဘဝ ရောက်ခဲ့ရသည် မဟုတ်လား။





ထိုအိမ်ငှားဘဝနဲ့ အလုပ်မယ်မယ်ရရမရှိတဲ့ မောက်မောက်နဲ့ ပြီးတော့ ထောင်တစ်နှစ်ကျနေတဲ့ မမအတွက် သူမှုပဲ ဝန်ပိုပိ

ခုတော့ –

အကြွေးတွေက ပရှုပ်။

အလုပ်က ပြုတ်ပါဘိသနဲ့။

ရှေ့ဆက် ဘယ်လိုစခန်းသွားရမလဲ မတွေးရဲတော့ပါလေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"နာမည်က တယောချိုနော်"

"ဟုတ်ကဲ့ပါရှင့်"

ဦးစိုးမင်းက သူမကို စစ်ဆေးသလို ကြည့်ရင်း မေး

"အန်ကယ်တို့ တာဝန်ပေးတဲ့အလုပ်သဘောကို သိပြီ

လား"

"ဟုတ်ကဲ့ သိပြီးပါပြီ"

ချိုက ဘေးနားမှာရှိနေတဲ့ မိသူ့ရဲ့ဖေဖေ ဦးလှုထွန်းကို

ကြည့်ပြီး ဖြေလိုက်သည်။

ဦးလှုထွန်းက ဦးစိုးမင်းကို ရိုရိုကျိုးကျိုးနှင့် ဝင်ပြော

"ကျွန်တော် ပြောပြပြီးပါပြီ။ ဂိတ်ဝမှာ ကားအဝင်အထွ

အချိန်ဇယားမှတ်ရမယ်၊ ဂိတ်တံခါး အဖွင့်အပိတ်လုပ်ရမယ်။ အလ





က မနက်ခြောက်နာရီကနေ ညနေခြောက်နာရီအထိ။ တယောချိုက

နိုင်ပါတယ်လို့ ပြောပါတယ်။ ဒါကြောင့် ဂျာကြီးဆီခေါ်လာတာပါ။

စောင့် ဦးပုခိုင်က ဆေးရုံက ဆင်းပြီးရင်တောင် ချက်ချင်း အလုပ်

ဆင်းနိုင်သေးဘူး။ ဦးပုခိုင် အလုပ်ဆင်းနိုင်တဲ့အချိန်ထိ ဦးပုခိုင်အစား

ယောချိုက ဝင်ကူပေးတဲ့သဘောပါ။ လောလောဆယ် တယောချို

လုပ်လုပ်ချင်နေတာနဲ့ ဦးပုခိုင်နဲ့ တိုင်ပင်ပြီး ဂျာကြီးကိုပြောပြပါတဲ့။

ကြီးက လက်ခံရင် ဒီနေ့ကတည်းက အလုပ်စဆင်းမှာပါ"

ဦးလေးဦးလှုထွန်းက အသေအချာ ရှင်းပြလျှင် ဂျာကြီးဆိုတဲ့

က်ရုံ၏စီမံခန့်ခွဲရေးမန်နေဂျာ ဦးစိုးမင်း ခေါင်းလေးဆတ်လိုက်၏။

"ကောင်းပြီလေ၊ အဲဒါဆို ဝန်ထမ်းအသစ် မခန့်သေးဘူး။

ိုင်အစား အလုပ်ဆင်းတာဆို ရတယ်။ ဒါပေမဲ့ တစ်ခုခုလွဲချော်တာ

ချက်ချင်းပဲ အလုပ်ရပ်နားပေးရမယ်"

"စိတ်ချပါ ဂျာကြီး"

သူမနဲ့အတူ ဦးလှုထွန်းလည်း လိုက်လိုက်လှဲလှဲ ပြောလိုက်ရ

ည်။

"အဲဒါဆို လုပ်ကြည့်လေ"

"ကျေးဇူးတင်ပါတယ် ဂျာကြီး"

"ဦးလှုထွန်း၊ တယောချိုကို ဒေါ်စန်းကြည်ဆီခေါ်သွားပြီး

ုံထုတ်ပေးလိုက်။ ဒီစက်ရုံမှာက အားလုံး ယူနီဖောင်းဝတ်ရမယ်"

"ဟုတ်ကဲ့ ချို သိပါတယ်၊ သိလို့လည်း ဦးပုခိုင်ဆီက ဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့ပါတယ်"

ချိုက ပြောဆိုရင်း အသင့်ယူဆောင်လာတဲ့ ဦးပုနိုင်ရဲ့စက် ဝတ် အကျီအပြာကို လက်ဆွဲအိတ်ထဲက ထုတ်ပြလိုက်သည်။

ဦးစိုးမင်းက အလုပ်လုပ်ဖို့ စိတ်အားထက်သန်နေတဲ့ တယော ချိုကို သဘောကျစွာကြည့်ရင်း –

"ကောင်းပြီ၊ ဝတ်စုံလဲပြီး အလုပ်စဝင်တော့"

"ကျေးဇူးအများကြီး တင်ပါတယ်"

"ခွင့်ပြုပါဦး"

ဦးစိုးမင်းကို နှုတ်ဆက်ပြီး ဦးလှုထွန်းနှင့် သူမ သွက်သွက် လေး ဦးတည်ခဲ့သည်က စက်ရုံဂိတ်ဝဆီ။

"ဦးလေးကို ချို ကျေးဇူးတင်ပါတယ်"

"ဘာဖြစ်လို့"

"ချို အလုပ်ရအောင် ကြံဖန်ပေးလို့ပေါ့"

"အဲလိုလည်း မဟုတ်ပါဘူး။ ဦးပုနိုင်က သူ ဆေးရုံကဆင်း သုံးလေးလအနားယူရမယ်လို့ ဆရာဝန်ကြီးပြောကတည်းက စိတ်ပူ တာ။ သူ့နေရာမှာ အစားထိုးဝန်ထမ်းခန့်လိုက်ရင် သူ ကျန်းမာလာ အလုပ်ပြန်မရတော့မှာ စိုးရိမ်နေတယ်။ ဒါကြောင့် ဦးပုနိုင်အလုပ် အောင်ရယ်။ သမီးချိုလည်း အလုပ်လုပ်ဖို့ အခွင့်အရေးရအောင်ရယ် ပေါင်းပြီး ဦးလေး ကြိုးစားကြည့်တာ"

"ဘာပဲဖြစ်ဖြစ် ဦးလေး ကြိုးစားပေးတာက နည်းတဲ့ကျေး





မှမဟုတ်တာ"

"မဟုတ်တာပဲ သမီးရယ်။ ဦးပုနိုင်ရော သမီးရော အဆင်ပြေ ည်းကို ရသွားတဲ့သဘော။ ကဲ သွား ဟိုဂိတ်ပေါက်အခန်းထဲ ဝတ်စုံလဲလိုက်"

"ဟုတ်ကဲ့ ဦးလေး"

ချိုက ခေါင်းလေးညိတ်ကာ အပြေးအလွှားအကျီလဲလိုက် အပျော်များစွာနှင့်။

ဟုတ်တယ်လေ။

မနေ့က အလုပ်ပြုတ်ပြီး ဒီနေ့ ချက်ချင်းအလုပ်လုပ်ခွင့်ရတာ ဲ့ ကံတရားလား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဘုရားရေ"

"ဟဲ့ ဘာဖြစ်တာလဲ"

"ဟိုမှာကြည့်စမ်း"

ချိုပြောဆိုညွှန်ပြတဲ့အတိုင်း မိသူ အလောတကော ကြည့် လိုက်မိသည်။ အတွင်းဘက်ကို ရှင်းရှင်းကြီးမြင်ရတဲ့ အကြည်ရောင် မှန်ချပ်တွေနဲ့ ကာရံထားသည့် ဟိုတယ်တစ်ခု၏စားသောက်ခ အတွင်း၌ မျက်နှာချင်းဆိုင်ထိုင်ပြီး စားသောက်နေတဲ့စုံတွဲ။

အထူးသဖြင့် ထိုမိန်းကလေးကို မိသူ သိနေသည်လေ။ မိသူ ချိုနဲ့က ပလက်ဖောင်းစကြံနံဘေးကနေ ဘတ်စ်ကားမှတ်တိုင် လျှောက်သွားနေတုန်း ချို ဦးစွာမြင်သွားခြင်း။

"ဟဲ့ အဲဒါ ရွှေဝင့်ဝင့် မဟုတ်လား"





"ဟုတ်တယ်လေ"

"သူနဲ့ အကြည်စိုက်နေတဲ့ ဘဲကြီးက အတော်ဖြောင့်သား"

မိသူက ထိုပုဂ္ဂိုလ်ကို အားကျမျက်ဝန်းလေးနဲ့ကြည့်၍ ပြော ချို ပို၍ ရင်ဘတ်ဖိမိ၏။

"ဟဲ့ ချီးကျူးမနေနဲ့။ အဲဒီပုဂ္ဂိုလ်က ချို့အတွက် နတ်ဆိုးပဲ"

"ဘယ်လို၊ နတ်ဆိုး ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာကြောင့် နတ်ဆိုးဖြစ်ရတာလဲ၊ ပြော ဦးချို"

"အဲဒီငနဲကြောင့်ပေါ့။ ချို့ အဲဒီရုံးက အလုပ်ထုတ်ခံရတာ"

"အလို၊ ဒီလောက် စမတ်ကျတဲ့ရုပ်ရည်ပိုင်ရှင်က ရှင့်ကို အလုပ်ဖြုတ်ခိုင်းတဲ့အထိ အကျင့်ပုတ်သတဲ့လား"

"ပုတ်တာမှ အနံ့ပါထွက်နေသလားပဲ"

"အေးနော်"

မိသူကလည်း အလိုက်သင့်ပြန်ပြောလိုက်ရသည်။ ဟုတ်တယ် ရုပ်က တကယ်စမတ်ကျ၏။ သန့်ပြန့်ချောမွေ့နေတဲ့ မျက်နှာ က်ကအစ ဆွဲဆောင်မှုအပြည့်နဲ့။

ရွှေစင်ဝင့်ဝင့်ကို စိုက်စိုက်လေးကြည့်ပြီး စကားပြောနေပုံက သူတွေပါ စွဲလောက်သည်။

ထိုသို့သောပုဂ္ဂိုလ်က ချို့ကို အလုပ်ပြုတ်စေတဲ့ တရားခံဆိုတာ တောင်မယုံချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မယုံလို့မရတော့ဘူး။

"ဒါနဲ့ အဲဒီငနဲနဲ့ ရွှေစင်ဝင့်ဝင့်နဲ့ ဘာလဲ"

"ဘယ်သိမလဲ"

ချဉ်ချဉ်တူးတူး ချို့ ပြောမိရင်း ရှေ့ဆက်လျှောက်ခဲ့သည်။ မိသူက သူ့ကို လည်ပြန်ငဲ့ကြည့်ရင်း –

"မောက်မောက်ကို မေးကြည့်ရမယ် ချို့"

"အို ပြဿနာမရှာစမ်းပါနဲ့ မိသူရယ်"

"ဟဲ့၊ ဒါ ပြဿနာမှမဟုတ်တာ။ မသိလို့ သိအောင်မေးတဲ့ ကိစ္စ"

"အမယ်လေး ငမောက်က သူ့ဟာမမျက်နှာမြင်ရင် ပွဲပြီးမီး သေး။ မိသူပြောလို့ သူတို့ကြား ဝင်မွှေတယ်ပြောပြီး လိုက်ရမ်းနေရင် ချိုပဲ မေမေနဲ့ အဆူခံရမယ်"

"အင်း ဟုတ်တော့လည်းဟုတ်သား။ ဒါနဲ့ ဝင့်နဲ့ငမောက် အခြေအနေက ဘယ်လိုလဲ။ အရင်ထက် တိုးတက်နေပြီလား"

"မသိပါဘူး။ မေမေကတော့ ငမောက်ကို မြှောက်ပေးနေ တာယ်"

"ဘာအတွက်"

"အပီတွယ်ဖို့"

"ရှင့်အမေကတော့ မျက်နှာကြီးချွေးမရမယ်ဆိုတော့ လက်ခ မောင်းခတ်လောက်တာပေါ့။ ဒါပေမဲ့ အဲဒီငနဲနဲ့ ဖာတ်လမ်းရှိနေမလား





နေရင် ဘယ်လိုလုပ်မလဲ။ အဲဒါဆိုတော့ ငမောက် အသုံးချခံရသလို ဖြစ်မနေဘူးလား"

"အဲဒါတွေ ချိုတို့နဲ့မဆိုင်ပါဘူး မိသူရယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့"

"တော်ပါတော့ မိသူရယ်၊ သူတို့ကိစ္စ သူတို့သိမယ်။ ချိုတို့နဲ့ ဘာမှမဆိုင်ဘူး။ ချိုသိတာက ငမောက် အလုပ်တစ်ခုခုလုပ်ဖို့"

"ဒါလည်း ဟုတ်တာပဲ။ ငမောက်က အလုပ်လုပ်ဖို့ စိတ်ဝင် လာအောင် စည်းရုံးရမယ်"

"ဟုတ်တယ်၊ ခင်းအလုပ်လုပ်မှ နောက်ဆို မလွယ်ဘူး။ သူတို့ ချိန်းတွေ့ကြတိုင်း မေမေက ကြံဖန်ပြီး ငွေထုတ်ပေးနေတာလေ။ ဆို ကြွေးတွေ အတော်ပိုင်းနေပြီ"

"ချို့အမေကတော့ စံပဲ၊ တကယ်ရယ်"

"ဟုတ်တယ်၊ ရပ်ကွက်ထဲ အကြွေးပိုင်းနေတာ တော်သေး တယ်။ ဒေါ်စိန်စိန့်ဆီက လိုက်ချေးသေးတယ်။ ဒေါ်စိန်စိန်က ဦးဝေဟင် ကို သံတော်ဦးတင်လိုက်တာ ငနဲကြီးက မေမေ့ကို တစ်သိန်းတောင် လကားပေးသတဲ့"

"ဘုရားရေ"

မိသူ ဘုရားတလျှင် ချို့မျက်နှာလေး မဲ့မှိသွားသည်။

"ဟုတ်တယ်၊ အဲဒီနေ့က မေမေ မျက်နှာကြီးပြုံးနေလိုက်တာ မြင်ပြင်းတောင်ကတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒါဆို ချို သတိထားဦး"

"ဟွန်း ချိုကတော့ မေမေ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တယ်။ ဒီလူကြီးဆီက ငွေယူတာ မေမေ့စိတ် မေမေ့သဘောနဲ့။ နောက်မှ သမီးရယ် အလုပ်ဆိုပြီး လေသံလာမဟနဲ့၊ ချို လုံးဝလက်မခံဘူးလို့ အပြတ်ပြောထားတယ်"

"ကောင်းတယ်၊ အဲဒါအကောင်းဆုံးပဲ"

"ကဲပါ အဲဒီအကြောင်းတွေ ထားလိုက်တော့။ တို့တွေ လ... လေး လက်ထဲရောက်နေတုန်း တစ်ခုခုစားရအောင်လား"

"အင်း မဆိုးဘူးဟ။ ဘာစားရင် ကောင်းမလဲ"

"ဈေးလည်း ပေါရမယ်၊ စားလို့လည်း ကောင်းရမယ့် ဟော... ပလက်ဖောင်းနားမှာ ခင်းရောင်းတဲ့ ပင်လယ်စာအကင်တွေလေ"

"အိုကေ"

သူငယ်ချင်းနှစ်ယောက် ဘတ်စ်ကားမှတ်တိုင်ဘက် သွေ့ဖည်... ဆိုင်ခုံလေးနဲ့ ပလက်ဖောင်းပေါ် မေးတင်ရောင်းတဲ့ ဆိုင်ကလေး... ဦးတည်သွား၏။

သို့သော်လည်း ထိုနှစ်ယောက်ကို မြင်ယောင်နေသည်။ အထူးသဖြင့် နတ်ဆိုးနဲ့တူတဲ့ ထိုငနဲကိုပေါ့။

✿ ✿ ✿



## အခန်း (၁၃)

"မမမော်ရယ် လူတစ်ယောက်ကို အိမ်ပေါ်တင်ထားဖို့က ... ယ်တွေလား"

"ဟဲ့ ငါက စေတနာနဲ့ပြောနေတာ"

"ဘာစေတနာလဲ"

"သူများဒုက္ခရောက်နေတဲ့အချိန်မှာ ကူကယ်တာ ဘယ် ...ာက်ကုသိုလ်ရလဲ၊ စဉ်းစားကြည့်လေ။ ပြီးတော့ ဒေါ်ယမင်းက ...ိုးရာမဲ့။ ဆွေမရှိ မျိုးမရှိ နေစရာမရှိ ဖြစ်နေတာလေ။ အိမ်ပေါ်ခေါ် ...င်ထားရင် အဖော်တောင်ရသေးတယ်"

မမမော်ကို ထောင်ဝင်စာလာတွေ့တာ။ မမမော်က တွေ့တာ... ဒေါ်ယမင်းအကြောင်း ထုတ်ပြော၏။

ဒေါ်ယမင်းဆိုတာ မမနဲ့အတူ ထောင်ကျတဲ့ အမျိုးသမီးကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယမင်းအမှုက လူသတ်မှု။

လင်မယားရန်ဖြစ်တော့ ယောက်ျားဖြစ်သူကို ကျွန်းထိုင်

အပေါင်းလေးနဲ့ လွဲရိုက်လိုက်တာ ဦးဆက်ကွဲပြီး ပွဲချင်းပြီး သေဆုံး

သွားသည်။

ထိုအမှုနဲ့ ထောင်ငါးနှစ်ကျသည်။

ထောင်ကျနေတဲ့မမနဲ့ တစ်ဆောင်တည်းနေရင်း ခင်မင်သွား

ကာ မမက ထိုသို့ပြောလာခြင်းဖြစ်သည်။ မမက နောက်သုံးလကြာ

လွတ်မည်။ ဒေါ်ယမင်းက နောက်နှစ်ရက်ဆို လွတ်မယ်ဆိုလားပဲ။

"မမော်ရယ် မေမေ့ကြောင့် အကြွေးတွေများနေပြီ။ ခုတစ်ခါ

"အကြွေးက ဘယ်တုန်းက မပိုင်းဖူးလို့လဲ"

"ဘုရားရေ"

"ဟဲ့ ဘုရားတမနေနဲ့၊ မမော်လည်း မကြာခင်လွတ်တော့မှာ

ပဲ။ ဘာမှမပူနဲ့။ ဒေါ်ယမင်းလွတ်ရက်ကျရင် ညည်းလာခေါ်။ အိမ်

ညည်း လာမခေါ်နဲ့။ မေမေပဲ လာခေါ်ပါစေ၊ ကဲ သွားတော့"

ချို့ သက်မ,ရှည်ချည်းချကာ လှည့်ထွက်သွားတဲ့ မမော်ကို

အငေးသားကြည့်ရုံသာ တတ်နိုင်တော့သည်။

ဟုတ်တယ်လေ။

ချိုက ဘာမှ စီမံပိုင်ခွင့်ရှိသူ မဟုတ်ပါ။

ထောင်ဝင်စာဆိုလည်း ဒေါ်ယမင်းအတွက်ပါ စားသောက်

စရာနဲ့ လိုအပ်တဲ့ဆေးဝါးပါ ချို ထည့်ပေးနေကြပါ။





ဒေါ်ယမင်းကို အိမ်ပေါ်တင်ပြီး ထမင်းကျွေးထားဖို့ ဝန်မလေး

ပေမယ့် ဒေါ်ယမင်းက လူသတ်သမား။ မေမေက ဖဲသမား။ မောင်

လေးက အဖြုန်းသမား။

စရိုက်စုံနေတဲ့ ထိုသုံးယောက်နဲ့ တစ်အိမ်တည်း အတူနေရင်

ငြိမ်းသာမတက်နိုင်ဘူး ရှိမတဲ့လား။

အထူးသဖြင့် မမေမေလေ။

လက်ထဲမှာ ငွေမရှိရင် တကျီကျီ။ ချေးငှားဖို့ ဝန်မလေးရုံမက

ရှုံးလာရင် တွေ့သမျှလူကို မျက်မုန်းကြိုးပြီး ပြောဆိုတတ်သူ။ မေမေ

ပြောဆိုတာကို ချို သည်းခံနိုင်ပါသည်။

သို့သော် ဒေါ်ယမင်း သည်းခံနိုင်မတဲ့လား။ သည်းမခံနိုင်လို့

ဒေါသအလျှောက်ဖြစ်ကြရင် လက်စရှိတဲ့ ဒေါ်ယမင်းကြောင့် မေမေ

တစ်ခုခု ဖြစ်မသွားနိုင်ဘူးလား။

နောက်ပြီး ငမောက်က တစ်ဖွတ်ထိုးရှယ်။

ခက်ပါတယ် မမမော်။

မမမော်ကြောင့် တွေးတောပူပင်ရတာက တောင်ထက်မက

ကြီးလာပါပြီ။

တကယ်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဒီနေ့ သူဌေးလာမယ်တဲ့"

"ဟင် ဟုတ်လား ဦးလေး"

"ဟုတ်တယ် ရာကြီးပြောတာ။ တခြားလုပ်ငန်းရှင်တွေလည်း ပါဦးမယ်တဲ့။ သမီးချို သေချာဂရုစိုက်"

"ဟုတ်ကဲ့ပါ ဦးလေး"

ဦးလှထွန်းက ချို့ကို သတိပေးသလို ပြောရင်း ဂိုထောင်ဘက် ပြန်သွား၏။ ဦးလှထွန်းက ဒီပရိဘောဂစက်ရုံရဲ့ ဂိုထောင်စောင့်တာဝန် ယူထားတာလေ။

ချို မသိမှာစိုးလို့ ကြိုတင်လာပြောခြင်း။

တကယ်လည်း ချိုမသိပါ။

ဦးလှထွန်းကျေးဇူးနဲ့ ချို ဦးပုခိုင်ကိုယ်စား စက်ရုံ၏တံခါးမှူး





နေတာ ခုဆို တစ်လနဲ့ဆယ်ရက်တိတိ ရှိပါပြီ။

သူဌေးလာတဲ့အသံ တစ်ခါမှမကြားဖူးပါ။

ဒီနေ့ သူဌေးလာမယ်ဆိုတော့ ချို့စိတ်တွေ လှုပ်ရှားရတာ နှင့်ရယ်ပါ။

ဟုတ်တယ်လေ။

ချိုက ဒီစက်ရုံက ဝန်ထမ်းစစ်စစ်မဟုတ်ပါ။ အစားထိုးဝန်ထမ်း င့်ပါ။ တစ်ယောက်ယောက်က မနာလိုပြီး တစ်ခုခုပြောလိုက်လို့ ထုတ်နားပါဆိုရင် ခက်ရချေရဲ့။

ဒါကြောင့် ချို့စိတ်တွေ လှုပ်ရှားရကာ။

ဂိတ်ပေါက်ဝအဆောက်အဦလေးမှာနေရင်း အရာရာကို ကြီးစွာ လုပ်ဆောင်နေသည်။ ဦးစိုးမင်းနဲ့ စက်ရုံထဲက အကြီးတန်း ထမ်းတွေက ဂိတ်ပေါက်ဝအထိ လာပြီး ကြိုစောင့်နေသည်။

သိပ်မကြာပါဘူး။

သူဌေးကားတန်းကြီးနဲ့ ရောက်ချလာသည်။ သူဌေးဆိုသူက ယ်ကားနဲ့ပါလာမှန်းလည်း ချို အကဲမခတ်တတ်ပါ။

အနက်ရောင်မှာ မှန်အနက်ချထားတဲ့ ဖိမ်ခံကားက ခုနစ်စီးတိ း။ အလယ်ဆုံးမှာတော့ ဖိမ်ခံကားအဖြူရောင်တစ်စီး ပါလာသည်။

ထိုကားဖြူဖြူကလည်း မှန်အနက်ရောင်အပြည့် ချထားသည်။ သေချာတာက ထိုကားဖြူက သူဌေးကားထင်ရဲ့။

ဦးစိုးမင်း ထိုကားကိုပဲ အလေးထား၍ တစ်စိုက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ ချို အသင့်ဖွင့်ထားပေးတဲ့ ဝင်ပေါက်တံခါးကနေ အ ခုနစ်စီး ရှေ့ဆင့်နောက်ဆင့်ဝင်ကာ ဂိတ်ပေါက်ရဲ့ညာဘက် ကားစော မှာ ကားတွေ တန်းစီရပ်၏။

ဂျာကြီး သုတ်ခနဲပြေးသွားပြီး ထိုကားဖြူလေးတံခါးကို ဆွဲ ပေးသည်။

ကားဖြူလေးထဲကပုဂ္ဂိုလ်က ချက်ချင်းဆင်းမလာ။ တခြား ကားတွေက ပုဂ္ဂိုလ်များ အသီးသီးဆင်းလာကြသည်။

ဆင်းလာသူတွေက လုပ်ငန်းရှင်အမျိုးသားကြီး ဆယ်ယော တိတိ။ ပုံစံတွေက အရှိန်အဝါကြီးပါဘိသနဲ့။ ထိုအထဲမှာ လုပ်ငန်း အမျိုးသမီးကြီးနှစ်ဦး ပါသည်။ ပြီးတော့ ဒင်းတို့ရဲ့ ဘော်ဒီကတ် လည်း ပါတာမို့ စုစုပေါင်း အယောက်နှစ်ဆယ်ကျော်သည်။

ဦးစိုးမင်း ကြိုဆိုတဲ့ ထိုပုဂ္ဂိုလ်က နောက်ဆုံးမှဆင်းလာသည် ထိုပုဂ္ဂိုလ်က သူစီးလာတဲ့ကားကို အဖြူစွတ်စွတ် အနောက်တိုင်းဝတ် နှင့်။

အနီရဲရဲမှာ အဖြူရောင် ခပ်ပါးပါးအစင်းကြောင်းလေးများပါ နက္ကတိုင်နဲ့ စမတ်ကျပြီး ပေါ်လွင်ထင်ရှားနေသည်။

ဝိုင်းရံနေတဲ့ လူအများကြားမှ ညွှန်ဆောင်ဆီသွားဖို့ ဦးစိုးမင်း ခေါင်းဆောင်တဲ့အတိုင်း ဒီဘက်လှည့်လာလျှင် ထိုပုဂ္ဂိုလ်၏မျက်နှာ ချို ထင်ထင်ရှားရှားမြင်ရလျှင်။

ဘုရားရေ။





ချို အသက်ရှူဖို့ မေ့သွားလောက်အောင် ထိတ်ခနဲဖြစ်သွားရ သည်။ ဟုတ်တယ်လေ။ မဖြစ်ခံနိုင်ရိုးလား။

ထိုပုဂ္ဂိုလ်က ချို့အတွက် နတ်ဆိုးတစ်ပါးပေါ့။

ဘုရား ဘုရား။

ဒီနတ်ဆိုးနဲ့မှ လာလာပြီး ရေစက်ဆုံနေရတယ်လို့။ ညွှန်ရိပ် သို့ ဦးစိုးမင်း ခေါ်သွားတဲ့အတိုင်း တစ်ဖွဲ့လုံး သွားကြလျှင် ချိုက နတ်ဆိုးနဲ့ ထိပ်တိုက်မဖြစ်အောင် ဂိတ်ပေါက်အဆောင်လေးနှင့် မသိ သော ကွယ်ရပ်လိုက်သည်။

သူတို့ဝင်သွားပြီး အလုပ်ကိစ္စလုပ်ကြတာ၊ တော်ရုံနဲ့ ပြန်ထွက် လား။ ပရိဘောဂအရှော့ထည့် showroom မှာလည်း အချိန်ကြာ သည်။ ပုံစံထုတ်တဲ့ ဒီဇိုင်းခန်းမှာလည်း အချိန်မနည်းဘူး။

ပြီးတော့ လုပ်ငန်းရှင်တွေနဲ့ ရုံးခန်းထဲထိုင်ပြီး အကြေအလည် ဆွေးနွေးနေတဲ့ သူ့ပုံစံက တက်ကြွလျက်။ ပြီးတော့ တစ်ဖက်သား ဘက် ပါလာအောင် ပြောဆိုနေတဲ့ဟန်ကလည်း တခြားလုပ်ငန်းရှင် တွေအတွက် မက်လုံးအပြည့်နဲ့ ဆွဲဆောင်မှုရှိနေမှန်း ချို တွေ့နေရသည်။

ရုံးခန်းက မှန်ချပ်အဖြူတွေနဲ့ ကာရံထားသည် မဟုတ်လား။ ထိုရုံးခန်းက ချိုတာဝန်ကျတဲ့ ဂိတ်ပေါက်နဲ့ ဆယ်ပေလောက်သာ ခြား သည်။ ထိုရုံးခန်းက စက်ရုံတစ်ခုလုံးကို လှမ်းမြင်ကြည့်နိုင်သော ပေသုံး ဆယ်မကမြင့်သည်။ အဆောက်အဦးဖြစ်သည်။

ချိုက ဂိတ်ပေါက်အဆောက်အဦငယ်လေးထဲမှာ ရပ်၍



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်ရင် အတိုင်းသား မြင်နေသည်မဟုတ်လား။

ချို့ခမျာ စိတ်လှုပ်ရှားကာ သူ့ကိုသာ တစ်ငေးတည်း မော့မော့ကြည့်နေရတာ စိတ်ပင်ပန်းလှသည်။ ဒါပြင် ဇက်လည်း ညောင်း၏။

သူဦးဆောင်တဲ့ ထိုအဖွဲ့ သုံးနာရီခန့်လောက်ကြာမှ ပြန်ထွက်လာကြသည်။

ထို့နောက် ကားပေါ် အသီးသီးတက်ကြဖို့ ရုံးခန်းထဲက ထွက်လာလျှင် ချို့က ဂိတ်တံခါးကို အဆင်သင့်ဖွင့်ပေးထား၏။

ထိုအခါ ကားစတန်းဆီသို့ ထိုပုဂ္ဂိုလ်များနှင့် စကားတပြောပြောဖြင့် လျှောက်လာနေတဲ့ သူ့မျက်ဝန်းက ချို့ဆီ အမှတ်မထင်ရောက်၏။

"ဘုရားရေ"

ချို့ရင် ဒိတ်ခနဲခုန်ကာ။

တည်ငြိမ်အောင် ကြိုးစားရပ်ရင်း သူ့ကိုမကြည့်မိအောင် ဂိတ်ပေါက်မျက်နှာစာဘက် လှည့်နေလိုက်သည်။

သို့သော်လည်း သူ မျက်မှောင်ကြုတ်ကြည့်တာ ချို့ကို မှတ်မှတ်မိမိ ဖြစ်နေတာကိုတော့ ချို သိနှင့်နေသည်။

ကျွတ်။

မြန်မြန်သွားကြပါတော့။

ချို ဒါပဲ ဆုတောင်းနေရသည်။ တကယ်ရယ်။

✿ ✿ ✿



## အခန်း (၁၅)

"ဟူး"

ထိုကားတန်းကြီးထွက်သွားလျှင် ချို့ရင်ထဲမှ လေပူချည်း မှုတ်ထုတ်မိလေသည်။ ပြီးတော့မှ အသက်လည်း ပုံမှန်ရှူနိုင်တော့သည်။

နတ်ဆိုးက သူမကို မြင်ရလို့ စိုက်ခနဲကြည့်ပြီး ပြောလက်စစကား ရပ်ခြည်းရပ်သွား၏။

သို့သော်လည်း ချက်ချင်းဆိုသလို ထိုပုဂ္ဂိုလ်များနှင့် စကားအပြောမပျက်ဘဲ ကားဆီသွားကြလေသည်။

ဦးစိုးမင်းက သူ့အပါး ထက်ကြပ်မကွာ လိုက်ရင်း ဂရုတစိုက်ပြီး၏ ထို့နောက် ပြန်လာစဉ်ကအတိုင်း ထိုကားခုနစ်စီး တန်းစီ၍ထွက်သွားလေသည်။ ဒီတော့မှ ချို တကယ် အသက်ရှူချောင်ကာ။

ဂိတ်ဝမှ တောင့်တောင့်လေးရပ်နေတဲ့ချို့က တံခါးပိတ်ပြီးတော



www.burmeseclassic.com

www.burmeseclassic.com



နှဲ့ ဂိတ်ပေါက်မှ အဆောင်ငယ်လေးထဲ ဝင်နားလိုက်၏။ ဝင်နားပေမယ့်လည်း စိတ်က အမောမပြေတ်ချင်။ ဒါ့ပြင် ဗိုက်ထဲကလည်း တကြုတ်ကြုတ် မြည်လှပြီ။

နေ့လယ်စာစားချိန်လွန်နေမှန်း သိပေမယ့် မစားဖြစ်သေး။ အတန်ကြာမှ ထမင်းချိုင့်လေးဆွဲဖွင့်၍ စားမလို ပြင်ဆင်လိုက်သည်။

ချို ထမင်းနှစ်ဇွန်း သုံးဇွန်းမျှသာ စားရသေးသည် ဦးလူထွန်းက ပျာပျာသလဲ ရောက်လာသည်။

"ဟင် သမီးချို အခုမှ ထမင်းစားတာလား"

"ဟုတ်တယ် ဦးလေး။ ဒါနဲ့ ဘာဖြစ်လို့လဲဟင်"

"ပြောစရာရှိလို့ လာခဲ့တာ"

"ပြောစရာရှိလို့ ဟုတ်လား ဦးလေး"

"ဟုတ်တယ်ကွဲ့"

"အဲဒါဆိုလည်း ပြောလေ"

"စား ပြီးအောင်စားလိုက်။ စားပြီးမှ ပြောတော့မယ်။ ကား တွေလာရင် ဦးလေးပဲ တံခါးဖွင့်ပေးမယ်။ သမီးချို ပြီးအောင်စား"

ဦးလူထွန်းက ဣန္ဒြေမပျက်အောင် ထိန်းပြီး ပြောလိုက်သည်။ ချို သက်မလေးချရင်း ထမင်းဆက်စားလေသည်။

သို့သော်လည်း ခံတွင်းမမြိန်လှပါ။ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ကာ။ ချို ကံဆိုးစရာတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပြီလား။

ပြောပါ နတ်ဆိုးရယ်။



## အခန်း (၁၆)

"အင့်"

ချို့ရင်ထဲမှာ ထိန်းထားလို့မရပါ။ အင့်ခနဲ ရှိုက်မိသွားလျှင် ...ရှကြေကွဲနေတဲ့ ရင်ထဲမှတစ်ဆင့် ဝမ်းနည်းမျက်ရည်တို့မှာ ...ဝန်းအိမ်နှစ်ဖက်မှာ စဝေးသွားသလို မျက်ရည်ဥတို့လည်း တလိမ့် ...တျလေသည်။

"ဦးစိုးမင်း ပြောခိုင်းလိုက်တယ်၊ သမီးချို အလုပ်နားရမယ်တဲ့"

"ဘာ"

ဦးလူထွန်းလေသံတိုးတိုးဖြင့် အားတုံ့အားနာ ပြောလိုက်သော် ...း ချို့ရင်ထဲမှာ လှုပ်ခုန်သွားတာက ဝုန်းခနဲရယ်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ ဦးလေးရယ်။ ချို့ဘက်က ဘာချွတ်ယွင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလို့လဲ။ ချို ဂရုစိုက်ပြီး လုပ်ကိုင်ပေးတယ်လေ"

"ဦးလေး သိပါတယ်။ ဒါပေမဲ့ ဂျာကြီးက ဦးလေးကို ခေါ်ပြော တာ။ ပြီးတော့ ဒီလမပြည့်သေးပေမယ့် တစ်လစာ တစ်ပါတည်း တယ်။ ရော့ ဒီမှာလစာ။ ယူပြီး ခုချက်ချင်းပဲ ပြန်ပါတော့တဲ့"

"ကျွတ်"

ဦးလေးကမ်းပေးတဲ့လစာငွေကိုကြည့်ရင်း ချို့ရင်ထဲမှာ ခံပြင်း သွားသည်။ ဦးလေးကမ်းပေးတဲ့လစာကို ဖျတ်ခနဲဆွဲယူရင်း လှ ခြေလှမ်းလှမ်းသွားသည်က ဂျာကြီးရုံးခန်းဆီ။

"သမီးချို ဘယ်လဲ"

ဦးလူထွန်း ထိတ်ထိတ်ပျာပျာမေး၏။ ချို ပြန်မဖြေ။ တစ်ရှိန်ထိုး ထွက်ခဲ့လျှင် ဦးလေး အော်ခေါ်ရင်း ဟန့်တား၏။

"ဟေ့ သမီးချို၊ နေဦးလေ။ ပြဿနာတွေတော့ တက်ကုန် တော့မှာပဲ"

"တက်ပစေ"

ချို အံကြိတ်၍ပြောဆိုရင်း ရှေ့ဆက်တိုးခဲ့သည်။ ဟုတ်တယ် လေ။ အလုပ်ရပ်နားရမယ့်အတူ ဘာမှမထူးတော့ပါ။

ဖြစ်ချင်ရာဖြစ်စေတော့။

ဒါကြောင့် တစ်ခါမှ မဝင်စဖူး ဂျာကြီးရုံးခန်းထဲ အရှိန်မပျက် လှမ်းဝင်ခဲ့၏။

ဂျာကြီးကိုယ်ရေးအရာရှိက –





"ဘာကိစ္စလဲ တယောချို"

"ဂျာကြီးနဲ့တွေ့ရင် သိရစေမယ်"

ချိုပြောပြီး ဂျာကြီးရုံးခန်းတံခါးကို ဖွင့်ဝင်လေသည်။

"ဟင်"

စားပွဲရှေ့ ဘွားခနဲလာရပ်တဲ့ မိန်းကလေးကို ဖုန်းပြောနေတဲ့ ဦးစိုးမင်း တအံ့တသြမော့ကြည့်၏။

ပြောလက်စဖုန်းကို ခဏဖယ်ပြီး –

"ဘာဖြစ်လာတာလဲ"

"ချို့ကို အလုပ် နားခိုင်းလိုက်တာ ဘာဖြစ်လို့လဲဟင်"

ဦးစိုးမင်း မသိမသာ သက်မချလိုက်ရသည်။ ဘာကြောင့်မှန်း သူလည်း မပြောနိုင်ပါ။ သေချာတာက ဘော့စ်ထွက်သွားပြီး ဆယ်မိနစ် င် မကြာ။ ဘော့စ်ရဲ့ကိုယ်ရေးအရာရှိ ကိုသစ္စာက ဂိတ်ပေါက်စောင့် မိန်းကလေးကို အလုပ်ထုတ်ရန် ညွှန်ကြားလာသည်။

သူလည်း အံ့သြရ၏။

သို့သော်လည်း စိတ်မကောင်းစွာပဲ ဦးလူထွန်းကို ခေါ်ပြီး အလုပ်ရပ်နားဖို့ ပြောခိုင်းလိုက်ရသည်။

ခုတော့ ထိုမိန်းကလေး စိတ်ထိခိုက်စွာ သူ့ရှေ့ရောက်ချေပြီ။ သို့သော်လည်း သူ့ဘက်က ဝိရိစွာ တုံ့ပြန်ရလေသည်။

"ဝမ်းနည်းပါတယ် တယောချို။ မိန်းကလေးနဲ့ မသင့်တော်တဲ့ တာဝန်မျိုး ဖြစ်ဟန်တူပါတယ်။ ဒါကြောင့်ပါ။ လစာလည်း အပြည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တယ် သမီးရဲ့"

"မဟုတ်ဘူး ချို့က အလုပ်လုပ်ချင်တာပါ။ ဦးပုနိုင်က နောက် နှစ်လကြာရင် အလုပ်ပြန်ဝင်မှာတဲ့။ ဦးပုနိုင် အလုပ်ဝင်တဲ့အထိ ချို့ လုပ်ချင်လို့ပါ။ အလုပ်လက်မဲ့ဖြစ်နေလို့ပါ ဂျာကြီးရယ်။ ဦးပုနိုင် လာတဲ့အထိ လုပ်ခွင့်ပေးပါလား။ ချို့ အနူးအညွတ် တောင်းပန်ပါတယ် ချို့တို့မိသားစု အရမ်းကျပ်တည်းနေလို့ပါ။ ကူညီပါနော် ဂျာကြီး"

အယူခံဝင်သလိုပြောနေရင်း ချို့မျက်ရည်တွေပါ လိမ့်ကျ သည်။ တကယ့်ဘဝမှန်ကို ထုတ်ပြောနေမှန်း သိသော်လည်း ဦးစိုးမင်း ဝမ်းနည်းရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။

"ဆောရီးပါ၊ ဘော့စ်ဆီကလာတဲ့ ညွှန်ကြားချက်ဖြစ်နေလို့ သမီးအကူအညီတောင်းတာ အနက်ကယ့်အနေနဲ့ ကူညီပေးဖို့ ခဲယဉ်းနေ ပါတယ်။ ဒါကြောင့်ပါ။ တခြားအလုပ်တွေရှိသားပဲ ရှာကြည့်လိုက်ပါ"

"မလွယ်လွန်းလို့ပါ၊ ကူညီပါနော် ဦးပုနိုင်"

ချို့စကား မဆုံးသေးပါ။ ဦးစိုးမင်းက လက်တား၍ ဟန့်တား လျှင် ချို့မျက်ရည်တို့ ပိုသည်းသွား၏။

ထိုအခါ ချို့လက်မှာ ဆုပ်ကိုင်ထားတဲ့ လစာငွေကို ငုံကြည့် လိုက်ပေမယ့် ပိုက်ဆံတွေကို သည်းသည်းကွဲကွဲ မမြင်ရတော့ပါ။

သို့သော်လည်း ပိုက်ဆံတွေကိုဖြန့်ရင်း ရေတွက်ကာ ချို့ လုပ်အားခဆယ်ရက်နဲ့ တစ်မွန်းတည့်စာကို တွက်ချက်ပြီး ကျန်တဲ့ငွေ ဂျာကြီးစားပွဲပေါ် ထိုးတင်ပေးလိုက်သည်။





"ဟင်"

ထို့နောက် ချာခနဲလှည့်ထွက်သွားတဲ့ ထိုမိန်းကလေးကို ဦးစိုး တအံ့တသြ ပြူးကြည့်ရင်း သက်မရှည်ကြီး ချဖြစ်သွားသည်။

မိန်းကလေးရယ်။

မိန်းကလေးရဲ့နောက်ကျောခြင်းနောက်က မာနက စိတ်မကောင်း ရှာရယ်ပါ။

တကယ်ဆို သုံးလစာလုံးယူပြီး သွားရမှာ။

ခုတော့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"သမီးချိုရယ်၊ ဘာလို့ တကြိတ်ကြိတ် ငိုနေရတာလဲ"

ဒေါ်လေးယမင်းမေးလျှင် ချို မျက်နှာလွှဲ၍ မျက်ရည်သု... လိုက်မိသည်။ ဒေါ်ယမင်းက သူမလေးအပါး စာနာစိတ်နဲ့ ထိုင်ရှ... သူမလေး၏ မျက်ရည်တွေကိုလည်း ကြင်ကြင်နာနာ သုတ်ပေးမိသ...

"ငိုနေလို့ ဘာထူးမှာလဲ"

"ငိုမှာပေါ့၊ ချို ဘာဖြစ်နေသလဲဆိုတာ ဒေါ်လေးသိရှ..."

ချို့စကား ဆက်ပြောလို့မရအောင် ချို့နှုတ်ခမ်းလွှာ... ဒေါ်ယမင်း လက်ညှိုးလေးနဲ့ တေ့ပိတ်လိုက်၏။

ထို့ပြင် သူမကို စိုက်ကြည့်၍ –

"ချို ဘာဖြစ်လာမလဲဆိုတာ ဒေါ်လေး သိပါတယ်"

"သိတယ်"





"ဟုတ်တယ် သိတယ်၊ သမီးမရောက်ခင် မိသူက ဒေါ်လေး [illegible]ကိုပြောသွားတယ်။ ချို့ကို အလုပ်နားလိုက်ရပြီဆိုတဲ့အကြောင်း"

"ဒေါ်လေးရယ်"

ချို ပို၍ ဝမ်းနည်းသွားသည်။ ဒေါ်ယမင်းလည်း သူမလေးကို [illegible]သနားမိ၏။ ထို့ပြင် သူမလေးရဲ့ပူပင်သောကကိုလည်း မျှဝေခံစား[illegible]ချင်သည်။

ဒါကြောင့် သူမလေးကို ရင်ခွင်ထဲပွေ့ထား၍ နှစ်သိမ့်စကား [illegible] သည်။

"ဒေါ်လေး နားလည်ပါတယ်။ ချို့သောကကို ဒေါ်လေး [illegible]ခံစားပေးလို့ ရပါတယ်။ အဲဒီအလုပ်မရတော့လို့ ဝမ်းနည်းနေရင် [illegible] ဝင်ပန်းနေမှာ။ တခြားအလုပ်ရှာရအောင်လား"

"မလွယ်လို့ပေါ့ ဒေါ်လေး"

"ချို အနှိပ်သည်လုပ်တယ်ဆို အရင်တုန်းက"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဝင်ငွေက ပုံမှန်မဟုတ်ဘူး။ ပုံမှန် [illegible]ရတဲ့အလုပ်ကို လုပ်ချင်လို့ အဲဒီမှာ ဝင်လုပ်တာ။ အဲဒီကတည်းက [illegible] အလုပ်တပြုတ်ပြုတ်နဲ့ ဖြစ်နေတာလေ"

"ကဲပါ ဒေါ်လေးလည်း နိုင်တဲ့ဘက်က ဝိုင်းကူပါ့မယ်"

"ရပါတယ်။ ချို့အလုပ်ပြန်ရရင် ဘာမှမပူဘူး။ အလုပ်မမြဲလို့ [illegible]ထိခိုက်ရတာပါ ဒေါ်လေးရယ်။ အိမ်မှာက ဝင်ငွေပုံမှန်မရှိဘူး။ [illegible]တွေကလည်း များနေပြီ။ ဒါကြောင့် ချို အလုပ်မြဲမြဲ လုပ်ချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒေါ်လေး နားလည်ပါတယ်။ သမီးချို
ဖူးတွေ ဒေါ်လေးအပေါ်မှာ ရှိပါတယ်။ ဒါကြောင့် အလုပ်တစ်နေရာ
အောင် ဒေါ်လေးလည်း ဝိုင်းကူရှာပေးမယ်။ သမီးချို့ အနှိပ်သည်
ဆက်လုပ်မှာလား"

"လောလောဆယ် ဖောက်သည်ဟောင်းတွေကိုပဲ ပြန်ဆ
သွယ်ရမယ်လေ။ ပြီးမှ လခစားအလုပ်ကို ပြန်ရှာမယ်"

"အေး အဲဒါကောင်းတယ်။ သမီးချို နှိပ်ဖို့သွားရင် ဒေါ်လေး
လည်း လိုက်မယ်"

"တ ကယ်"

ချို မယုံနိုင်အောင် ဖြစ်သွားသည်။ ဒေါ်ယမင်းက ပြုံးပြုံး
ခေါင်းညိတ်၍ပြောသည်။

"တကယ်ပေါ့။ အနှိပ်သည်ဆိုတာ ယောက်ျားမိန်းမ ရွေး
လို့မရဘူး။ ဖောက်သည်ဖြစ်အောင် လုပ်ပေးရမယ်လေ။ သမီးအတွ
အကာအကွယ်ရဖို့ ဒေါ်လေးလိုက်မှာပေါ့"

"ဒေါ်လေးရယ်"

ချို အားကိုးတကြီးဖြစ်ကာ ဒေါ်လေးလက်ဖဝါးလေးကို ဆု
ကိုင်မိသွားသည်။

ထောင်ထဲမှာ ငါးနှစ်နေလာရလို့ ဒေါ်လေးလက်ဖဝါးလေး
ကြမ်းရှနေပေမယ့် ချို့အတွက် နွေးအားတွေဖြစ်စေပါတယ်။

နောက်ပြီး ဒေါ်လေးမှာ ဒီလိုစာနာတတ်တဲ့စိတ်ရင်းလေး





နှိုးနေလျက်နဲ့ လူသတ်မှုကြီးတစ်ခုကို ကျူးလွန်ခဲ့တယ်ဆိုတာ မယုံနိုင်
အောင် ဖြစ်ရလေသည်။

ဘာပဲဖြစ်ဖြစ် ချို စိတ်ပူခဲ့တာနဲ့ လွဲနေတာကို သိမြင်လိုက်ရ
တော့ ချို ပိုပြီးအားတက်သွား၏။

ဒါကြောင့် ဒေါ်လေးလက်ကို တင်းအောင်ဆုပ်ထားလျက်နဲ့–

"ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်။ ချို့နားမှာ တစ်ယောက်
ယောက် အဖော်ပါရင် ချို့အတွက် အားရှိပါတယ်။ အကာအကွယ်
လည်း ရပါတယ်။ ဒါပေမဲ့ မေမေက ချို့နဲ့အတူ အဖော်လိုက်ပေးဖို့ထက်
ဝိုင်းထိုင်ဖို့ပဲ ဓာတ်ကျတာလေ။ ဒါကြောင့် ချို့ အနှိပ်ခံမယ့်သူကို
ရွေးနေရတယ်။ ဒေါ်လေးရှိနေရင် ချို့ လူရွေးစရာမလိုဘူးလေ"

"ဟုတ်တာပေါ့၊ ဒေါ်လေးလည်း သမီးချို့ရဲ့အနှိပ်ပညာကို
သင်ယူမယ်လေ"

"ဒေါ်လေးရယ်၊ ချို ဝမ်းသာလိုက်တာ"

အားရဝမ်းသာ ဖက်ထားလိုက်တဲ့ သူမလေးကို ဒေါ်ယမင်း
လည်း မြတ်မြတ်နိုးနိုး ဖက်ထားမိတယ်။

ဒီမိန်းကလေးကို သူမရဲ့ သားရင်း သမီးရင်းထက် ပို၍များ
ချစ်ခင်မိသွားသလားပဲ။

ဟုတ်တယ်လေ။

သူမမှာ သားနဲ့သမီး ရှိခဲ့ဖူးသည်။

ဟင့်အင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ မတွေးချင်ပါ။ သူမ မိုက်မဲခဲ့တဲ့အတိတ်ကို ပြန်မတူးဆွချင်တော့ဘူးဆိုရင် ပိုမှန်လိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ သူမ မိုက်မဲမှုကြောင့် သားသမီးတွေနဲ့ ဝေးကွာကာ ဘဝရဲ့ထဲ ပက်လက်မျောနေခဲ့တဲ့ဖြစ်စဉ်တွေကို သူမ ဖန်တီးခဲ့သည့် မဟုတ်လား။

ထို့ကြောင့် ထိုဖြစ်စဉ်ဆိုးတွေကို။

ဟင့်အင်း။

မတွေးလိုတော့ပါ။

လောလောဆယ် ဒီမိန်းကလေးရဲ့ ကျေးဇူးတရားက သူမ ကိုယ်ထဲ သွေးတွေလို စီးဆင်းနေတယ် မဟုတ်လား။

ထိုသွေးတွေကို ဖောက်ထုတ်ပစ်လို့မရအောင် နိုင်ကြည်နေတာမို့ သူမလေးရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့သာ ဆန္ဒတွေ ဆူပွက်နေခဲ့သည်။

ဒါကြောင့် ခုချိန်ကစပြီး ဒီမိန်းကလေးနဲ့ ဘဝသစ်ကို လှလှပပ ဖြတ်ကျော်ဖို့ ဆုံးဖြတ်မိလျှင်။

✿ ✿ ✿



## အခန်း (၁၀)

"အမယ် ပျော်နေတယ်ပေါ့လေ"

ရှိုက်ရှင်ဖွယ်မျက်စောင်းလှလှလေးထိုးပြီး မိသူ မေးလျှင် ချို ...လေး ပြုံးမိသွားသည်။

"ပျော်တာပေါ့ ဟ"

"ဟွန်း အစတုန်းကတော့ ရှင်ပဲ ဒေါ်ယမင်းကို လက်မခံချင် ...နေတာလေ"

"ဒါကလည်း အကြောင်းမဲ့မှ မဟုတ်တာ မိသူရယ်။ အဲဒီတုန်း ... ချို စိတ်ပူတာတစ်မျိုး"

"ဟုတ်တယ်၊ မိသူလည်း အဲလိုပဲတွေးမိသေးတယ်။ ဒေါ်ယ ...င်း ရောက်လာရင် ဘယ်လိုပုံစံဖြစ်ကြမလဲဆိုတာလေ။ ခုတော့ အိုကေ ...နေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟ"

ချို အားတက်သရော ပြန်ပြောဖြစ်သည်။ မိသူက လက်ကို
ကိုင်းထိုးဖို့ ဖန်စီတောင့်တွေကို ခွက်ကလေးထဲ သွန်ထည့်ရင်းပြော

"အင်း တစ်ခါတစ်ရံမှာ မထင်မှတ်တဲ့ ကံကောင်းမှုတွေ
ကြုံရတာမျိုးလည်း ရှိသားပဲနော်"

"အင်း"

ချိုက ပုလဲလုံးဖန်စီတွေ သပ်သပ်ခွဲဖယ်၍ ထိုးလက်စ လ
ကိုင်အိတ်လေးကို ဆက်ထိုးနေလိုက်သည်။

မိသူပြောသလို ကံကောင်းတာနဲ့ ကြုံရတယ်လို့ ချို တကယ်
ပင် ယူဆမိသည်။

ဒေါ်ယမင်းက ချိုသွားရာနောက် တကောက်ကောက် လိုက်
လေ့ရှိသလို ချို နှိပ်ပုံတွေကိုလည်း ဂရုတစိုက်ကြည့်ရှုမှတ်သား
ဘယ်နည်းဘယ်ပုံ နှိပ်ရကြောင်း ပြောပြရင်လည်း နားလည်လွယ်
ချို့အတွက်လည်း အဖော်ရလေသည်။

ခုမှပဲ ချို့ဘွားဘွားလို ဒေါ်ယမင်းကို အားကိုးနေရပြီ။ ဟု
တယ်လေ။

ချို့ဘွားဘွားက တစ်သက်လုံး အနှိပ်ပညာနဲ့ အသက်မွေး
တာ။ ချိုက အဘွားနောက် တကောက်ကောက်လိုက်ရင်း တတ်ကျွ
လာခြင်း ဖြစ်သည်။

ဘွားဘွားဆုံးတာ ချို ရှစ်တန်းနှစ်မှာ။





ဘွားဘွားဆုံးပြီးကတည်းက ချို့ဘဝမှာ ကြမ်းတမ်းနေခဲ့သည်။
ထိုစဉ်က ဖေဖေ ရှိသေးသည်။

သို့သော်လည်း ဖေဖေနဲ့မေမေက မျက်နှာကြောမတည့်လှပါ။
မျက်နှာချင်းဆိုင်သည်နှင့် ရန်ဖြစ်လေ့ရှိသည်။

ဖေဖေကလည်း မေမေ့လိုပဲ ဖဲသမား။ ပိုဆိုးသည်က အရက်
ထည်း အလွန်အကျွံသောက်သူဖြစ်သည်။ ဒါကြောင့် ဖေဖေ့ရဲ့လစာ
အိမ်ကို ပါမလာတတ်ပါ။ မေမေကလည်း အိမ်စရိတ်အတွက် မပူပင်။

ဘွားဘွားရှာဖွေစုဆောင်းခဲ့တဲ့ ရွှေထည်လေးများကို အလွယ်
တကူ ထုတ်ရောင်းရင်း ဖေဖေနဲ့မေမေ ဝေပုံချ သုံးပစ်လေသည်။

ထိုအချိန်မှာ မမက ချဲကစားရာမှ ကော်မရှင်စား ချဲရောင်း
ခြင်း စတင်တော့သည်။

မိသားစု ထမင်းနပ်မှန်ဖို့ ချိုက ကုန်စုံဆိုင်က အကြွေးယူပြီး
စီခန့်ခွဲရသည်။ ထိုအကြွေးအတွက် ချိုက ဘွားဘွားဖောက်သည်တွေ
ကို လျှော့ဈေးနှင့် လုပ်ဆောင်ပေးရင်း ဝင်ငွေလည်ပတ်နိုင်အောင်
ကြိုးစားရသည်။

သို့သော်လည်း ကျောင်းတစ်ဖက်နဲ့မို့ အလုပ်က မတွင်လှပါ။
ဒီလိုနဲ့ ရုန်းကန်နေရတာ ချို ဆယ်တန်းရောက်တဲ့အချိန်မှာ လုံးဝ
မပြေလည်တော့ပါ။

ဖေဖေက အရက်စွဲကာ ကြောင်တောင်တောင်ဖြစ်၏။

မေမေ့မှာ ဖဲကြွေးတွေကလည်း မနည်းမနော။ ဒီကြွေးထဲ



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်စ မောက်မောက်က အသုံးကြမ်း၏။

မမတစ်ယောက်တည်းရဲ့ဝင်ငွေနဲ့ ရပ်တည်နေရပေမယ့် မလွယ်လှပါ။

ဒါကြောင့် ချို ကျောင်းထွက်ကာ အနှိပ်သည်အလုပ်ကို ခွဲခွဲမြဲမြဲလုပ်ရလေပြီ။

သိပ်မကြာခင်မှာ အရက်ကြောင်,ကြောင်နေတဲ့ ဖေဖေ အိမ်ပေါ်က လိမ့်ကျပြီး ဆုံးရှာသည်။

ထိုအခါ မေမေက ပို၍ လွတ်လပ်သွားဟန်တူသည်။ ရုပ်ကျော် ရှာကျော် သွားရောက်ပြီး ဖဲကစားတော့သည်။

မမက ချဲခွဲကာ ချဲထိုးရင်း ချဲလောင်းရင်းနဲ့ အကြွေးပါတင်၏။ ထို့နောက် ချဲဒိုင်နဲ့ စကားများပြီး မကြာခင် မမအဖမ်းခံလိုက်ရသည်။

မမလွတ်ဖို့ မေမေက အိမ်ခြံရောင်းပြီး လိုက်သော်လည်း ငွေသာ ကုန်သည်။ နောက်ဆုံးမှာ မမ ထောင်ကျတဲ့အဖြစ်။

အဲဒီတော့ တစ်မိသားစုလုံးရဲ့ စားဝတ်နေရေးက ချို့ခေါင်းပေါ် ပုံကျသလို ဖြစ်ကာ။ ဒီကြားထဲ ချို အလုပ်တပြုတ်ပြုတ်ရယ်။

ဘာပဲဖြစ်ဖြစ် ဒေါ်ယမင်း အဖော်လိုက်ပေးလို့ ခုချိန်မှာ ချို ဖောက်သည်ရှိရာ တကောက်ကောက် သွားနိုင်တာမို့ တစ်လတစ်လ အလျှင်မီလာသည်။

ဒါ ကံကောင်းခြင်းပဲပေါ့။ သို့သော်လည်း ချို့ရင်ထဲမှာ ကံဆိုးခြင်းနိမိတ်တစ်ခု ခံစားနေရသည်။ ဘာဖြစ်လို့လဲဆိုတော့။



## အခန်း (၁၅)

"ဟင်"

ချို့ကို စိုက်စိုက်ကြည့်နေတဲ့ နတ်ဆိုးအကြည့်ကို ရုတ်ခြည်း ရင်ဆိုင်ရလေပြီ။

ထိုနေ့က ချို့နဲ့ဒေါ်ဒေါ် ဖောက်သည်တစ်ဦးဆီကအပြန်လမ်းမှာ ခင်းရောင်းနေတဲ့ သစ်သီးတန်းမှာ စပျစ်သီးရွေးဝယ်နေချိန် ဖြစ်သည်။

ယာဉ်ကြောကျပ်လို့ ကားတန်းက လမ်းမပေါ်မှာ တစ်သီတစ်တန်းကြီးဖြစ်နေတာက ချိုတို့ဝယ်နေတဲ့ ပလက်ဖောင်းဘေးက ဆိုင်တာလေးရှေ့မှာတင် ကားတွေတရပ်ရပ်နှင့်။

ဒေါ်ဒေါ်က ဒေါ်ဒေါ့်အကြိုက် ယိုးဒယား စပျစ်သီးအလုံးကြီးတစ်ထုပ်ရွေးရင်း ချို့ကိုလည်း ထိုစပျစ်သီးကောင်းကြောင်း ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



စားကြည့်စေသည်။

ချိုလည်း စားကြည့်တော့ အကောင်းသား။

အသားပြည့်သလို အရည်လည်းရွှမ်းပြီး ချိုမြ၏။ ဒါကြောင့် ချိုလည်း သဘောကျကာ နောက်တစ်ထုပ်ဝယ်ရအောင် ပြောမိ၏။ ဒေါ်ဒေါ်က စပျစ်သီးအထုပ်တွေထဲက ကောင်းတဲ့အထုပ်ကို ရွေးနေတာ။

ချိုက ချို့ကို တစ်ယောက်ယောက်ကြည့်နေသလို ခံစားရတာကြောင့် စပျစ်သီးအလုံးကြီးတစ်လုံး ကိုက်စားနေရင်း ဟိုဒီကြည့်မိလျှင်

"ဟင်"

ခနဲ ဖြစ်ရလေပြီ။

ကားတန်းတွေကြားမှာရပ်နေတဲ့ ဖိမ်ခံကားအနက်၏ကားနောက်ခန်းမှ ချို့ကို စိုက်ကြည့်နေတဲ့သူ။

အကြည့်ချင်း ရုတ်ခြည်းဆုံလျှင် ချို ကိုက်စားနေတဲ့ စပျစ်သီးပင် လွတ်ကျသွား၏။

သူကြည့်နေတဲ့ပုံစံက အကြောင်းသုံးပါးမရွေးတဲ့ နဂါးမျက်စောင်းလို ချို ခံစားရ၏။

အိုး ချိုနဲ့သူ ဘာမှမဆိုင်ဘူး။ လောလောဆယ် ချိုက သူ့ဝန်ထမ်းမဟုတ်ဘူး။ ဘာမှ အရေးစိုက်စရာမလိုဘူး။

ဟုတ်တယ်၊ ချို ဣန္ဒြေမပျက်အောင် မာန်လေးတင်၍ သူ့ဆီက အကြည့်ကို ရုပ်သိမ်းမိ၏။





ထို့နောက် စပျစ်သီးနှစ်ထုတ်ဖိုးရှင်းကာ ဒေါ်ဒေါ် လက်ကိုဆွဲပြီး ထွက်ခဲ့သည်။ ဒေါ်ဒေါ်က ဘာမှမရိပ်မိရှာ။ ချို ဆွဲခေါ်တဲ့အတိုင်းပါလာသည်။ ချိုတို့ တစ်ဖက်လမ်းဖြတ်ကူးရင်း သူ့မျက်ကွင်းထဲကလွှင့်ထွက်နိုင်ခဲ့သည်။

သို့သော်လည်း ရင်ထဲထင့်နေတာ ခက်လှသည်။

"ချိုရယ် ရှင်က သူနဲ့ဆုံလို့ ကောင်းနေတဲ့ကံက ညှိုးချင်တယ်လို့ထင်နေတာလေား"

"ဒါပေမဲ့ ... သူနဲ့ဆုံရင် ချို ကံဆိုးတတ်တယ်လေ"

"မဆိုင်လိုက်တာ"

"ချိုလည်း မဆိုင်ဘူးလို့ စိတ်ကိုတင်းထားတာ။ ဒါပေမဲ့ ရင်ထဲမှာ မလုံခြုံသလိုပဲ"

"ဘာပဲဖြစ်ဖြစ် ချို့ဘေးမှာ ဒေါ်ဒေါ်ပါနေတာပဲ"

"ဟုတ်ပါတယ် မိသူရဲ့။ ဘာပဲဖြစ်ဖြစ် အဲဒီနတ်ဆိုးအကြည့်နဲ့နောက်ထပ် လုံးဝ,လုံးဝ-မဆုံပါစေနဲ့လို့ တကြိတ်ကြိတ် ဆုတောင်းနေတယ်"

"အေးနော်၊ အဲဒီငနဲကလည်း ဘာမှန်းမသိဘူး။ ဖေဖေကတော့ သိပ်သဘောကောင်းတယ် ပြောပြောနေကျ"

"အေးလေ၊ ကောင်းတဲ့သူအတွက် ကောင်းပြီး ချို့အတွက် ဆိုးနေတာလေ။ ဒါကြောင့် ချို့စိတ်က ထင့်နေတာ"

"ကဲပါ မဖြစ်လာသေးတာကို တွေးပူမနေနဲ့။ သူနဲ့ချိုက

www.burmeseclassic.com



အလှမ်းအဝေးကြီး။ နောက်တစ်ခါဆုံနိုင်ဖို့ လွယ်တာမှမဟုတ်

"ဟုတ်တယ်နော်၊ မဆုံနိုင်ပါစေနဲ့လို့လည်း ဆုတောင်း

တယ်"

"ချို ဆုတောင်းပြည့်မှာပါ"

"အင်း ဆုတောင်းပြည့်ပါစေ။ ညနေကျရင် ရှင်နဲ့ချို ဟို

ရပ်ကွက်က ဆုတောင်းပြည့်စေတီလေး သွားဖူးရအောင်လား"

"ကောင်းသားပဲ၊ ဒီပုလဲအိတ်လေးထိုးပြီးရင် သွားကြ

လေ"

"အိုကေ"

ချိုလည်း တက်ကြွကာ ဆုတောင်းတွေပြည့်စေဖို့ ဆုတော

ပြည့်စေတီတော်လေးကို ညွတ်တွားမိ၏။

သို့သော်။

✿ ✿ ✿

## အခန်း (၂၀)

"ကျို"

"အမေ့"

ချို လန့်ဖျပ်ပြီး ခြေလှမ်းလေး နောက်ဆုတ်မိ၏။ ရင်ထဲမှာ

ည်း ဘုရားတရင်း ဘေးနားကပ်ရပ်လိုက်တဲ့ ပါရာဒိုကားကြီးကို

အမှုမနှပ် လှမ်းကြည့်လိုက်သည်။

ထိုးရပ်လိုက်တဲ့ ထိုကားပေါ်မှ ဦးစိုးမင်း ဆင်းလာပြီး –

"သမီး တယောချို"

ခေါ်သံကြောင့် နောက်ဆုတ်နေမိတဲ့ ခြေလှမ်းလေးတန့်၍

င်းကို တအံ့တသြကြည့်မိပြီး –

"ဘာကိစ္စရှိလို့လဲ"

"သမီးမှာ အကူညီလာတောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ချို့မှာ"

"ဟုတ်တယ်"

"ဘုရားရေ"

ချို ရင်ဘတ်လေး တကယ်ဖိမိ၏။ ရင်ထဲမှာလည်း အံ့ဩလွ
ပြီး တုန်တုန်ယင်ယင် ဖြစ်၏။

ဘာတဲ့။ ချို့မှာ အကူညီလာတောင်းတာပါတဲ့။

ချို့လို ခြေမဲ့လက်မဲ့မိန်းကလေးက မြန်မာပြည်က အကြီး
ပရိဘောဂစက်ရုံကြီးရဲ့ မန်နေဂျာက အကူအညီတောင်းမလို့တဲ့။

ဒီစကားက သူများကြားရင် ရယ်နေဦးမယ်။

"ဟုတ်တယ် သမီးချို"

မိသူ့ဖေဖေ ဦးလူထွန်းလည်း ကားပေါ်ဆင်းလာသည်။

"ဘာ ဘာ ဟုတ်တာလဲ ဦးလေး"

"ဂျာကြီးက သမီးချို အလုပ်ပြန်ဝင်ဖို့ အကူအညီလာတောင်
တာပါ"

"ဟုတ်ပါတယ် တယောချို"

ဦးလူထွန်း စကားမဆုံးခင် ဦးစိုးမင်းလည်း ဝင်ပြော
ချို ဘာပြောရမှန်းမသိအောင် ထိုနှစ်ယောက်ကို အပြန်အလှန် ကြည့်
ဖြစ်၏။

"အန်ကယ်က ကိစ္စတစ်ခုနဲ့ ရောထွေးပြီး သမီးကို အလု
ဖြုတ်မိသွားတယ်။ နောက်မှ ဦးလူထွန်း ပြန်ပြောပြတော့ အန်က





တက လွဲနေမှန်း သိရတယ်။ ဒါကြောင့်ပါ"

ချို ခေါင်းလေးရမ်းမိသွားသည်။

ဦးစိုးမင်းပြောနေတာက တစ်ခုခုကို ဖုံးကွယ်ထားပြီး သူ့
ကြောင့် ချို အလုပ်ထွက်ရတာကိုပဲ ဖိပြောနေသည်။

"ရပါတယ် ဂျာကြီး။ ချို အလုပ်ရနေပါပြီ။ ချို ဝန်ထမ်းမလုပ်
တော့ဘူး"

"ဟာ သမီးချို၊ အဲလိုမပြောနဲ့လေ။ ဦးလေးက သမီးချို
အတွက် ဂျာကြီးကို သွေးရာပြန်ရှင်းပြခဲ့တယ်။ ဂျာကြီးကလည်း အလုပ်
ထုတ်မိတဲ့အတွက် စိတ်မကောင်းဘူး။ ဒါကြောင့် ဂျာကြီးကိုယ်တိုင်
ကို ပြန်လာခေါ်တာ။ သမီးချို မငြင်းနဲ့ဟာ။ ဦးလေးမျက်နှာလည်း
ထောက်ထားပါဦး"

ချို စိတ်ရှုပ်ကာ အကြည့်လွှဲလိုက်သည်။

"တယောချို စဉ်းစားပါဦး။ အန်ကယ်က ဘော့စ်ပြောတာနဲ့
ထုတ်မိသွားတာ။ ဘော့စ်က ဒီတစ်ခါ ပြန်ခေါ်ခိုင်းလိုက်တာ။ ပြန်ခန့်ရင်
လည်း အန်ကယ့်ရုံးဝန်ထမ်းအဖြစ် သမီးတာဝန်ထမ်းရမှာ။ ဝန်ထမ်းက
လည်း အတည်ခန့်မှာ။ လစာလည်း တိုးပေးမယ်"

"ကျေးဇူးတင်ပါတယ် အန်ကယ်။ မေမေနဲ့ချို တိုင်ပင်ပြီး
အကြောင်းပြန်ပါ့မယ်"

"ဘာတိုင်ပင်စရာလိုလဲ။ ညည်းမေမေကို ဦးလေး ပြောပေး
မယ် ဟုတ်ပလား"



www.burmeseclassic.com

www.burmeseclassic.com



"နေ နေပါစေ"

ဦးလှထွန်းက ကြားကနေ ဖြစ်သွားအောင် ပြောဏ်။ ချိုထ ပျာပျာသလဲ ပြောဆိုဟန့်တားမိသည်က အကြောင်းမဲ့မဟုတ်ပါ။

"သမီး မငြင်းပါနဲ့။ သမီးရဲ့ဦးလေး ပြောသလို သမီးအတွက် သမီးမေမေကို အန်ကယ်ကိုယ်တိုင် သွားပြောပေးမယ်။ ဟုတ်ပြီနော်"

ဦးစိုးမင်းက ဒီကိစ္စမြန်မြန်အတည်ဖြစ်စေချင်သည်။ ဒါကြောင့် အတည်ပြောကာ စကားစဖြတ်လိုက်၏။

"ဟုတ်တယ် သမီးချို။ ခုချိန် သမီးမေမေ အိမ်မှာရှိနေတယ် မဟုတ်လား။ ဦးလေးတို့ ခုပဲ သွားလိုက်မယ်"

ဦးလှထွန်းကလည်း ဂျာကြီးသဘောအတိုင်း ပြောကာ နှုတ် ယောက်သား ကားပေါ်ပြန်တက်သွား၏။

ချိုက ခေါင်းရမ်းပြီး ငြင်းပေမယ့် ဦးလေးတို့က ဖွတ်။

"ကျွတ်"

ထိုကား ပြန်ထွက်သွားလျှင် ချို ခြေလှမ်းကျဲဖြင့် အိမ် သုတ်ခြေတင်ခဲ့သည်။ ချိုက လမ်းထိပ်မှာ ညနေစာအတွက် ဟင်းရွ ထွက်ဝယ်တာလေ။

ဝယ်ပြီးလို့ လမ်းသွယ်ထဲ ချိုးဝင်မလို့လုပ်တုန်း ထိုကားပြ ကျွီခနဲ ထိုးစိုက်လာခြင်း။

ဟင့်အင်း။

မနေ့ကပဲ သူ့အကြည့်နဲ့ဆုံခဲ့တယ်။ ဒီနေ့မှာ သူ အလု





နိုင်လုပ်ဖို့ လူလွှတ်ပြီး အခေါ်လွှတ်တာ။

ဒါ ဘယ်နည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူးဟု ချို ယူဆ သည်။

ဟုတ်တယ်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဒုန်း"

"ဒိုင်း"

"ချလွှမ်း"

"ဟင်"

ချို မျက်လုံးအဆမတန် ပြူးရ၏။

"မောက်မောက်"

ညှော်ခန်းမှာရှိနေတဲ့ ကျွန်းထိုင်ခုံအဟောင်းလေးတွေကို ဆွဲ၍ ကောက်ပေါက်နေသည်က မုန်တိုင်းဝင်မွှေသည့်နှယ်။

ချို ကမန်းကတန်း အိမ်ပေါ်ပြေးတက်ရင်း –

"ငမောက်၊ နင် ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ။ ပေါက်နေတာဗျ"





"ဒုန်း"

ငမောက်က ကမူးရှူးထိုးပြောဆိုရင်း စားပွဲဟောင်းလေးကို ဗွာန်ချ၏။ ထိုအခါ စာအုပ်စင်လေးလည်း ပြိုကျ၏။

"ဟဲ့ကောင် ငမောက် နင်လွန်နေပြီးနော်။ မေမေ၊ ဒေါ်လေး လာကြပါဦး။ ဒီမှာ ငမောက် သောင်းကျန်းနေပြီ"

ချို အားကိုးတကြီးဖြင့် မေမေနဲ့ဒေါ်လေးကို လှမ်းခေါ်လိုက်သည်။ မေမေနဲ့ဒေါ်လေးက ဘေးအိမ်အလည်သွားရာကနေ ပြေးလာကြပြီး ငမောက်ကို မတားဘဲ ချို့ကို ပစ်မှတ်လိုသဘောထားပြီး မေမေ လှမ်းပြော၏။

"အဲဒါ ညည်းကြောင့် တယောချို"

"ဘုရားရေ"

မေမေ့ကို ချို နားမလည်စွာ စိုက်ကြည့်မိသည်။ မေမေက ထက်တစ်ဖက်ခါးထောက်ပြီး အိမ်လေးပေါ်တက်လာသည်။

"ဘုရားတမနေနဲ့"

"မေမေ"

"ညည်း၊ ငါ့ကို ပြူးပြူးပြဲပြဲ မကြည့်နဲ့။ ညည်းမောင်ကို ညည်း နည်းနည်းမှ မငဲ့ညှာတာ မေမေ အံ့ဩလို့မဆုံးဘူး"

"ဘာဆိုင်လို့လဲ မေမေ"

"ဟဲ့ ညည်းမောင်က ဝင့်ကို ရဖို့ကြိုးစားချင်နေတာလေ။ အဲဒီအတွက် ငွေလိုတယ်ဆိုတာ ညည်းသိရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ချို့မှာမှ မရှိတာ"

တယောချို ဝမ်းနည်းတကြီးပြောလျှင် ဒေါ်ယမင်း သက်မ လေးလေးချည်းချ၏။ မောက်မောက်က အစ်မဖြစ်သူကို အငြိုးတကြီး ကြည့်ရင်းပြောချ၏။

"ငွေမရှိရင် ဘာပူစရာရှိလဲ။ ဦးလေးဦးလူထွန်းက အလုပ်ရှင် ခေါ်လာပြီး မမကို အလုပ်လာပေးတာ မမငြင်းလိုက်တာက မောက်ဘဝ ကို မြောင်းထဲပစ်ချလိုက်တာနဲ့ အတူတူပဲ မချို"

"ဟင်"

"ညည်း ဟင်မနေနဲ့။ ညည်းလောက် ဉာဏ်တုံးတဲ့မိန်းမကို ငါ မွေးထားရတာ ဝမ်းကြောနာတာပဲ အဖတ်တင်တယ်။ ဘယ့်နှယ် ဟိုက တစ်လဆယ်သိန်းနှုန်းနဲ့ တစ်နှစ်စာကြိုပေးမယ်ပြောတာအေ့။ ညည်းလက်ခံလိုက်ရင် ညည်းမောင် ဒီလောက်ပေါက်ကွဲစရာမလိုဘူး။ အဲဒီငွေနဲ့ ညည်းမောင် သင်္ဘောတက်လို့ရတယ်။ သင်္ဘောသားဂုဏ်နဲ့ ဝင့်ကို ဆွဲယူလို့ရတယ်လေ။ ခုတော့"

"ဘုရားရေ မောက်"

ချို မျက်ရည် ဝဲခနဲဖြစ်ကာ မောက်ကို ဒေါသနဲ့ ခေါ်လိုက် သည်။

"မချို ကျွန်တော့်ဘဝကို ထက်ပိုင်းချိုးလိုက်တာ ကျွန်တော် သိတယ်။ အဲဒီအလုပ် မချိုလက်ခံလိုက်ရင် မောက်အကွက် ပန်းခင်း လမ်းပဲ။ ခုတော့ တော်ပြီ ဖြစ်ချင်ရာဖြစ်၊ ဒုန်း ဝုန်း"





မောက်က ပြောရင်း ဆိုရင်း နံရံတွေပါ လက်သီးနဲ့ထိုး၏။

"တောက် ညည်းကြောင့် ညည်းမောင် အဲလိုဖြစ်နေတာ။ ညည်းမမြင်ချင်ရင် အလုပ်လက်ခံလိုက်၊ ဒါပဲ"

ဒေါ်ထွေးထွေးက နောက်ဆုံးစကားပြောချလိုက်သည်။ ဒေါ် ယမင်းက ထိုသားမိသုံးယောက်ကို တစ်လှည့်စီကြည့်ရင်း ဘယ်ဘက်အ မှ ဝင်မပါဖြစ်အောင် နှုတ်ဆိတ်နေလိုက်သည်။

ချိုက မျက်ရည်လေးသုတ်ရင်း အိမ်ပေါ်ကဆင်းကာ ခြံပြင်မှာ ထွက်ရပ်ပြီး ငိုနေရှာသည်။

ဒီကောင်မလေးက ဘာကြောင့် ထိုအလုပ်ကို လက်မခံချင်ရ တာလဲ။ ဒါက အရေးအကြီးဆုံးပဲ။ တစ်လဆယ်သိန်းဆိုတဲ့ ငွေက နည်းသလား။

အဲဒါကို သူမလေး ပြန်ပြောတာက –

"တစ်လဆယ်သိန်းဆိုတာ သာမန် ဝန်ထမ်းတစ်ဦးရဲ့လစာမှ ဟုတ်တာ မမေ။ အဲဒီ နုတ်ဆိုးက ဘာကြောင့် အဲသလောက် ငွေပေးတာလဲ။ ဒါ ဘယ်နည်းနဲ့မှ ရိုးရိုးသားသား မဖြစ်နိုင်ဘူး။ ဒါ ကြောင့် လက်မခံတာ"

ဒေါ်ယမင်းက သူမလေးပြောတာကို လက်ခံပါသည်။

ထိုသူဌေးက ဘာအခွင့်အရေး ယူမလဲဆိုတာ ဘယ်သူမှ သိတာ မဟုတ်ဘူး။

နောက်ပြီး နှစ်ကြိမ်တိုင်တိုင် အလုပ်ဖြုတ်ခံရပြီးကာမှ ထိုအခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးပေးလာတာ ဘာသဘောလဲဆိုတာ ဘယ်သူမှ မခန့်မှန်းနိုင်

အဲဒါကိုပဲ သားမိနှစ်ယောက် ပေါက်ကွဲနေတာ။ ဒေါ်ယမင်း ကြားလူမို့ ဘာမှ ဝေဖန်ပြောဆိုခြင်းမရှိဘဲ နှုတ်ဆိတ်နေခဲ့သည်။

"ယမင်းရယ်၊ တယောချိကို နားချစမ်းပါ" ဟု စစ်ကူတော သေးသည်။ ဒေါ်ထွေးထွေး စစ်ကူတောင်းတာကိုလည်း ဒေါ်ယမင်း မပယ်ရှားရက်ပါ။

ဒါကြောင့် သူမလေးရှိရာ ခြံပြင်ထွက်ခဲ့လျှင်။

✿ ✿ ✿

## အခန်း (၂၂)

"တောက်"

သူ့ရင်ထဲမှာ ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။ တောက်ခတ် သံက ဂုန်းခနဲ ခုန်ထွက်သွား၏။

"ဘော့စ်"

သူ့တပည့်ကျော် ကိုလင်းက ဖန်ခွက်ကို ကမ်းပေး၏။ သူ ကြည့်ဘဲ လှမ်းယူကာ တစ်ကြိုက်တည်း မော့ပစ်လိုက်သည်။

စိမ်းမြကြည်လင်နေတဲ့ ကန်ရေကို စိုက်ကြည့်ရင်း ခံပြင်းစိတ် ထိန်းနိုင်စွာ ထိုရေကန်ထဲ ဂုန်းခနဲ ခုန်ချမိလေသည်။

ရေကြည်စိမ်းစိမ်းထဲမှာ ခြေပစ်လက်ပစ်ကူးခတ်ရင်း ထိုပုံရိပ် တို့ ဖျောက်ဖျက်ဖို့ ကြိုးစားသော်လည်း အရာမထင်။

မြင်ယောင်နေသည်က သူမကို။



www.burmeseclassic.com

www.burmeseclassic.com



တယောချို။

မင်းဟာ ဘယ်လိုမိန်းကလေးလဲ။

မင်းနဲ့ စကြုံတဲ့နေ့က သူ့ကုန်တင်သင်္ဘောနစ်သွားတဲ့ သတင်းဆိုး ကြားလိုက်ရသည်။

ဒါကြောင့် သူမမျက်နှာကို မမြင်ချင်ခဲ့ပါ။ အနှိပ်ခံတဲ့နေ့က ဒင်းလက်ကို သဘောတွေ့ရပေမယ့် သူနှင်ထုတ်ခဲ့တာ နောက်ထပ် အဆိုးတရားတွေနဲ့ ကြုံရမှာစိုးလို့ပါ။

ဒါတောင် အဆိုးတရားက သူ့နောက်က ထက်ကြပ်မကွာ။

သူ မန္တလေးခရီးထွက်စမှာတင် အက်စီးဒင့်ဖြစ်၏။

"တောက် နတ်ဆိုးမ"

ကံကောင်းထောက်မစွာ ထိုအက်စီးဒင့်မှာ ဒရိုင်ဘာ အနည်းငယ်နာသွားတာကလွဲ၍ သူ ဘာမှမဖြစ်ခဲ့ပါ။ ဒါကြောင့် ဒင်းမျက်နှာကို မမြင်ချင်တာ။

ဒင်းလေးဟာ သူ့မိခင်လိုပဲ မျက်နှာမြင်လိုက်တာနဲ့အဆိုးတွေနဲ့ ချည်နှောင်ပေးတဲ့ ကဝေဆိုးနှယ်။

အဆိုးဆုံးက သူ့စက်ရုံရဲ့ဂိတ်ဝမှာ မြင်လိုက်ကတည်းက နောက်ထပ် ဘာအဆိုးတရား ဆုံရမလဲ။

တွေးလို့ပင် မဆုံးသေးပါ။ ချောင်းသာမှာ အသစ်ဖွင့်ထားတဲ့ သူ့ဟိုတယ် မီးလောင်တယ်ဆိုတဲ့သတင်းဆိုး ဝင်လာသည်။

ဒါကြောင့် ဒင်းကို ချက်ချင်းအလုပ်ထုတ်စေခဲ့သည်။ ဒါ ...





ဘာကြောင့်လဲ။

သူမနဲ့ကြုံတိုင်း သူ ရနေတာက သတင်းဆိုးတွေ။

ဆိုင်ခြင်း,မဆိုင်ခြင်းဖြစ်ပေမယ့် သူ မမြင်လိုတာ၊ သူ့ရဲ့စိတ်ချင်းအမှန်ပါ။ သို့သော် ပလက်ဖောင်းဓာတ်ဘားက သစ်သီးဆိုင်လေးမှာ ရောင်းသီးဝယ်နေတဲ့ သူမလေး။

ခပ်နွမ်းနွမ်းဝတ်ထားသော အမျိုးသမီးကြီးကို အဖော်ပြုပြီး ရှင်သန်နေရတဲ့ သူမကို ပြန်တွေ့ရလျှင် သူ့စိတ် ဘယ်လိုမှ ထိန်းထားလို့ ရအောင် ထိရှနေခဲ့သည်။

ရှေ့ဆက် ဘယ်လိုသတင်းဆိုးတွေနဲ့ ရင်ဆိုင်ရစေမလဲ။

သူ မတွေးနိုင်တော့ပါ။

သူမလေးကို သူ့အရိပ်အောက် မရောက်ရောက်အောင်ထား ဖို့ ယတိပြတ် ဆုံးဖြတ်ခဲ့ရတာ အကြောင်းမဲ့မှ မဟုတ်တာ။

"သမီးချိုနဲ့ အဖော်လိုက်နေတဲ့ အမျိုးသမီးကြီးက ဒေါ်ယမင်းတဲ့။ ထောင်က ထွက်လာတာ မကြာသေးဘူး။ မှီခိုစရာမရှိလို့ သမီးချိုတာဝန်ယူပြီး ခေါ်ထားတာ"

ဦးလူထွန်းပြောလျှင် သူ့ရင်မှာ ကျင်ကျင်ရှရှ ဖြစ်သွားသည်။ သို့သော်လည်း မျက်ရည်တို့ ဝေ့ဝဲသွားသည်က အခြေအနေဆိုးတွေ သယ်ဆောင်လာတတ်တဲ့ သူမနဲ့မှ မာမီ့ကိုတွဲလျက်၊ ကြုံတွေ့နေရမယ်လို့ မထင်ခဲ့ပါ။

မာမီနဲ့ ကွဲနေခဲ့တာ နှစ်နှစ်ဆယ်မကတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

အသည်းနှလုံးမှာ နာကျင်ပေမယ့် သူများမိသားစုရိပ်မှာ ခိုလှုံ
နေတဲ့ မာမီ့ဘဝ။ ထိုဘဝမှာပဲ ဓာတ်မြှုပ်ပြီးနေထိုင်ဖို့ ကြိုးစားနေရှာတဲ့
မာမီ့ကို အိမ်ဦးခန်းမှာ ပြန်ထားဖို့ သူ့ဘက်က သတ္တိမရှိသေးပေမယ့်
တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ချင်စိတ်နဲ့ ဒင်းလေးကို အလုပ်ထဲ
ပြန်သွင်းဖို့ ကြိုးစားခြင်း။

"တယောချိုက ဘော့စ်အလုပ်ကို ငြင်းသတဲ့"

သူ့ကိုယ်ရေးအရာရှိ ကိုသစ္စာ လာပြောလျှင် လက်လွှတ်သွား
တဲ့ သူ့ဒေါသက ဓာတ်ငွေ့ဘောလုံးတစ်လုံးလို ကောင်းကင်ပေါ် ထိုး
တက်သွားသလို ဖြစ်တည်သွားသည်။

ထို့ကြောင့် –

"ဦးစိုးမင်းမှာ တယောချို အလုပ်လက်ခံအောင် စည်းရုံးနိုင်တဲ့
အရည်အချင်း မရှိတော့ဘူးလား"

"ဆောရီးပါ ခေ၊ တယောချိုက ခါးခါးသီးသီးဖြစ်နေတာတဲ့"

"ခါးသီးတာကို ချိုမြိန်အောင် လုပ်လိုက်စမ်းပါ"

"တစ်လဆယ်သိန်းတိတိနဲ့ တစ်နှစ်စာကြိုပေးမယ်ဆိုတာ
တောင် No ပဲဖြစ်နေလို့။ သူတို့မိသားစုကြားမှာလည်း ပြဿနာတက်
နေကြတယ်"

"အဲဒါ ကိုယ်နဲ့မဆိုင်ဘူး။ ကိုယ်လိုချင်တာ တယောချို အလုပ်
ဝင်ဖို့"





"အဲ"

ကိုသစ္စာ ပြန်ပြောဖို့ စကားလုံးရှာရခက်ခဲသွားသည်။ ဟို
ကလေး လက်မခံတာ ဘာလုပ်လို့ရမှာလဲ။

ပြီးတော့ မတန်တဆ လစာပေးတာကလည်း ဘာကြောင့်မှန်း
သူတို့လည်း မသိရတော့ ခက်နေသည်။

"ကဲ အဲဒီကိစ္စ ကိုယ့်ဘာကိုယ်လုပ်မယ်။ တစ်ရက်ပဲ ကြာမယ်။
တို့စောင့်ကြည့်လိုက်။ ဦးစိုးမင်းကိုပြောလိုက် အဲဒါလေးမှ မလုပ်နိုင်
အလုပ်ထွက်ဖို့ အသင့်ပြင်ထားလို့"

"ဗျာ"

"ကိုယ်ပြောတဲ့အတိုင်း အကြောင်းပြန်လိုက်"

"ဟုတ် ဟုတ်ကဲ့ ဘော့စ်"

ကိုသစ္စာ မျက်နှာပျက်ပျက်နှင့် ထွက်သွား၏။ ထိုအခါ သူ့
လွှာမှာ စွဲထင်နေသည့် ပုံရိပ်ရှင်ကို ဖိခေါ်လိုက်၏။

တယောချို။ မင်းကမျှား။

တောက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"အား ကျွတ် ကျွတ်"

ဒေါ်ယမင်း ခါးကို လက်နဲ့ဖိနှိပ်ရင်း နာကျင်သံဖြင့် ငြီးတွားမိ၏။ ထိုအခါ ချိုက ကော်ဖီဖျော်နေရင်းတန်းလန်း လှမ်းမေး၏။

"အရမ်းနာနေလား ဒေါ်ဒေါ်"

"နာတယ် သမီးရယ်၊ လှုပ်လိုက်တာနဲ့ ဆစ်ခနဲ ဆစ်ခနဲ နာတာမျိုး"

"ဆေးခန်းသွားရအောင်လား"

"နေ နေ နေပါစေ။ လိမ်းဆေးလေးလိမ်းပြီး နားလိုက်ရင် ကောင်းသွားမယ်"

"မဟုတ်တာပဲ ဒေါ်ဒေါ်ရယ်။ ဆေးခန်းသွားဖို့လောက်တော့ ချို့မှာ ပိုက်ဆံရှိပါတယ်"





"ကျွတ် ကျွတ် ပိုက်ဆံကုန်မှာစိုးလို့ မဟုတ်ပါဘူး။ ဒေါ်ဒေါ်က အထဲမှာတုန်းကလည်း ဒီလိုပဲ ဖြစ်နေကျ။ ဆေးလိမ်းပြီး နားလိုက်ရင် သက်သာသွားတာမျိုး"

"အဲဒါဆို ပါရာစီတမော့တစ်ပြားလောက် သောက်ထားပါ ဒေါ်ဒေါ်။ နေဦး ချိုယူပေးမယ်။ ကော်ဖီလည်း ဖျော်ပြီးပြီ။ မုန့်ခြောက်လေးတစ်ခုလောက်စားပြီး ကော်ဖီနဲ့ဆေးသောက်လိုက်"

တယောချိုကပြောလည်းပြောရင်း ကော်ဖီခွက်နဲ့ မုန့်ပုံးထဲက မုန့်ထုတ်တချို့ ပန်းကန်ပြားထဲ နှိုက်ထည့်၏။ ထို့နောက် သောက်ဆေး၊ ကော်ဖီနဲ့ မုန့်ပန်းကန်လေး ပင့်လာကာ လှဲလျောင်းနေတဲ့ ဒေါ်ဒေါ့်နား ချပေး၏။

"ရပါတယ် ချိုရယ်"

"အဲလိုလည်း မဟုတ်သေးဘူး ဒေါ်ဒေါ်။ ခဏ ခဏ နာနေတာ မကောင်းဘူးလေ"

"ခဏဖြစ်တဲ့သဘောပါ။ အထဲမှာတုန်းက အလုပ်ကြမ်းလည်း လုပ်ခဲ့ရတော့ ဒဏ်ဖြစ်ပြီး နာတဲ့သဘော"

"ချိုနားလည်ပါတယ် ဒေါ်ဒေါ်။ နေဦး လိမ်းဆေး မလိမ်းနဲ့ဦး။ သွားဘူး အဲလိုဒဏ်ဖြစ်တဲ့လူနာကို မိတ်သလင်ကိုကြိတ်ပြီး အပူပေးတယ်။ ပြီးတော့ မိတ်သလင်ပူပူလေး ခါးနားတစ်ဝိုက်လိမ်းပြီး ပတ်တီးစည်းပေးတတ်တယ်။ အဲဒီတော့ ရက်မကြာဘူး ကောင်းသွားတာမျိုး ဒေါ်ဒေါ်ရဲ့။ နေဦး မိတ်သလင်ဥတူးပြီး လုပ်ပေးမယ်။ ဒေါ်ဒေါ် ဆေး



www.burmeseclassic.com

www.burmeseclassic.com



သောက်နှင့်ဦး''

ချိုက ရှင်းပြသလိုပြောဆိုရင်း တကယ်ပင် မိတ်သလင်ဥတူး၍ အိမ်ပေါ်က ဆင်းသွားသည်။

ဒေါ်ယမင်း အငေးသားကြည့်ရင်း ရင်ထဲမှာ ကြည်နူးသလိုလို ဝမ်းနည်းသလိုလိုနှင့် တစ်မျိုးတစ်မည် ခံစားရလေသည်။

ထိုအခါ မျက်ရည်လေးဝဲသလို မျက်ရည်ဥလေးများလည်း တစ်စို့စို့ ဖြစ်ရလေသည်။

မလုပ်ပါနဲ့လို့ တားလို့လည်း ရမှာမဟုတ်လေတော့ ဒေါ်ယမင်း မတားရက်ပါ။

တယောချိုက ခြံစည်းရိုးဝင်းအတွင်းက စည်းရိုးခြံတိုင်ထောင့်နားမှာ စိုက်ထားတဲ့ မိတ်သလင်ပင် ဖွံ့ဖွံ့ကြီးတွေနား ထိုင်ချရင်း မိတ်သလင်ဥ တူးဆွလေသည်။

မိတ်သလင်တွေက နွေရာသီပေမယ့် နေ့စဉ် ရေလောင်းထားတာမို့ သန့်စွမ်းလှသည်။ ထို့ပြင် မိတ်သလင်ဥကြီးကြီးတွေကို ရွေးတူးပြီး ဥမှာတွယ်ကပ်နေတဲ့ မြေကြီးတွေကို ထိုးထုတ်၏။

ထို့နောက် ရေနဲ့ဆေးကြောသည်။ ပြီးလျှင် အဘွားသုံးစွဲခဲ့တဲ့ ဆေးမြစ်ဆုံထောင်းလေ့ရှိတဲ့ သံဆုံထဲ ထည့်ထောင်း၏။

မိတ်သလင်ညက်ညက်ကြေလျှင် မြေအိုးလေးထဲထည့်၍ ထင်းမီးသွေးမီးဖြင့် အပူပေး၏။

မိတ်သလင် ပူပြီး ကျက်လာလျှင် မီးဖိုပေါ်က မြေအိုးလေးကို





ဖြန့်ချ၏။ ပြီးတော့ လျှော်ဖွပ်ထားတဲ့ အဝတ်ပိုင်းရှည်ကို ပတ်တီးလုပ်ဖို့ ယူသည်။

သွက်သွက်လက်လက် လှုပ်ရှားနေတဲ့ တယောချိုကို ဒေါ်ယမင်း မုန့်စားရင်း အငေးသားကြည့်နေလိုက်သည်။

သူမလေးပြောတဲ့အတိုင်း ဒေါ်ယမင်း နာခံကာ မုန့်စားရင်း ဆေးပါသောက်ပြီးလေပြီ။

ထိုအခါ တယောချိုက သူမကို လှဲလျောင်းစေပြီး မိတ်သလင်ပူပူလေးကို ခါးတစ်ပတ်ပြည့်အောင် ခပ်ဖိဖိလေး လိမ်းကျံပေး၏။

မိတ်သလင်ဆေးစွမ်းနဲ့ ပူသောအရှိန်ကြောင့် ထင်ရသည်။ ခါးနာတာ သိသိသာသာ လျော့သွား၏။ ထို့နောက် အဝတ်နဲ့ပတ်တီးစည်းကာ ငြိမ်ငြိမ်းလေး လှဲနေစေသည်။

''ဆေးလည်းသောက်ထားပြီဆိုတော့ မကြာခင် ကောင်းသွားမယ် ဒေါ်ဒေါ်။ ငြိမ်ငြိမ်လေး လှဲနေလိုက်နော် ဒေါ်ဒေါ်''

ဒေါ်ယမင်း ခေါင်းလေးညိတ်လျက်။

''ကျေးဇူးတင်ပါတယ် သမီးချိုရယ်''

''မဟုတ်တာပဲ ဒေါ်ဒေါ်။ ချိုကသာ ဒေါ်ဒေါ့်ကို ကျေးဇူးတင်နေရတာပါ''

''သမီးရယ်''

ဒေါ်ယမင်းက ချိုလက်ကလေးကို မြတ်မြတ်နိုးနိုး ဆုပ်ထားမိရင်း မျက်ရည်တို့ တကယ်စီး၏။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ဒေါ်ဒေါ်။ ဒေါ်ဒေါ်ရှိလို့ ချို အလုပ်မှန်နေတာလေ။ ဒေါ်ဒေါ်သာ ချိုနဲ့ အဖော်မလိုက်ရင် ချို အနှိပ်သည် လိုက်လုပ်ဖို့ သတ္တိရှိမှာ မဟုတ်ဘူး။ ဒေါ်ဒေါ်ရှိနေလို့သာ ချို့အလုပ် ချိုလုပ်နိုင်တာ။ ဒါကြောင့် ဒေါ်ဒေါ့်ကို ကျေးဇူးတင်တာထက် ပိုမိုလွန်ပြီး ခင်မိသွားတယ်။ အဲဒါကြောင့် ဒေါ်ဒေါ့်ကို အဒေါ်ရင်းလို ချစ်ခင်ရတယ်လို့ပြောရင် ဒေါ်ဒေါ် လက်ခံမလား"

"သမီးရယ်"

ဒေါ်ယမင်းက ချို့လက်ဖဝါးလေးကို မြတ်မြတ်နိုးနိုး နမ်းရှိုက်မိလျှင် မျက်ရည်တို့ ပြိုကျကုန်သည်။

မိတ်သလင်နှံ့သင်းသော သူမလေးလက်ဖဝါးက ဒေါ်ယမင်းနှလုံးသားထဲ စီးဝင်သွားသလားပဲ။ ဒါကြောင့် မျက်ရည်တို့ မထိန်းနိုင်ဘဲ ပြိုကျခြင်းဖြစ်လေသည်။

"ဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်က ချို့အတွက် တကယ့်အဖော်ကောင်းပါ။ ဒေါ်ဒေါ့်ကို ချို တစ်သက်လုံး အားပြုခွင့်ရချင်တယ်။ ပြီးတော့ ဒေါ်ဒေါ့်ကို ခုလိုလည်း ပြုစုခွင့်ရချင်တယ်။ ဒေါ်ဒေါ်သာ ချိုတို့ မိသားစုနဲ့ မခွဲဘဲ နေနိုင်ရင် သိပ်ကောင်းမှာပဲလို့ ချို လွန်လွန်ကျူးကျူး တွေးမိတယ်"

"သမီးရယ် ဒေါ်ဒေါ့်ဘဝက မိုတွယ်ရာမဲ့သူပါ။ သမီးချို လက်မခံဘူးဆိုရင် ဒေါ်ဒေါ့်ဘဝ လမ်းဘေးရောက်သွားမှာလေ"

"အိုး ဒေါ်ဒေါ် အဲလို ဘယ်တော့မှ မတွေးပါနဲ့။ ဒေါ်ဒေါ်က





ချို့ဘဝပါ။ ချိုတို့နဲ့အတူ တစ်သက်လုံးနေသွားမယ်ဆိုရင် ချို့လောက် ဝမ်းသာမယ့်သူမရှိဘူး ဒေါ်ဒေါ်ရယ်"

"ကျေးဇူးတင်ရပါတယ် သမီးရယ်။ တကယ် ကျေးဇူးတင်ရပါတယ်။ ဟင့် ဟင့် ဟင့်"

ဒေါ်ယမင်း လှိုက်ခနဲ ဝမ်းသာကာ ရှေ့ရှုတ်ရင်း ငိုကြွေးမိပြန်သည်။

"တိတ်ပါ ဒေါ်ဒေါ်ရယ်။ ဒေါ်ဒေါ် အနားယူလိုက်ဦး။ ဆေးလည်း သောက်ထားတာဆိုတော့ မှိန်းနေလိုက်။ ဒေါ်ဒေါ့်နားမှာ ချို စောင့်နေပါ့မယ်နော်၊ ဒေါ်ဒေါ်"

တယောချိုက ဒေါ်ဒေါ့်မျက်ရည်တွေကို ကြင်ကြင်နာနာ ဖယ်ရှားပေးရင်း ပြောဆိုလျှင် ဒေါ်ယမင်း ကြည်နူးစွာ ခေါင်းလေးညိတ်မိလေသည်။ နှလုံးသားထဲမှာလည်း –

"သမီး"

ဟု ရေရွတ်မိကာ သမီးရင်းနှယ် ခံစားရလေသည်။

ဟုတ်တယ်။ ချိုဟာ သူမ သမီးရင်းလိုပါပဲ။

သူမသမီးရင်းတော့ သူမကို လူ့လောကမှာ ရှိနေသလား၊ မရှိဘူးလားဆိုတာ စိတ်မဝင်စားတော့ဘူး မဟုတ်လား။

ဒါကြောင့် သူမကို တယုတယပြုစုတဲ့ တယောချိုဟာ သူမရဲ့ သမီးအရင်းနှယ် ခံစားမိတာ မလွန်ဘူးထင်ပါတယ်ကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"လာ လာ တယောချို"

စတီးရောင် ဖိတ်ဖိတ်တောက်နေတဲ့ ခြံဝင်းကြီးရှေ့မှာ မြေစိုက်ရပ်လိုက်သည်နှင့် ချို့ကို သူဌေးမကြီး ဒေါ်နှင်းယုယ၏ အစေခံဝန်ထမ်း မိန်းကလေးတစ်ဦးက လှိုက်လှိုက်လှဲလှဲဆိုရင်း ဝင်ပေါက်တံခါး ဖွင့်ပေးသည်။

"ဒီနေ့ တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ဒေါ်ဒေါ်က ခါးနာနေလို့ ဒီနေ့ လိုက်မလာနိုင်ဘူး"

ချိုပြောရင်း ခြံဝင်းကြီးထဲ ဝင်လိုက်သည်။

ဒီခြံထဲကို မနေ့က ချိုတို့ရောက်ဖူးပြီးပြီ။ ရောက်ဖူးတာက ဒေါ်ဒေါ်နဲ့ချို ဒီခြံရဲ့မျက်နှာချင်းဆိုင်ခြံက ဒေါ်ဥကို လာနှိပ်ပေးခြင်း။





ဒေါ်ဥကိုနှိပ်ပေးပြီးလျှင် ဒေါ်ဥက မိတ်ဆက်ပေးလို့ ဒီခြံထဲက ရွှောတုံစံအိမ်ပိုင်ရှင် ဒေါ်နှင်းယုယနဲ့တွေ့သည်။

ဒေါ်နှင်းယုယက မဟာဆန်ဆန်လှသလို စကားပြောပုံက နန်းဆန်လှသည်။ ချိုတို့ရောက်ချိန်မှာ ဒေါ်နှင်းယုယက အပြင်ထွက်ခါနီးမို့ ဒီနေ့မှ အနှိပ်ခံမယ်ဟု ရက်ချိန်းပေးလိုက်ခြင်း။

ဒါကြောင့် ဒီနေ့ ချိုနဲ့ဒေါ်ဒေါ် ပြန်လာရမယ့် စံအိမ်။ ဒေါ်ဒေါ်က ရုတ်တရက် ခါးနာလို့ ချို ပြုစုထားခဲ့ရသည်။ ဒီမှာလည်း အချိန်းအချက် မပျက်ချင်တာမို့ ချိုတစ်ယောက်တည်း လာခဲ့ခြင်း။

ဒေါ်ဒေါ်က သက်သာနေပြီး လိုက်ခဲ့မယ်လို့ ပြောပေမယ့် ချိုက ထားခဲ့ခြင်း။ သက်သာရုံရှိသေးတယ်။ လမ်းလျှောက်များရင် အထိပြန်ကြွမှာစိုးရိမ်လို့ဟု ဒေါ်ဒေါ်ကိုပြောဆိုပြီး သူမ လာခဲ့တာ။

ဒီစံအိမ်က ချိုတွေ့ဖူးသမျှ သူဌေးတွေထဲမှာ အဆင့်အတန်း အမြင့်ဆုံးဟု ထင်ရသည်။

စံအိမ်တစ်ဝင်းလုံးရှိ အိမ်အခိုင်းအစေမှန်သမျှက အဖြူနဲ့အပြာတူညီဝတ်စုံတွေနဲ့ သပ်သပ်ရပ်ရပ်ရှိလှသည်။ နောက်ပြီး အခိုင်းအစေတွေက မိန်းကလေးတွေချည်း။

ဒေါ်နှင်းယုယက ဒီစံအိမ်ရဲ့ဘုရင်မနှယ်။

ဘာပဲဖြစ်ဖြစ် ချို့အတွက် ဖောက်သည်တိုးသည် မဟုတ်လား။ ဒါကြောင့် ချို မပျက်မကွက်ရောက်လာခြင်း။

"လာ တယောချို"



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်အဝင်ဝမှ အစေခံအမျိုးသမီးကြီးတစ်ဦး ချို့ကို ညှော်ခန်းကျယ်ကြီးထဲ ခေါ်သွင်းသည်။

"ဒီက စောင့်နေဦး။ သူဌေးကို သတင်းပေးလိုက်ဦးမယ်"

အိမ်စေအမျိုးသမီးကြီးပြောဆိုပြီး အတွင်းဘက် ဝင်ရောက်ပျောက်ကွယ်သွားသည်။ ချို့က ညှော်ခန်းကျယ်ကြီးထဲ ရပ်လျက် စောင့်နေလိုက်သည်။

အေးစိမ့်နေတဲ့ ညှော်ခန်းကျယ်ကြီးက ဂန္ထဝင်ဆန်တဲ့ အခြင်းအဆင်မျိုးနှင့် ခန့်ညားနေသည်။ လှေကားအတက်အဆင်း တစ်ဖက်တစ်ချက်မှ မာနီဗီနေတဲ့ ကျားရုပ်ကြီးနှစ်ရုပ်က တကယ့်ကျားစစ်စစ်နှယ်။

ချို့ကို ဖြေးဆွဲတော့မလိုဟန်နှင့် အသက်ဝင်လှသည်။

နံရံကပ်ပန်းချီကားတွေကလည်း ခန့်ညားပေ၏။ ညှော်ခန်းတွင်ကျွန်းဆက်တီကြီးတွေက ကျောမှီမှာ ခေါင်းရုပ်ကြီးတွေ ဝင့်ကြွလျက်။

ပြီးတော့ ပန်းအိုးကြီးတွေထဲမှာ ပန်းအစစ်တွေချည်း ထိုးစိုက်ထား ဆယ်လုံးမကပါ။

ပန်းတွေက အမျိုးအစားစုံသလို အရောင်အသွေးလည်း စုံလှသည်။ ချို့က ထိုပန်းတွေကို အတုဟုထင်ထားတာမို့ ချို့ဘေးနားမှာရှိနေတဲ့ မတ်ရပ်ကြွေပန်းအိုးကြီးထဲက နှင်းဆီပန်းပွင့်လေးတစ်ပွင့်ကို တို့ထိကြည့်မိမှ အစစ်မှန်းသိရခြင်း။

အားပါးပါး။





တစ်နေ့ တစ်နေ့ ပန်းဖိုးတွေ နည်းမှာမဟုတ်ဘူး။

အင်းလေ … သူဌေးတွေမဟုတ်လား။ ပိုက်ဆံကုန်တာထက်သူနေတာကို ဂုဏ်ယူချင်တဲ့သူတွေဆိုတော့လည်း အကုန်ခံနိုင်မှာပေါ့။

ချို့ဆို ဘုရားပန်းအိုးအတွက် နှင်းဆီပန်းငါးပွင့်တင်နိုင်ဖို့ အင်တာန် ရုန်းကန်နေရသည်။ အများအားဖြင့် အမြစ်ပါတဲ့ ကျောက်ပန်းဆက်ကို ပင်တိုင်ထားပြီး အောင်သပြေပန်းလေးနဲ့သာ ဘုရားစင်သပ္ပာယ်အောင် စီမံရသည်။

ပိုက်ဆံ ပိုပိုသာသာရှိတဲ့အခါကျမှ နှင်းဆီပန်းကို ဘုရားပန်းအိုးထိုးနိုင်သည်လေ။ အင်းလေ … အခြေအနေချင်းမှ မတူတာ။

ထိုစဉ် အိမ်စေအမျိုးသမီးကြီး ချို့အပါး ပြန်ရောက်လာသည်။

"ဟိုမှာ သူဌေးဆင်းလာနေပြီး"

ချိုက ပန်းအိုးတွေ ကြည့်နေရာမှ ချက်ချင်းအကြည့်ရပ်ကာအိမ်စေအမျိုးသမီးကြီးပြောတဲ့အတိုင်း လှမ်းကြည့်လျှင် ချို ရုတ်ခြည်းသဆုံးသွားသလို ခံစားရချေသည်။

"ဘုရားရေ"

အပေါ်ထပ်လှေကားဆီမှ ဆင်းလာနေတဲ့သူက သူမ ထင်ထားသလို ခေါ်နှင်းယုယ မဟုတ်ပါ။

ဘယ်တော့မှ မျက်နှာချင်းဆိုင် မဆုံပါရစေနဲ့လို့ ဆုတောင်းခဲ့သူ

နဂါးတစ်ကောင် ပြေးဆင်းလာနေသောဟန်မျိုး ဖုံဖော်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ကျွန်းလှေကားလက်ရန်းကို မကိုင်ဘဲ ဆင်းလာတဲ့နတ်ဆိုး

ချို့ရင်မှာ ထိတ်ခနဲဖြစ်ကာ။

တစ်ခုခုမှားနေပြီးဆိုတဲ့အသိနဲ့ ချို့ဘေးမှာရှိနေတဲ့ အိမ်

အမျိုးသမီးကြီးကို ငဲ့ကြည့်၏။

"အဲဒါ ဒီစံအိမ်သူဌေး"

"အို ဒေါ် ဒေါ်နှင်းယုယ ဘယ်မှာလဲ"

"ဒေါ်နှင်းယုယက ဒီစံအိမ်ရဲ့မီးဖိုဆောင်ဝန်ထမ်းပါ"

"ဘုရားရေ ဒါဆို"

ချို နှုတ်က စကားလုံးတွေ မထွက်နိုင်တော့ပါ။ သူ့ဘတ်

စနစ်တကျ ကြိုစည်ထားမှန်း ချို့စိတ်မှာ အလိုလိုသိသွား၏။

ထို့ကြောင့် ချာခနဲ လှည့်ထွက်လျှင် အပြင်ထွက်တဲ့ စံအိမ်

ညည့်ခန်းဝင်ပေါက်မှန်တံခါးပေါက်က ချို့ရှေ့တင် အလိုလို စေ့ပိတ်သွား

၏။

"ဟင်"

ချို တအံ့တသြ နောက်ပြန်လှည့်ကြည့်လိုက်သည်။ သူ

မျက်ခုံးပင့်ကြည့်ရင်း အိမ်စေအမျိုးသမီးကြီးကို ပထုတ်လိုက်၏။

"ဘုရားရေ"

အိမ်စေအမျိုးသမီးကြီး ချို့ဘေးနားက ထွက်သွားလျှင်

ပို၍ စိတ်လှုပ်ရှားကာ ရပ်နေတဲ့ခြေလှမ်းတွေ မငြိမ်မသက်ဖြစ်

ထို့ကြောင့် ချို့နှုတ်က ယေ[illegible]ယမ်းခေါ်လိုက်မိသည်။





"ရှင်"

သူက မာန်ဖီနေတဲ့ ကျားရုပ်ထုကြီးဘေးမှ ကျွန်းတိုင်ခုံမြင့်မြင့်

ထိုင်ချရင်း ချို့ကို စူးစိုက်ကြည့်၍ တစ်လုံးချင်းပြော၏။

"ဒီစံအိမ်ထဲမှာ အပိတ်ခံချင်သလား။ ကိုယ့်ဝန်ထမ်း လုပ်မ

စိတ်ကြိုက်ရွေး"

ချို မျက်လွှာချကာ ခေါင်းရမ်းပစ်လိုက်သည်။

ထိုအခါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"တယောချို"

ဒေါ်ထွေးထွေးက ခြံဝင်းထဲ လှမ်းဝင်သည်နှင့် သမီးဖြစ်သူ[illegible] လှမ်းခေါ်လိုက်သည်။

"ဟော့ တယောချို။ မြန်မြန်လာကူစမ်းပါ။ ဒီမှာ လေးလွန်း[illegible]

ဒေါ်ထွေးထွေး ဒီနေ့နိုင်လာသည်မို့ အိမ်အတွက် လိုအပ်[illegible] စားသောက်စရာတွေ သိမ်းကျုံးဝယ်လာတာ လက်နှစ်ဖက်နဲ့အပြည့်[illegible] လမ်းထိပ်ကနေ ဆွဲလာရတာ လက်က အံသေချင်ပြီ။ [illegible] ကြောင့် လှမ်းခေါ်ရခြင်း ဖြစ်သည်။

"ဟော မထွေးထွေး။ ပေး ပေး ယမင်းကို"

ဒေါ်ယမင်းက အိမ်ခန်းလေးထဲကနေ အပြေးကလေး ထွက်[illegible] လာရင်း၊ ပစ္စည်းထည့်ထားတဲ့ အိတ်တွေကို၊ ဒေါ်ထွေးထွေးလက်ထဲ[illegible]





[illegible]ခဲ့လိုက်သည်။

"သမီးကော"

"ပြန်မရောက်သေးဘူး ထွေးထွေးရဲ့"

"ဘယ်သွားတာလဲ"

"ဖောက်သည်တစ်အိမ်ရှိလို့ ထွက်တာ"

"ဟွန်း ရှင် လိုက်မသွားဘူးလား"

"လိုက်သွားမယ်ပြောတာကို ချိုက ယမင်း ခါးနာနေတာ [illegible]သာအောင် နေခဲ့ဆိုပြီး ထားခဲ့တာ ထွေးထွေးရယ်"

"ဟုတ်သားပဲ၊ ရှင်လည်း အခုတလော ခါးနာနေတာ။ ဆေး [illegible]သွားဖို့လိုရင် သွား။ ဒီနေ့ ထွေးနိုင်လာတယ်။ ရှင့်ကို ပိုက်ဆံ [illegible]သောင်းပေးမယ်"

ဒေါ်ထွေးထွေးပြောလျှင် ဒေါ်ယမင်း ကြည်နူးရလေသည်။ [illegible]ထဲ ကူဆွဲလာတဲ့အထုပ်တွေကို ညှော်ခန်းရှိ ကျွန်းစားပွဲအပေါင်း [illegible]ပေါ် တင်၍ –

"ရပါတယ် ထွေးရယ်။ သမီးချို အပြုစုကောင်းလို့ သက်သာ[illegible]ပြီ"

"လိုလိုမယ်မယ် သုံးလို့ရအောင်ပါ။ ရော့ ရှိတုန်းယူထား"

ဒေါ်ထွေးထွေးက ပိုက်ဆံအိတ်ဖောင်းပြည့်နေသည်မို့ စေတ[illegible]တွ ပိုနေမိသည် မဟုတ်လား။

နောက်ပြီး သမီးအတွက်လည်း အဖော်ကောင်းဖြစ်နေသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယမင်းကို သူမ ဖွယ်ဘာရှာလေသည်။

ဒါကြောင့် ပိုက်ဆံတစ်သောင်း ထုတ်ပေးခြင်း။

"ရပါတယ် ထွေးထွေးရယ်။ ယမင်းလိုတဲ့အခါ တောင်း မယ်"

"အဟို့ ယမင်းတောင်းတဲ့အခါ ထွေးမှာမရှိရင် ဘယ့်နှယ်လု မလဲ။ ဒါကြောင့် ... ကဲ ယူထား"

ဒေါ်ထွေးထွေးက လက်ဖဝါးဆွဲယူပြီး ဖွတ်ထည့်ပေးတာ ဒေါ်ယမင်း ငြင်းရခက်စွာ ယူရလေပြီ။

"ကျေးဇူးတင်တယ် ထွေးထွေးရယ်"

"အို ကျေးဇူးတွေ ဘာတွေ ပြောမပြောပါနဲ့။ တစ်မိုးအောင် အတူတူနေကြတာ။ ရှိအတူ မရှိအတူပေါ့။ ယူထားလိုက်။ ထွေ အထည်ဆိုင် အကြွေးလေး သွားဆပ်လိုက်ဦးမယ်။ အဲဒီကတစ်ဆ နှင်းဆီလမ်းဘက်ကူးမယ်။ သမီးလာရင် ပြောလိုက်။ သွားပြီး ယမင်း"

ဒေါ်ထွေးထွေးပြောဆိုကာ ပိုက်ဆံအိတ်လေး ချိုင်းကြားညှပ် အိမ်ပေါ်က ဆင်းသွားလေသည်။

ဒေါ်ယမင်းက ထိုင်ခုံဟောင်းလေးမှာ ထိုင်ချရင်း စားပွဲပေါ် မီးဖိုဆောင်သုံး ပစ္စည်းတွေနဲ့ လက်ထဲဆုပ်ထားမိတဲ့ ငွေတစ်သောင်း ကြည့်ရင်း အတွေးကောင်းလေး တွေးနေမိတယ်။

ဟုတ်တယ်။ ဒီပိုက်ဆံ သမီးချို ပေးလိုက်မယ်။

အဲ သမီးချိုဆိုတော့မှ ဒင်းလေးကို သတိရသည်။ နာရီကြည်





ကြည့်လိုက်တော့ ည ခြောက်နာရီကျော်နေပြီ။

ဘုရားရေ။

သူမလေးထွက်သွားတာ နေ့ခင်းကတည်းက။

ဒီအချိန်ဆို ပြန်ရောက်သင့်ပြီလေ။ ခုချိန်ထိ ပြန်မရောက်တာ ဘာဖြစ်လို့ပါလိမ့်။

ဒေါ်ယမင်း စိတ်ပူကာ။

နေဦး လမ်းထိပ်မှာ ဟင်းစားတွေ ဘာတွေ ဝင်ဝယ်နေတာ လားလား။

ဒေါ်ယမင်း တွေးမိတဲ့အတိုင်း လမ်းထိပ်က ညဈေးတန်းဘက် ထွက်ခဲ့မိသည်။

ခုနေခါ သမီးချိုလက်ထဲ ဖုန်းရှိနေရင် အကောင်းသား။

ဖုန်းလေးဆက်ပြီး ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ မေးလို့ ရသား။

ခုတော့မလွယ်။

သမီးချိုဖုန်းကို မောက်မောက် ယူထားတာလေ။ မောက် မောက် ဖြစ်ချင်ရာဖြစ်ခွင့်မရလို့ သူဝယ်ထားတဲ့ သုံးသိန်းတန် ဟာဝေး ဖုန်း အကောင်းစားကို ရောင်းပစ်ပြီး ချောင်းသာမှာ အပန်းသွားဖြေနေ သည်။

သွားတာ ရိုးရိုးမသွား။ သမီးချိုဖုန်းကို ယူသွား၏။ ဒေါ်ထွေး ထွေးကိုယ်တိုင်က –



www.burmeseclassic.com

www.burmeseclassic.com



"ပေးလိုက်ပါအေ။ ညည်းမောင် စိတ်ချမ်းသာအောင်။ ညည်း က ဒီဖုန်းတကိုင်ကိုင်နဲ့ ဘာလုပ်မလဲ။ ညည်းဘေးမှာ ယမင်း အဖော်ရှိ တာပဲ။ ဖောက်သည်တွေနဲ့ချိန်းရင် အရင်လိုပဲ ဘေးအိမ်က ဝေဝေ့ ဖုန်းနဲ့ အချိန်းအချက်လုပ်လို့ရတယ်။ ပေးလိုက်စမ်းပါ"

ဒေါ်ထွေးထွေးကိုယ်တိုင် သမီးချိုလက်ထဲကဖုန်းကို သား တော်မောင်လက်ထဲ ထည့်ပေးလိုက်သည်မဟုတ်လား။

ထိုကိစ္စ သူမလည်း ကြားဝင်မပြောသာ။

ခုနေခါ ဖုန်းတစ်လုံးမရှိတော့ အဆက်အသွယ်ပြတ်နေပြီ မဟုတ်လား။

နေဦး။

သမီးလေးလက်ထဲမှာ ဖုန်းလေးတစ်လုံးရှိအောင် ကြံဆောင် ရမယ်။

ဒီပိုက်ဆံတစ်သောင်းက သမီးချိုလက်ထဲထည့်မယ်။ နောင် နေ့တွေ ဖောက်သည်တွေအိမ်သွားလို့ရသမျှ ပိုက်ဆံလေးတွေ စုဆောင်း လိုက်ရင် ချို့အတွက် ဖုန်းတစ်လုံးလောက်က အလွယ်လေးရနိုင်မယ် လေ။

ဟုတ်တယ်။

ရပ်ကွက်ထဲက စတိုးဆိုင်မှာ လပေးနဲ့ ဟန်းဆက်နဲ့ဆင်းကတ် ဝယ်လို့ရတယ် မဟုတ်လား။

ရှိသမျှ ပိုက်ဆံလေးပေးပြီး ဝယ်ရမယ်လေ။ ဟုတ်တယ်။





ဒေါ်ယမင်း ထိုသို့တွေးရင်း သူမလေးကို လည်တဆန့်ဆန့် မျှော်နေခဲ့တာ။

ဘုရားရေ။

ဘယ်အချိန်တောင်ရှိနေပြီလဲ။ မှန်းစမ်း။ ဒေါ်ယမင်းက ကွမ်း ယာဆိုင်လေးမှ နာရီလေးကို လှမ်းကြည့်လျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဘုရားရေ"

ချို မယုံနိုင်ပါ။ အံ့သြလွန်းကာ သူ့ကို တစ်ငေးတည်း ငေး ကြည့်ဖြစ်သွားသည်။ သူ့မျက်ဝန်းသည် အတိတ်၏နာကြည်းမှုတွေ ကူးလူးလျက်။

"ဒေါ်ဒေါ်က ရှင့်မာမီ ဟုတ်,ဟုတ်ရဲ့လား"

သူ ခေါင်းလေး ဆတ်ခနဲညိတ်၍ တုံးတိတိ ပြော၏။

"ဟုတ်တယ်"

"အဲဒါဆို ဘာဖြစ်လို့"

ချို လွှတ်ခနဲမေးမိပြီးမှ စကားမဆုံးခင် ချို့ပါးစပ်လေး ချို ပြန်ပိတ်လိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူက ချို့ကို စူးစိုက်ကြည့် ရင်း ထိုင်နေရာမှ ဝုန်းခနဲထလျှင် မေးလက်စ ချို့စကားလုံးသေ





သွားတောက်သွားခြင်းဖြစ်သည်။

"ဆော ဆောရီးပါ"

ချို့ခြေလှမ်းလေး နောက်ဆုတ်၍ ကမန်းကတန်း ပြောလိုက် သည်။ သူက –

"ရတယ်၊ လောလောဆယ်မှာ ကိုယ် မာမီ့ကို ကိုယ့်စံအိမ်ပေါ် ခေါ်တင်ဖို့ ကိုယ့်ဘက်က သတ္တိမရှိသေးဘူး။ မာမီလည်း ကိုယ့်စံအိမ်ထဲ ပြန်ဝင်ဖို့ စိတ်ကူးရဲမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ မင်းနားလည် အောင်ပြောရရင် မာမီဟာ ကိုယ်တို့မိသားစု ဘဝပျက်ရုံမက သူ့ဝတ်ဝန်းကျင်ကြား မျက်နှာချပြလို့မရအောင် မိုက်မဲခဲ့ဖူးတယ်။ ကိုယ်တို့မိသားစုဘဝ ကံဆိုးမိုးမှောင်ကျအောင် ရက်စက်တဲ့မိခင်။ ကြမ္မာ ဆိုးတွေ ဖန်တီးပေးတဲ့သူ"

ဘုရားရေ၊ မယုံနိုင်စရာကောင်းလိုက်တာ။

ချို့ရင်ထဲမှာပဲ ရေရွတ်ရင်း သူပြောနေတာတွေ ဟုတ်ကော ဟုတ်ရဲ့လား။

ထိုသို့လည်း ရင်ထဲ မေးမြန်းနေသေးသည်။ သူကတော့ ဖြစ်ချင်ရာကို ပြောချဆဲ။

"အဲဒီအတွက် ကိုယ်နဲ့ ကိုယ့်မာမီ မျက်နှာချင်းဆိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်သေးဘူး"

"ဒါနဲ့ တစ်ခုလောက် မေးပါရစေ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ချိုနဲ့ ဘာဆိုင်လို့လဲ ဦးနေဘုရင်"

"မင်းလည်း ကိုယ့်မာမီနဲ့ အတူတူပဲ"

"ဘုရားရေ"

"မင်းနဲ့ကြုံတိုင်း အဆိုးနဲ့ ရင်ဆိုင်ရတယ်ကွ"

"ဟာ ချိုနဲ့ဆုံလို့ အဆိုးတွေ ရင်ဆိုင်ရတယ်။ ချိုက ရှင့်ကို ဘာလုပ်မိလို့လဲ"

"မင်းလုပ်တာ မလုပ်တာထက် မင်း ကိုယ့်ကားရှေ့ကျတဲ့ နေ့က ကိုယ့်ရဲ့နိုင်ငံခြားကုန်သင်္ဘောကြီးတစ်စင်း နစ်မြုပ်တဲ့ သတင်းဆိုး ကြားရတာပဲ"

ချို အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကား ပေါ်က ဆင်းတုန်းက နောက်က အတွန်းခံရတဲ့အရှိန် များပြီး လိမ့်ကျ သွားတာ သူ့ကားလား။

အဲဒီတုန်းက သူ့ကိုလည်း ချို မမြင်ရပါ။

ဒရိုင်ဘာဆင်းလာတာတော့ တွေ့သည်။ ထို့နောက်မှာ ထို ဒရိုင်ဘာက ကားပေါ်တက်ပြီး မောင်းပြေးတာလေ။

အဲဒါ သူ့ကားတဲ့။

ပွန်းပဲ့ပြီး ခြေဆစ်လွဲရုံသာ ဖြစ်သွားတဲ့အတွက် ချို ကံကောင်း တယ်လို့ ယူဆတာလေ။ ထိုဒရိုင်ဘာသာ ဘရိတ်ဆွဲမမြန်ရင် ချို့ အဖြစ်က တွေးရဲစရာမရှိပါ။

အဲဒါက ချို့ရဲ့ကံဆိုးမှုလေ။





ဘာဖြစ်လို့ သူက ကံဆိုးတယ်လို့ စွပ်စွဲတာလဲ။ သူ့သင်္ဘော သူ့ဟာသူ မြုပ်တဲ့ကိစ္စ။

ချို သွားပြီး သင်္ဘောမြုပ်အောင် လုပ်လိုက်တာမှ မဟုတ်တာ။ သူက ချိုနဲ့ဆုံလို့ သူ့သင်္ဘောမြုပ်တဲ့သတင်းဆိုး ကြားရတာတဲ့။

ဒါတင်မက သူ့ကို ချို နိုပ်ပေးတဲ့နေ့က သူ့ရဲ့မန္တလေးခရီးစဉ် အက်စီးဒင့်ဖြစ်တာနဲ့ ကြုံရသတဲ့။ ပြီးတော့ သူ့စက်ရုံ ဂိတ်ပေါက်ဝမှာ ချို့မျက်နှာမြင်ပြီး မကြာခင် ချောင်းသာကမ်းခြေက သူ့ဟိုတယ် မီး လောင်တဲ့သတင်း ဝင်လာသတဲ့။

အဲဒါတွေဟာ ချို့ကြောင့်တဲ့။

ချို့မျက်နှာက သူ့အတွက် ကြမ္မာဆိုးစေသတဲ့။

"အေး . . . မင်းက မဆိုင်ဘူး ပြောချင်ပြောနိုင်တယ်။ ဒါပေမဲ့ မင်းမျက်နှာမြင်ရတာ မာမီ့မျက်နှာ မြင်ရသလိုပဲ"

"ကျွတ်"

ချို့ရင်ထဲမှာ ဆတ်ခနဲ တင်းမာသွား၏။ ထို့ကြောင့် –

"ရှင်စွပ်စွဲတာ သိပ်လွန်နေပြီနော်"

"မင်းဘက်က မင်းကြိုက်သလို ထင်နိုင်တယ်။ ကိုယ့်ဘက်က တော့ ကြမ္မာဆိုးပဲ"

"ကြမ္မာဆိုးစေတဲ့ ချို့မျက်နှာနဲ့ ရှင် ဘာဖြစ်လို့ မျက်နှာချင်း ဆိုင်နေရတာလဲ"

"ဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



သူက ခနဲ့သလို အံကြိတ်၍ ရယ်မောလိုက်၏။ ထို့နောက် ချို့မျက်နှာကို အုပ်မိုး၍ စိုက်ကြည့်ပြီး ပြောချသည်။

"ကြမ္မာဆိုးစေတဲ့ မင်းတို့နှစ်ယောက်မျက်နှာကို ပူးတွဲမြင်လိုက်ရတဲ့နေ့ဟာ ကိုယ့်အတွက် ဆိုးတဲ့ကံကြမ္မာက အကောင်းလက္ခဏာဆောင်သွားသလားပဲ"

"တောက်၊ ရှင် စိတ်ရောဂါဖြစ်နေပြီ ဦးနေဘုရင်"

"ဘာ ပြန်ပြောစမ်း၊ ဘာဖြစ်နေတယ်"

သူ့လက်နှစ်ဖက်က ချို့ပခုံးရောက်လာသလို တလှုပ်လှုပ်ခါပြီး ခံပြင်းစွာမေးသည်က ခါးသီးစွာ။

"ပြောလေကွာ"

"ဖယ် လွှတ်။ ရှင် စိတ်ရောဂါ ရနေပြီလေ။ မယုံရင်"

"တော်တော့"

ချို ပြောလို့မဆုံးသေးပါ။ ချို့ပခုံးနှစ်ဖက်ကို ဆောင့်တွန်း၏။ ထိုအခါ ချို့ကိုယ်ရှိန် မထိန်းနိုင်ဖြစ်ကာ ပန်းအိုးကြီး အနားရောက်သွား၏။

ချို ကမန်းကတန်းပဲ ကိုယ်ရှိန်ထိန်း၍ –

"ရှင် အနိုင်မကျင့်နဲ့နော်"

"ဟေး မင်းကို အနိုင်ကျင့်နေတာမဟုတ်ဘူး။ မင်းစကားလုံးတွေ မင်းကိုယ်တိုင် ပြန်ရုပ်သိမ်းလိုက်ကွ"

ချို နှုတ်ခမ်းတွေ ဖိကိုက်လိုက်သည်က မကျေမနပ်။





"ဒီမှာ မင်းတို့ တပူးတွဲတွဲနဲ့ ကလေကလွင့်လို လျှောက်သွားနေတာ ရုပ်တန်းကရုပ်"

"အဲဒါ ချို့အလုပ်"

"ဟုတ်တယ်၊ မင်းအလုပ်။ မင်းအလုပ်က ကိုယ့်မာမီကို ချကြားထဲ ခေါ်ထုတ်ပြီး အဲသလိုဘဝရောက်နေတယ်ဆိုတာ လိုက်ပြီးကြော်ငြာနေတာမျိုး။ ကိုယ့်အသိုင်းအဝိုင်းက ကိုယ့်မာမီကို အဲသလိုပုံစံနဲ့ ပြန်တွေ့နေရရင် ဒီမိန်းမ ဒီဘဝရောက်တာ နည်းသေးတယ်လို့ ဆက်ညှိုးငေါက်ငေါ်ထိုးကြမှာကွ။ အဲဒါကြောင့် မင်းတို့မျက်နှာတွေ ကလေကလွင့်ပုံစံနဲ့ လျှောက်သွားနေတာ ကိုယ်မမြင်ချင်ဘူး။ ဒါကြောင့် မင်းကို ဝန်ထမ်းပြန်ခန့်တာ။ ကိုယ့်ဝန်ထမ်း မင်းပြန်လုပ်ရမယ်"

"ချို နာခံမယ်ထင်နေလား"

"အဲဒါ မင်းသဘော။ အေး တစ်ခုတော့ရှိတယ်။ ကိုယ့်အမိန့်ကို မနာခံရင် မင်းသူငယ်ချင်းရဲ့အဖေ ဦးလှထွန်း အလုပ်အပြုတ်ပဲ။ ဦးတော့ ဦးစိုးမင်းရော။ မင်းသတ္တိရှိတယ်ဆိုရင် ငြင်းလိုက်လေ"

"ရှင်"

ချို ခံပြင်းစွာ လက်သီးကျစ်ကျစ်ဆုပ်မိသွားသည်။ သူက အပြုံးတကြီး အံကြိတ်၍ –

"နောက်ထပ် မင်းကို အမိန့်ပေးလို့ရသေးတယ်။ မင်း လက်ခံရင် ဒီစံအိမ်ထဲမှာ မင်းကို ပိတ်ထားလို့ရသေးတယ်ကွ"

"ကျွတ် ရှင် သိပ်လွန်လွန်းတယ်။ ဦးလေးတို့နဲ့ ဘာဆိုင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းဟာမင်းဆုံးဖြတ်။ နောက်တစ်ခု ထပ်ပြောလိုက်မယ်။ မင်းတို့ ရောင်းလိုက်တဲ့အိမ်နဲ့၊ အခု မင်းတို့ငှားနေတဲ့အိမ် ကိုယ်ဝယ်ထားပြီးပြီ"

"ဟင်"

"နောက်ထပ် ပြောလိုက်ဦးမယ်။ မင်းတို့မိသားစုရဲ့စားဝတ်နေရေးအတွက် ကိုယ်တာဝန်ယူတယ်။ အဲဒီအတွက် မင်းကို လစာငွေ အဆမတန် ပေးလိုက်တာ။ အဲဒီလစာငွေက မင်းအမေ ဖဲရိုက်ဖို့ မင်းမောင် သုံးဖြုန်းပစ်ဖို့ မဟုတ်ဘူးဆိုတာတော့ မင်းခေါင်းထဲ စွဲအောင်မှတ်ထား။ မင်းကို ကိုယ်စကားကုန် ပြောလိုက်ပြီ၊ မင်း ကိုယ့်ဝန်ထမ်းမလုပ်ရင် ကိုယ့်အဆိုးမဆိုနဲ့။ မင်း စိတ်ကြိုက်ရွေး။ ဒါပဲ"

"ကျွတ်"

ချို့ရင်ထဲမှာ ကျိတ်ပြီး ကျိန်ဆဲလိုက်၏။

နတ်ဆိုး။

✿ ✿ ✿

## အခန်း (၂၇)

"သမီးချိုရယ်၊ ဒေါ်ဒေါ် စိတ်ပူလိုက်တာကွယ်"

တွေ့တာနဲ့ ကိုယ်လေးကို ဖွေ့ဖက်ပြီး စိုးရိမ်စိတ်ကြီးစွာ ဆိုရှာတဲ့ ဒေါ်ဒေါ့်ကို ချို ဘာပြန်ပြောရင် ကောင်းမှန်းမသိအောင် ဖြစ်သွားလေသည်။

"နောက်ဆို ချို့တစ်ယောက်တည်း မသွားနဲ့တော့ကွယ်၊ သမီးချိုကို ဒေါ်ဒေါ် စိုးရိမ်လို့ပါ"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

"အို ကျေးဇူးတင်တာတွေ ဘာတွေနဲ့ သူစိမ်းဆန်ဆန် မပြောပါနဲ့။ လာလာ သမီးချို ပင်ပန်းလာတယ် မဟုတ်လား။ ဒေါ်ဒေါ် ထမင်းပွဲ ပြင်လိုက်မယ်။ သမီးမေမေကတော့ နှင်းဆီလမ်းထဲရောက်နေပြီဆိုတော့ ဒီည ပြန်လာမယ်မထင်ဘူး။ သမီးချို စားပြီးအိပ်လိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်က နက်ချင်နေပြီ''

ဒေါ်ယမင်း ပျာပျာသလဲပြောဆိုရှင်းပြရင်း ထမင်းပွဲပြင်ပေး ကာ ချို့ကို တယုတယ ကျွေးမွေးနေလေသည်။

ချို ဘာမှ ပြန်မပြောတော့ပါ။

အလိုက်သင့်လေး ပြုံးပြကာ ထမင်းဝိုင်းမှာ ဝင်ထိုင်၍ ညစာ စားသောက်လိုက်သည်။ ပြီးတော့ တစ်ခါတည်း အိပ်ရာဝင်လေသည်။

ဒေါ်ယမင်းလည်း ချို့ဘေးမှာ ဝင်အိပ်၏။ အထူးသဖြင့် ချို့ လက်ဖဝါးတစ်ဖက်ကို အားပြုဆုပ်ကိုင်ရင်း အိပ်ပျော်သွားရှာတဲ့ ဒေါ်ဒေါ် ကိုကြည့်ရင်း ချို့ရင်မှာ မယုံနိုင်လောက်အောင် ဖြစ်တည်နေမိသည်။

ဒေါ်ဒေါ်က မျက်ခုံးပါးပါးနှင့် မျက်ဝန်းအိပ်မ်လှ၏။ မျက်နှာကျပုံ က မြင်ရုံနဲ့ ချစ်ခင်ဖွယ်ဖြစ်ပြီး အရပ်အမောင်းကောင်းသော ဒေါ်ဒေါ် ဟာ ပျိုရွယ်စဉ်က ကြည့်ငေးစရာ ရုပ်ရည်ပိုင်ရှင်ဖြစ်မှာမလွဲပေ။

ခုတောင် ထောင်ထဲနေလာရတာမို့ အသားအရေ ညိုမှိုင်းကာ အသက်အရွယ်အရ မျက်နှာဟန် ရင့်နေသော်လည်း အရပ်နိမ့်ပြီး ဝဖိုင့်နေတဲ့ မေမေထက် ပိုပြီးကြည့်ကောင်း၏။

ဒါ့ပြင် ဒေါ်ဒေါ့်ရဲ့နူးညံ့တဲ့စိတ်။ ထိုစိတ်က ချို့အပေါ် သွေးရင်း သားရင်းနှယ်။

ချို့အပေါ် ကြင်နာချွေးထွေးခဲ့သလောက် သူ့မိသားစုအပေါ် ဘာကြောင့်များ ဆိုးသွမ်းစေတာလဲ။

သူပြောတဲ့အတိုင်း တကယ်ဖြစ်ခဲ့သလား။





အိပ်မောကျနေရှာတဲ့ ဒေါ်ဒေါ့်မျက်နှာလေးကို တငေးတည်း ငေးကြည့်ရင်း တွေးဖြစ်လျှင်။

✿

''မာမီ''

''ဟဲ့ နေ၊ ဘာဖြစ်လို့ ကားပေါ်ကုပ်တက်နေတာလဲ။ ဆင်း ဆင်း''

ထိုစဉ်က နေဘုရင် ဆယ်နှစ်သားအရွယ်။ မမက ဆယ်တန်း ကျောင်းသူ။ သားအငယ်ဆုံးနေဟာ မာမီသွားရာနောက် တကောက် ကောက်ပါသူ။

ထိုနေ့က မာမီအပြင်သွားမှာသိလို့ ထုံးစံအတိုင်း နေ အပြေး အလွှား ကားပေါ်တက်ခြင်း။

မာမီက ကောက်ပြောင်နေတဲ့ လက်ကိုင်အိတ်ကြီးကို ဟန်ပါပါ လွယ်လျက်သားနဲ့ နေ့ကို အမှိုက်တစ်စလိုကြည့်ကာ နေ့လက်မောင်း တစ်ဖက်ကို ဆွဲကိုင်၍ ကားပေါ်မှ ဆင်းစေသည်။

''မာမီ သားလည်း လိုက်မယ်''

နေ ဝမ်းနည်းခြင်းကြီးစွာ ပြောလျှင် –

''ဘာလိုက်လုပ်မှာလဲ၊ တက်စမ်း ထွိုက်ပေါ်။ ဟော့ ခင်သုန်၊



www.burmeseclassic.com

www.burmeseclassic.com



အညွန့် ... သားကို တိုက်ထဲခေါ်သွင်းစမ်း။ မောင်ရဲ မောင်းတော့

မာမီက အလုပ်သမားတွေကို အော်ဟစ်ပြောဆိုရင်း ဒရိုင်ဘာ ကို အမိန့်ပေးလေသည်။ ဒရိုင်ဘာ ဦးမောင်ရဲက မာမီ့ဆန္ဒအတိုင်း ကားမောင်းထွက်သွားလျှင် နေ သည်းမခံတော့ပါ။

"မာမီ ... သားလည်း လိုက်မယ် ဟီး ဟီး"

နေ ငိုချ၍ ကားနောက်အပြေးလိုက်၏။ အိမ်စေ ခင်သုန်[နဲ့] အညွန့်က နေ့ကိုပြေးဆွဲကြသည်။

"သား နေဘုရင်ရယ် ... ဘာလို့ ပြေးလိုက်နေရတာလဲ လာ လာ တိုက်ထဲဝင်ရအောင်"

"ဟီး ဝင်ဘူး၊ မာမီနဲ့လိုက်မယ်"

"ဟဲ့နေ၊ မာမီနောက် တကောက်ကောက်လိုက်ရအောင် နင်က နို့စို့ကလေးမို့လား"

မမနေယမင်းက တိုက်ထဲက ထွက်လာရင်း မာန်မဲပြော[သည်]။ နေက ဝမ်းနည်းတာပဲသိတာမို့ မမကို ဝင်ဖက်ပြီး –

"မမ နေတို့ မာမီနောက် လိုက်သွားမယ်လေ။ မာမီ[က] ကစားကွင်းခေါ်သွားမယ်ပြောပြီး နေ့ကို ထားခဲ့တယ် မမရယ် ... ဟီး ဟီး"

"အိုး ထားခဲ့ရင်နေခဲ့ပေါ့။ ဖယ် ဖယ် ... မမလည်း သွားစရာ ရှိနေတယ်။ နင်က တငိုငိုနဲ့ လာဘ်ပိတ်တယ်၊ ဖယ်"

နေယမင်း စိတ်ရှုပ်စွာပြောဆိုရင်း မောင်ဖြစ်သူကို တွန်းဖယ်





ှင် နေဘုရင် ဖင်ထိုင်ကျသွား၏။

"ဟီး"

"ဟဲ့ မသာအိမ်မဟုတ်ဘူး မငိုနဲ့။ ခင်သုန်နဲ့အညွန့် နေ့ကို ခန်းထဲ ထည့်ပိတ်ထားစမ်း"

မမက အမိန့်ပေးရင်း မမကို အကြိုတော်ရောက်လာတဲ့ သူတဆိုတဲ့ကောင်လေးနဲ့ ပါသွား၏။

အညွန့်နဲ့ခင်သုန်က နေ့ကို သနားသော်လည်း မမနဲ့ မာမီ [အ]မိန့်ကို မလွန်ဆန်နိုင်။ နေ့ကို အခန်းထဲ ပိတ်လှောင်လိုက်၏။

"ဟီး ဟီး ... ဒယ်ဒီ"

နေ ငိုယိုရင်း ဒယ်ဒီ့ကို အားကိုးတကြီး ခေါ်ဆိုမိသည်။ [ထို]စဉ်က ဒယ်ဒီက နိုင်ငံခြားမှာ ဆေးကုဖို့သွားနေသည်။

အဆုတ်ရောင်ရောဂါကနေ အဆုတ်တီဘီ၊ ထိုမှတစ်ဆင့် အဆုတ်ကင်ဆာသဘောမျိုးဖြစ်နေတဲ့ ဒယ်ဒီဟာ ကျန်းမာရေးကိစ္စ [တ]စ်ခုတည်းကို အာရုံစိုက်နေချိန်မှာ မာမီနဲ့မမက ရေလိုက်လွဲနေကြ သည်။

ဒယ်ဒီ့လုပ်ငန်းတွေထဲ ဟိုစပ်စပ် ဒီစပ်စပ်နဲ့ မာမီ ဝင်ပါနေ သည်က တတ်ကျွမ်းနားလည်လို့ မဟုတ်ခဲ့ပါ။

လုပ်ငန်းရှင်သူဌေးကတော်ဆိုတဲ့ ပါဝါမျိုးနဲ့ လူတွင်ကျယ်လုပ် ချင်ခြင်းမျိုး။ အဓိက အပြင်ထွက် သွားလာပြီး ဒယ်ဒီ့လုပ်ငန်းတွေထဲကို ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါရင်း လူဝင်ဆန့်အောင် လုပ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မာမီက ပညာတတ်မဟုတ်ပါ။ ရှစ်တန်းမှ ကျောင်းနေဖူးသူ။ သာမန်အရပ်သူပီပီ ရိုးသားဖြူစင်ခဲ့သည်။ အိမ်တွင်း နိုင်နင်းကာ ပြောဆိုသမျှ နာခံတတ်သူဖြစ်ပြီး မြင်မြင်ချင်းစွဲလမ်းစေ အလှတရား ပိုင်ဆိုင်သူဖြစ်သည်။

ဒယ်ဒီက မာမီထက် အရပ်နိမ့်သလို အသားလည်းညိုပြီး ဝတ်ကောင်းစားလှနဲ့ လုပ်ငန်းရှင်သူဌေးဆိုတဲ့အရှိန်အဝါကြောင့် ကျက် သရေရှိလှသော်လည်း လူချောလူလှမဟုတ်။

ဒယ်ဒီနဲ့မာမီကို ယှဉ်တွဲလိုက်ရင် ဘယ်လိုမှ မလိုက်ဖက်ပါ။ ရုပ်ရည်နဲ့ အဆင့်အတန်းချင်း မတူသည့်အတွက်၊ ဒယ်ဒီ့မိဘတွေ လက်မခံသည့်ကြားက မိဘကိုဆန့်ကျင်ပြီး ရယူခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က မာမီက ဒယ်ဒီကိုချစ်၏။ ဒယ်ဒီ့သဘော ဒယ်ဒီ့ဆန္ဒ အိမ်လုံတဲ့ ဇနီးမယားကောင်းအဖြစ် ရပ်တည်လာခဲ့သည်။

နေ့ကိုလည်း ပွေ့ပွေ့ပိုက်ပိုက် ချစ်ရှာသည်။ မမကိုလည်း ဂရုစိုက်၏။ ဒယ်ဒီ ကျန်းမာရေးကိစ္စနှင့် နိုင်ငံခြား ခဏခဏသွားနေရ ခြင်းနောက်မှာ မာမီ ထိုသို့ပြောင်းလဲလာခြင်းဖြစ်သည်။

အထူးသဖြင့် ကျော့မော့နေအောင် ပြင်ဆင်၍ အပြင်ထွက် သွားလာများတဲ့အခါ မာမီ့ကို မျက်စိကျတဲ့သူ များလာသည်။

"နေဖယားအမျိုးသမီး ဟုတ်ရဲ့လား။ နေဖယားနဲ့ မတန်လိုက် တာ။ ဘာညာ"

နှင့်ပြောဆိုတာခံရလေ မာမီ့အတွေးမှာ တစ်မျိုးပြောင်းလေ





နောက်ပိုင်း ဒယ်ဒီက ပိုပိန်ပြီး ရုပ်ကျလာသည် မဟုတ်လား။

ထိုအခါ အရင်ကထက် မာမီနဲ့ဒယ်ဒီ ပိုပြီး အတွဲမလှ ဖြစ်လာ သည်။

သူစိမ်းယောကျ်ားတို့၏လိုက်လိုက်လျောလျော မြှောက်ပင့် ပြောဆိုတဲ့ စကားလုံးတွေကြားမှာ မာမီ ပျော်ဝင်ကာ။

အထူးသဖြင့် ဒယ်ဒီ၏လုပ်ဖော်ကိုင်ဖက်တစ်ဦး၏လှုယှံတော် တိုကိုစံနှင့် မာမီငြိလေသည်။

ထိုအခါ ဆန့်ကျင်ဘက်ဆီသို့ ဦးတည်သော ဖာတ်လမ်း စတင်တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ယမင်း တွေ့ရအောင်"

"အိုး ခဏခဏတွေ့လို့ ဘယ်ဖြစ်မလဲ"

"ကိုယ့်ကို မချစ်ဘူးလား"

"ဖံရယ် ချစ်တာက ချစ်တာလေ"

"ချစ်ရင် တွေ့ကြမယ်"

"မ မဖြစ်သေးဘူး၊ ကိုနေ ပြန်ရောက်နေပြီး"

"ရောက် ရောက်၊ တွေ့ကြမယ်"

"ကျွတ်၊ ဖံ တော်တော်ဆိုးတာပဲ။ ကဲ တွေ့မယ် တွေ့မယ်"

"တွေ့မယ်ဆို ဖံပြောထားတာ မမေ့နဲ့ဦး"

"မမေ့ပါဘူး စိတ်ချ၊ ဖံတောင်းသမျှ ယမင်း ဘယ်တုန်းက မပေးတာရှိလဲ"





"အဲဒါကြောင့် ယမင်းကို ချစ်ရတာ"

"ဒါပဲနော်"

ကစ်ပေးတဲ့ပုံလေး အပြန်အလှန် ပြန်ပို့ရင်း အဲဆုံးသတ်ထားတဲ့ message တွေ။

နေဘုရင် ဂိမ်းကစားဖို့ မာမို့ဖုန်းလေးကို ယူခြင်းပါ။ ဂိမ်းကို နှိပ်မိဘဲ message ကိုနှိပ်မိသွားလျှင် မာမီနဲ့ဦးကိုကိုဖံ အပြန်အလှန် ပို့ထားတဲ့ message တွေ့ရလေသည်။

နေဘုရင် ဗွေမတန်းတက်နေပြီမို့ ကောင်းကောင်းနားလည် နေသည်။ ဦးကိုကိုဖံဆိုတာက အရပ်မြင့်မြင့်၊ ကိုယ်လုံးဖိုင့်ဖိုင့်နဲ့ လူကြီး ရုပ်ကောင်းဒီဖိုင်းမျိုး။

မာမို့ကိုတွယ်ကပ်ကာ ဒယ်ဒီ့နောက်ကွယ်မှာ နိုးခိုးတွေ့ရင်း ဇာတ်လမ်းတွေ ရှုပ်နေသူ၊ ထိုပုဂ္ဂိုလ်ကို နေ ကြည့်မရပါ။

ထို message တွေပါတဲ့ မာမို့ဖုန်းကို ဒယ်ဒီ့ကိုပြဖို့ ယူပေး သလျှင် –

"ဟော့ နေ၊ လာစမ်း ... ပေးစမ်း ဖုန်း"

မာမီ လှစ်ခနဲတွေ့သွားကာ နေ့လက်ထဲက ဖုန်းကို ဆွဲလုယူ လိုက်ရုံမကပါ။ မာမီရဲ့ကျန်လက်တစ်ဖက်က နေ့ဆံပင်ကို ဆုပ်ဆွဲကာ–

"ကလေးက ကလေးလိုနေစမ်း။ မာမီလုပ်လိုက်ရင် နာဦး မယ်။ နောက်တစ်ခါ မာမို့ဖုန်းကိုင်ကြည့်။ အသေလုပ်သတ်လိုက်မယ်။ သွားစမ်း ... ဖအေနားကို။ နင့်ဖအေ မသေချင် အနားမှာနေ့ သွား



www.burmeseclassic.com

www.burmeseclassic.com



. . . သွား''

မာမီက နေ့ဆံပင်ကို နှစ်ဆင့်ဆောင့်ဆွဲပြီးမှ နေ့ကို တွန်းပစ်၏။

မာမီက နေ့ကို အခန်းပြင်ရောက်အောင် ထပ်ဆင့်တွန်းပစ်ပြီး အခန်းတံခါး ပိတ်ပစ်လိုက်၏။

နေ့ခမျာ မငိုရှိုက်ဘဲ မျက်ရည်တို့ အလုံးလိုက်ကျ၏။ ဒယ်ဒီ ကျန်းမာရေးချို့တဲ့လာကတည်းက မာမီက ဒယ်ဒီ့အခန်းထဲ မနေတော့ပါ။

သီးခြားအခန်းနဲ့နေကာ။

''ဒယ်ဒီ''

နေဘုရင် ရင်ထဲမှအော်ခေါ်ရင်း ဒယ်ဒီ့အခန်းဆီ အားကိုးတကြီး ပြေးဝင်သည်။ ထိုစဉ်။

✿ ✿ ✿

## အခန်း (၂၉)

''ထုတ်ငွေက အရမ်းများနေတယ်။ ငွေစာရင်းရှင်းတမ်းလုပ်ပါလို့ ရှယ်ယာရှင်တွေ တောင်းဆိုနေကြပြီ။ အဲဒီတော့ ကိုနေ့ဇနီး သုံးထားတဲ့ငွေတွေကို ဘယ်လိုပုံစံ ပြန်သွင်းပေးနိုင်မလဲ။ ကျွန်တော်က ကိုနေ့ကို ညီအစ်ကိုလို ခင်မင်ရလို့ ကြိုပြီးအသိပေးတာပါ။ ရှင်းတမ်းလုပ်တဲ့နေ့မှ အသိပေးရင် ကိုနေ ပြင်ဆင်ချိန်ရမှာ မဟုတ်ဘူး။ အဲဒါကြောင့် ကိုနေ ပြင်ဆင်လို့ရအောင် ကျွန်တော်ပြောရတာပါ။ ခုလို ပြောရလို့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့''

ဒယ်ဒီ့မိတ်ဆွေ ဦးခင်မောင်ဆွေ စာနာစိတ်ဖြင့် ထုတ်ပြောလျှင် ဒယ်ဒီ့အသက်ရှူဟန်က ပိုပြီး မွန်းကျပ်ကာ။ အသက်ရှူလိုက်တိုင်း ရင်အုံမှာ သိသိသာသာ မို့မောက်သွားသည်ကို နေဘုရင် မြင်နေရသည်။

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့လက်က ဟန့်လိုက်လို့ ဦးခင်မောင်ဆွေ ပြောထား...စကား ရပ်ထားလိုက်ပေမယ့် ဆက်ပြောချင်နေမှန်း သူသိနေသည်။

နေဘုရင်က ဒယ်ဒီ့ကို တိုင်တန်းဖို့လာတာ။ မျက်ရည်...ဆက်လက်နဲ့ပါ။

ခုတော့ နေဘုရင့်မျက်ရည်တွေကို နေဘုရင်ကိုယ်တိုင် သု...ရင်း ဒယ်ဒီ့ကို အသနားပိုစွာ အနားတိုးကပ်သွားမိသည်။

"ကိုယ် အဆင်ပြေအောင် လုပ်ပေးပါ့မယ် ကိုခင်မောင်ဆွေ...စိတ်ချပါ။ အခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ အဲ့...ဟွတ် ဟွတ်"

ဒယ်ဒီက ပြောဆိုရင်း အဆက်မပြတ် ချောင်းဆိုးလာ...နေဘုရင် ဒယ်ဒီ့အပါး ပြေးကပ်၍ ဒယ်ဒီ့ကို ဖက်ထားမိသည်။

"သားငယ်"

"ပြောပါ ဒယ်ဒီ"

"ဒယ်ဒီ့ကို သောက်ဆေးပုလင်းယူပေး။ စားပွဲပေါ်က ပုလင်း...အနီရောင်လေ"

"ဟုတ်ကဲ့ ဒယ်ဒီ"

နေက ဒယ်ဒီ့အတွက် သောက်ဆေးပုလင်းနဲ့ ဆေးသောက်...ရေဖန်ခွက်ကို ကမန်းကတန်း ယူပေးလိုက်သည်။

ဦးခင်မောင်ဆွေ ဒယ်ဒီ့ကို နှုတ်ဆက်ပြန်သွားလျှင် ဒယ်...ပုံစံက ပို၍နွမ်းလျသွားကာ သောက်ဆေးသောက်ဖို့ပင် အားမရှိသ...

...း ဖြစ်လို့သွားသည်။

"ဒယ်ဒီရယ်"

နေ့ခမျာ ဆေးပုလင်းလေးဖွင့်ပေးနေရင်း မျက်ရည်တို့ အလုံး...လိုက် လျှံကျလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟဲ့ . . . ညည်းဒယ်ဒီမှာ ညည်းကိုယ်တိုင် တောင်းဆို[illegible] လေ။ မာမီ့ကို ဘာဖြစ်လို့ နားပူနားဆာလုပ်နေရတာလဲ နေယမင်[illegible]

"နေယမင်းက မာမို့သမီးလေ။ သမီးလိုချင်တာ မေမေ [illegible] ဆည်းပေးရမှာပေါ့။ ဒယ်ဒီက နာနေတာ။ လူနာနားကပ်ပြီး [illegible] မတောင်းချင်ဘူး။ မာမီပဲ စီစဉ်ပေးရမယ်။ ဒါပဲနော် မာမီ"

မမက မာမို့ကို ဘာတွေတောင်းဆိုနေမှန်း နေဘုရင် မသ[illegible] မာမီက မမကို ရင့်ရင့်သီးသီးကြည့်၍ –

"ဟဲ့ . . . ညည်းဒယ်ဒီမသေခင် ညည်းကိုယ်တိုင် တောင်[illegible] လား။ မာမီလည်း ညည်းလိုပဲအေ့။ ပျော်ချင်တယ်၊ မော်ချင်တ[illegible] လွတ်လွတ်လပ်လပ် သွားလာချင်တယ်။ အဲဒီအတွက် မာမီလ[illegible] မာမို့ဘာသာ လမ်းပေါက်ရှာနေရတယ်။ ညည်းလည်း ညည်းလို[illegible]





ကြည့်ဖို့ လမ်းစရှာပြီး တောင်း။ မာမီတော့ မတောင်းပေးနိုင်ဘူး"

"ကျွတ် မာမီနော်"

မာမီ ငြင်းလျှင် မမက ဝုန်းဒိုင်းကြဲတော့၏။ မြင်မြင်သမျှ ဆွဲလွှဲကောက်ပေါက်။ စားပွဲပေါ်ကပစ္စည်းတွေ တစ်ခုမှမကျန်ပေ။

ထိုပစ္စည်းတွေထဲက စာရွက်ဖိတဲ့ ဖန်တုံးတစ်တုံးက မမ ဖွာင့်ပစ်တဲ့အရှိန်နဲ့ နံရံမှာထိပြီး လွင့်ကျလျှင် သူ့ဒူးဆစ်ရိုးကို ထောက်ခနဲ လာမှန်၏။

ထိုအခါ "အား"ခနဲ သူအော်လိုက်သည်က အသည်းနိုက်စွာ နာကျင်သွားလို့ဖြစ်သည်။

"ဟဲ့ နေစုတ် . . . နင်က ဘာလာအော်နေတာလဲ"

မမက နေ့အပါး ပြေးလာပြီး ဆောင့်တွန်းလျှင် နေ ဖင်ထိုင် ကျသွား၏။

"မမ"

"မခေါ်နဲ့၊ တော်က် မကျေနပ်ဘူး။ နင့်ကိုလည်း မကျေနပ် ဘူး။ ဒယ်ဒီ့ကိုလည်း မကျေနပ်ဘူး"

မမက အော်ဟစ်ပြောဆိုရင်း ထွက်သွားလေသည်။ ကိုယ်ပိုင် ဘားကို ဂူးခနဲမောင်းထွက်သွားတဲ့ မမကို မာမီက မဲ့မဲ့ရွဲ့ရွဲ့ ကြည့်၏။

ထို့နောက် ဖင်ထိုင်ကျနေတဲ့ နေ့ကို ငုံ့ကြည့်ရင်း –

"ဇနေ"

"ပြော ပြောပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"နေ့ဒယ်ဒီကို နေ ပြောလိုက်စမ်းပါ။ မမက စင်ကာပူသွားပြီး ဖြိုင်ကားမောင်းသင်တန်း တက်ချင်နေတယ်။ ပြီးတော့ ဟိုမှာ ကျောင်း ဆက်တက်ပြီး ဖြိုင်ကားကလပ်ဝင်ပြီး နေမလို့တဲ့။ အဲဒီ စီစဉ်ပေးစေ ပါလို့"

နေ မျက်လုံးပြူးပြီး ကြည့်နေလိုက်တော့ မာမီက နေ့လက် မောင်းကို ဆတ်ခနဲ ဆွဲစေပြီ။

"မာမီပြောတဲ့အတိုင်း သွားပြောစမ်းပါ၊ သွား သွား"

နေ့ကို ဆောင့်တွန်းပြီး ဒယ်ဒီ့ဆီ သွားခိုင်းတဲ့ မာမီ။ ထိုအခါ နေ မျက်ရည်မထိန်းနိုင်တော့ပါ။

ပြိုကျလာတဲ့ မျက်ရည်တွေကို မထိန်းတော့ဘဲ ရင်ထဲရှိတဲ့ အတိုင်း မာမီ့ကို မော့ကြည့်ရင်း ပြောမိ၏။

"မာမီ၊ မာမီနဲ့မမတို့ရဲ့ စိတ်အာရုံက ဘာလို့ ပြောင်းလဲနေကြ တာလဲဟင်"

"ဘာပြောတယ် နေ"

"သားနားမလည်ဘူး မာမီ။ သားသိတာ ဒယ်ဒီနေမကောင်း ဘူး။ စိတ်လည်း မချမ်းသာဘူး။ သောကတွေလည်း ဖြစ်နေတယ်။ အဲဒီအတွက် ဒယ်ဒီ့ကို မာမီနဲ့မမ ဘာလို့မပြုစုရတာလဲ"

"တောက် နေဘုရင်။ ကလေးက ကလေးလိုနေစမ်း။ သွား ပြောခိုင်းတာ သွားပြော၊ ဟင် ကိုဖ"

နေ့ကို မာမီ ဆူငေါက်ပြောလို့ မဆုံးသေးပါ။ တိုက်ထဲ ရဲရဲဝံ့ဝံ့





ဝင်လာတဲ့ ဦးကိုကိုဖကို မြင်သွားလျှင် မျက်နှာအမူအရာ ပြောင်းလဲကာ ဦးကိုကိုဖဘက် လှည့်သွားသည်။

ထိုအခါ နေ ဒေါသပေါက်ကွဲလေပြီ။ မမဆွဲလွဲပစ်လို့ သူ့ဒူးမှာ ထိမှန်သွားတဲ့ ဖန်တုံးကို ဆတ်ခနဲကောက်ကာ အားထည့်၍ ပစ်ပေါက် လိုက်၏။

"ဒုတ်"

"အား"

ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့ ဦးကိုကိုဖ။ နာခေါင်း ညီတည့်လာမှန်တဲ့ ဖန်တုံးက နာနုကတစ်ဆင့် ဦးနှောက်ကိုပါ လှုပ်ခါ သွားစေသည်။

တစ်ဆက်တည်းလည်း သွေးတွေ ပေါခနဲ ပြိုကျ၏။

"ဟင် နေဘုရင်၊ လူမိုက်၊ လူရမ်းကား၊ တောက်"

မာမီက နေ့ကို သည်းသည်းမည်းမည်းကြည့်ပြီး နေ့အပါး ချဉ်းကပ်လာသည်။ နေ အကာပ်မခံ သုတ်ခနဲ လှည့်ပြေးခဲ့သည်က ဒယ်ဒီ့အခန်းထဲအရောက်။

ဒယ်ဒီ့အခန်းတံခါးကိုပါ ပိတ်ပြီး သူ နားစွင့်နေလိုက်သည်။ အဓိဝင်လာရင် အိပ်ပျော်နေတဲ့ဒယ်ဒီခုတင်အောက် ပြေးပုန်းဖို့ လမ်းရှာ ထားသား ဖြစ်သည်။

သို့သော်လည်း မာမီဝင်မလာ။

မကြာပါဘူး။ ဦးကိုကိုဖကို စိုးရိမ်တကြီးနဲ့ ဆေးခန်းခေါ်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မာမီ့အမူအရာကို နေဘုရင် မြင်ရလျှင် အံတင်းတင်းကြိတ်လိုက်မိ

မာမီ။

ရင်ထဲမှာလည်း နာကျင်စွာ အော်ခေါ်ရင်း ဒယ်ဒီ့အခန်း

ပြန်ပြေးထွက်ကာ ဦးကိုကိုဖံကို ပစ်ပေါက်လိုက်တဲ့ဖန်တုံးကို

ကောက်၏။

ထို့နောက် ဦးကိုကိုဖံကို ကားပေါ်ခေါ်တင်၍ မာမီကိုယ်

မောင်းသွားတဲ့ ကားနောက် အားကုန်ပစ်ပေါက်၏။

"ဒုန်း"

နေဘုရင် အရူးတစ်ယောက်လိုဖြစ်ကာ ကားနောက်

ထိမှန်ပြီး ပြန်ကျလာတဲ့ ဖန်တုံးကို ပြေးကောက်ပြန်သည်။

ပြီးလျှင်။

✿ ✿ ✿

အခန်း (၁၁)

"ဟင်"

နေဘုရင် မျက်လုံးကြီး တကယ်ပြူးသွား၏။ ဒယ်ဒီနဲ့ ရှေ့နေ ကြီးကိုတစ်လှည့်၊ လက်မှတ်ထိုးပေးလိုက်တဲ့ စာချုပ်တွေကို တစ်လှည့် ကြည့်ရင်း နေဘုရင် အံ့ဩလွန်းကာ နေ့မျက်လုံးအစုံ ပြူးကျယ်ရခြင်း ဖြစ်သည်။

ရှယ်ယာရှင်တွေကို ပေးရမယ့် ငွေကြေးအတွက် နေတို့လက်ရှိ နေတဲ့ ခြံနဲ့တိုက်ကို အရောင်းစာချုပ်နဲ့ လက်မှတ်ထိုးပေးလိုက်သည်။

ပိုတဲ့ငွေကို မမ စင်ကာပူသွားဖို့ လွှဲပေးကာ မာမီနဲ့မမ တောင်း ဆိုသမျှအတွက် လုပ်ဆောင်ပေးလိုက်တဲ့ ဒယ်ဒီကို အံ့ဩလွန်းကာ အာမှပြန်ပြော၍မထွက်အောင် ဖြစ်နေမိသည်။

ရှေ့နေကြီးပြန်သွားတော့ ဒယ်ဒီက သူ့ကို အားရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ဖက်ထားသည်က သူ၏အံ့ဩစိတ်ကို နှစ်သိမ့်ပေးမှန်း နေ ခံ
သိနှင့်နေသည်။

ဒယ်ဒီ ဘာလုပ်လုပ် သူကျေနပ်ပါသည်။ သို့သော် လုပ်ရပ်
လက်မခံနိုင်တဲ့ ဒယ်ဒီအစ်ကိုက –

"ညီညီ မင်း ဘာတွေလျှောက်လုပ်နေတာလဲကွ"

ဒယ်ဒီက ဆေးသောက်ပြီး အိပ်ရာပေါ် လှဲနေပေမယ့် မော
နေသည်။ သည်းမခံနိုင်စွာ မေးလာတဲ့ အန်ကယ်ကြီးကို လက်ကလေး
ဟန့်ကာ အားယူ၍ ပြောရှာသည်။

"ကိုကြီး ဘာပြောချင်မှန်း ညီ သိပါတယ်"

"ညီသိနေရင် အဲလိုမလုပ်သင့်ဘူး"

"မလုပ်သင့်တာ ညီသိတယ်။ သိသိကြီးနဲ့ ညီလုပ်ပေးလိုက်
တာက ယမင်းနဲ့သမီး စိတ်ချမ်းသာဖို့"

"ဘာကွ"

အန်ကယ်ကြီး ဒေါသဖြစ်နေသလောက် ဒယ်ဒီက တည်တည်
ငြိမ်ငြိမ်ပဲ အားယူပြောရှာသည်။

"ဟုတ်တယ် ကိုကြီး။ ယောကျ်ားတစ်ယောက်ဟာ ကျန်းမာ
ရေးကောင်းပြီး ငွေအရှာတော်နေတဲ့အချိန်မှာ ညီ့မိသားစုက ညီ့အတွက်
နိဗ္ဗာန်ဘုံပါ။ ဒါပေမဲ့ ချို့ယွင်းလာတဲ့ ကျန်းမာရေးနဲ့ ကျလာတဲ့စီးပွားရေး
ကြောင့် ညီ့အိမ်ထောင်ရေးဟာ ဆန့်ကျင်ဘက်ဆီ ပြောင်းလဲသွားတာ
မျိုးပါ။ အဲဒီအတွက် ညီ့ဘက်က ပြန်ဆယ်ထိန်းဖို့ ညီ့မှာ ခွန်အားမ





တော့ဘူး။ အရှင်းဆုံးပြောရရင် ညီဟာ မကြာခင် လူ့လောကထဲက
ထွက်သွားရတော့မယ့်သူပါ။ ညီ အသက်ရှင်နိုင်ရင် အလွန်ဆုံး နောက်
လပါ ကိုကြီး"

"ဒယ်ဒီ"

နေ မခံစားနိုင်စွာ ငိုချရင်း ဒယ်ဒီ ရင်ခွင်ထဲ ခေါင်းလေးထိုး
ည့်မိ၏။ ဒယ်ဒီက နေ့ဆံပင်တွေကို တယုတယ ပွတ်သပ်ရင်း
န်ကယ်ကြီးကို မျှော့မျှော့လေး ငေးကြည့်လျက် ဆက်ပြောသည်။

"ညီ ကျန်းမာရေးအခြေအနေ ညီသိတယ်။ ယမင်း ဘယ်
ချိန်ကတည်းက ပြောင်းလဲနေခဲ့လည်းဆိုတာ ကိုကြီးထက် ညီ ပိုသိပါ
တယ်။ တစ်သက်လုံး ညီ့အရိပ်အောက်မှာ ပိပိပြားပြားနေလာခဲ့တဲ့
ယမင်းဟာ မယုံနိုင်လောက်အောင် ပြောင်းလဲသွားတာကို ညီက အမိန့်
တွေ၊ စည်းကမ်းတွေနဲ့ ပြန်ထိန်းချုပ်၊ အရင်လို ခေါင်းငုံ့နေမယ့်စိတ်
မှာ မဟုတ်ဘူး။ အဲဒီအတွက် ညီ့ဘက်က ယမင်းကို ထိန်းချုပ်တာနဲ့
မိသားစုအရေးက ညီမသေခင် ပြိုကွဲသွားမှာ သေချာနေတယ်ဆိုတာ
ညီသိတယ် ကိုကြီး"

"မဟုတ်သေးဘူး ညီ။ ညီဆုံးဖြတ်တဲ့ပုံစံက ယမင်းကို ပိုပြီး
ခွင့်အရေးပေးနေသလို ဖြစ်နေတာမျိုးကွ"

"ယမင်းက အဲဒါနဲ့ ပျော်မွေ့နေတယ်။ ဒါကြောင့် ညီ ဘာမှ
မ်းဆောင်နိုင်တော့တဲ့အချိန်မှာ ယမင်းစိတ်ကြိုက် ဖြစ်တည်ခွင့်ပေး
တ်တာက ညီ မသေခင် အိမ်ထောင်ပျက်ရတယ်ဆိုတဲ့ ဒဏ်ရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မခံစားချင်လို့ပါ။ မကြာခင် ညီ သေရတော့မယ်။ ညီမသေခင် ယမင်း
သမီး ဖြစ်ချင်တာကို ဖြစ်ခွင့်ပေးလိုက်တာ။ အဲဒီအတွက် ညီ့ဘက်က
လွဲနေတယ်ဆိုရင် ကိုကြီး နားလည်ပေးပါ။ ညီ အသေဖြောင့်ချင်တယ်
ဒါပေမဲ့''

''ဒါပေမဲ့ ဘာဖြစ်လဲ ညီ''

ဒယ်ဒီက သူ့ကိုယ်လေးကို တင်းအောင်ပွေ့ဖက်၍ –

''ဘာမှမတောင်းဆိုတဲ့ ဒီသားအတွက် ညီသေရမှာကို သတ္တိ
နေတယ် ကိုကြီး''

ဒယ်ဒီ့စကားလုံးတွေနဲ့အတူ ဒယ်ဒီ့မျက်ရည်တွေပါ ရောပါလာ
လျှင် နေဘုရင် ဟီးခနဲ ငိုချမိသွားသည်။

''ဒယ်ဒီ''

''သားငယ်''

''ဒယ်ဒီ မပြောပါနဲ့တော့၊ ဟီး''

ဦးနေသူတ သက်မမောကြီးချရင်း မခံစားနိုင်အောင်ဖြစ်တာ
ကိုယ်ခန္ဓာက ပြိုကျချင်ချင် ဖြစ်သွား၏။

''အန်ကယ်ကြီး ဒယ်ဒီ့ကို ဘာမှမပြောပါနဲ့။ သား တောင်းပန်
တယ်။ မပြောနဲ့တော့''

''အေးပါကွာ''

ညီဖြစ်သူအတွက် ဦးနေသူတ ခံစားချက်တွေ မထိန်းနိုင်ဖြစ်
ကာ မျက်ရည်တွေပါ လိမ့်ကျ၏။ မျက်ရည်တွေ သုတ်ရင်း ဦးနေသူ
ထွက်သွားလျှင် နေဘုရင်ရဲ့ရှိုက်သံက သူ့နောက်ကျောမှာ ကပ်ပြီ
ပါပြီ။

ဒီကလေးရဲ့အနာဂတ်က ဘယ်ဆီမှာလဲ ညီရယ်။

ဒီကလေးအတွက်။

ဟင့်အင်း။

မတွေးရက်တော့ဘူးကွာ။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"မမရေ မမ၊ မမ အခု ဘယ်မှာလဲ"

နေဘုရင် လက်ကိုင်ဖုန်းလေးကိုင်ရင်း အသက်မရှူနိုင်စေ
မေးလိုက်မိသည်။

"ဟဲ့ ဘယ်ရောက်နေရမှာလဲ၊ လေဆိပ်ပေါ့"

"မမ ပြန်လာခဲ့တော့"

"ဘာလုပ်ဖို့လဲ နေဘုရင်"

"ဒယ် ဒယ်ဒီဆုံးပြီ မမရဲ့။ ဟီး ဟီး"

"ကျွတ်၊ ဆုံးရင် ပြီးပြီပေါ့"

"မမ"

"ဟဲ့ ငိုနားကွဲအောင်မအော်နဲ့။ ငါ လေယာဉ်ပေါ်တက်
တော့မယ် နေဘုရင်။ ဒယ်ဒီဆုံးသွားတာက ဝေဒနာထဲက လွတ်သွား





...လေ။ အဲဒီအတွက် ဝမ်းတောင်သာရဦးမယ်။ တငိုငို လုပ်မနေနဲ့"

"မမ ပြန်လာခဲ့"

"ဟဲ့ လာလို့ရမလား။ မလာဘူး။ မာမီစီစဉ်မှာပေါ့။ ဒါပဲ
...က်မခေါ်နဲ့တော့"

မမ ပြောဆိုရင်း ချက်ချင်း ဖုန်းပိတ်လိုက်လျှင် နေဘုရင်
...ာတ်တည်ရာမရ ဖြစ်လို့သွားသည်။

"ဒယ်ဒီရေ ဒယ်ဒီ။ ဒယ်ဒီ သားကို ထကြည့်ပါဦးလား
...ဟီး"

"ဟဲ့ ဟဲ့ နေဘုရင်၊ လာစမ်း"

မာမီက ဒယ်ဒီ့အလောင်းကိုဖက်ထားတဲ့ နေဘုရင်ကို ဆွဲယူ
... အခန်းထဲက ခေါ်ထုတ်ခဲ့သည်။

"မာမီ ... ဒယ်ဒီဆုံးသွားပြီ မာမီရဲ့။ မမကိုခေါ်တာလည်း
...ဘူး ... ဟီး"

"ကျွတ် နေဘုရင်၊ ဆုံးသွားပြီးပဲ။ ဘာလုပ်လို့ရမှာလဲ။ နေ့
... လာလို့လည်း နေ့ဒယ်ဒီ အသက်ဝင်လာမှာမဟုတ်ဘူး။ ခေါ်မနေ
... နေဘုရင်၊ သားလည်း မငိုနဲ့၊ လာ လာစမ်း"

"မာမီ ... ဒယ်ဒီ့ကိုမထားခဲ့နဲ့ မာမီ"

"ဟဲ့ ... ငါ တယ် ... လုပ်လိုက်ရ"

မာမီက နေ့ကို မာန်မဲပြောဆိုရင်း မရအရ ဆွဲထုတ်ခဲ့သည်က
...ဒီနဲ့ဝေးရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ"

နေ့ရင်မှာ မှိုတွယ်ရာမဲ့ ငိုယိုမိတာ သတိလစ်မတတ်ပါ။ ဒယ်ဒီ သေဆုံးခြင်းအပေါ် မမနဲ့မာမီ ဘာဖြစ်လို့ ဆုံးရှုံးခြင်း မခံစားရတာလဲ

တကယ်ဆို။

ဟင့် ဟင့် ဟင့်။

နေဘုရင် မခံစားနိုင်တော့ပါ။ နေ့အတွက် ကမ္ဘာတစ်ခု ပျောက်ဆုံးသွားသလို ခံစားရပြီး။

ဒယ်ဒီ။

ဘယ်ဘဝရောက်ရောက် ဒယ်ဒီ့ကို ဒယ်ဒီအဖြစ် နေ့အား အဆုံးသတ်အထိ ပိုင်ဆိုင်ခွင့်ရပါစေ ဒယ်ဒီ။

မာမီနဲ့မမနဲ့ ပြန်မဆုံရပါစေနဲ့။

ဘဝတိုင်း ဘဝခြားပါစေ။

✿

"ဘယ် ဘယ်လို"

ဒေါ်ယမင်း မယုံနိုင်ပါ။ မျက်လုံးအပြူးသားနဲ့ မေးလျှင် ရှေ့နေကြီး ဦးခင်မောင်ဆွေက တည်ငြိမ်စွာ ရှင်းပြလေသည်။

"ဟုတ်ပါတယ်၊ ကိုနေ မဆုံးခင်ကတည်းက အရောင်းစာချုပ် လုပ်ထားပြီးပြီ"

မိန်းကလေးစာအုပ်တိုက်



"ဒါ ဒါဆို"

"ကိုနေလည်း ရက်လည်ပြီးဆိုတော့ ဒီတိုက်ပေါ်က ဆင်းပေးရမယ်"

"ဘာ"

မာမီ လန့်လန့်ဖျပ်ဖျပ် အော်ဟစ်သလို ဦးကိုကိုဇံကလည်း–

"လုံးဝအဓိပ္ပာယ်မရှိလိုက်တာ။ ဒီကိစ္စ ယမင်း ဘာမှမသိရတဲ့ အတွက် တရားဝင်တယ်လို့ ကျွန်တော် မထင်ဘူး"

"ကိုနေက တရားဝင်စီစဉ်သွားတာပါ။ ဒေါ်ယမင်း ထုတ်ယူ သုံးစွဲခဲ့တဲ့ငွေပမာဏကို ဆပ်ဖို့ ကိုနေ့မှာ ငွေပိုမရှိတော့ဘူး။ အဲဒီအတွက် ဒီတိုက်နဲ့ ဒီခြံကိုပဲ ရှယ်ယာရှင်တွေလက်ထဲ အရောင်းအဝယ်စာချုပ်နဲ့ ထိုးပေးလိုက်တာ။ ပိုငွေကို စင်ကာပူသွားချင်တဲ့သမီးအတွက် လွှဲပေး လိုက်တာပါ"

"တောက်"

ဒေါ်ယမင်း ဒေါသတွေဖြစ်ကာ အံကြိတ်ထားလိုက်သည်က နှစ်ပေါင်းများစွာ။

ဦးကိုကိုဇံကလည်း လက်သီးတဆုပ်ဆုပ်နှင့် ဒေါက်တည်ရာ ရ ဖြစ်လို့သွားသည်။

"ခုလိုပြောရတာ စိတ်တော့မကောင်းဘူး။ ဒါပေမဲ့ ရှယ်ယာ ရှင်တွေအားလုံးရဲ့သဘောထားက ကိုနေရဲ့ တစ်လပြည့်ဆွမ်းသွပ်ပွဲကို ဒီတိုက်မှာ လုပ်ပေးကြမယ်။ ပြီးရင် ဒီတိုက်ကို ရောင်းချဖို့ စီစဉ်မယ်"

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို ယမင်းတို့ ဒီတိုက်မှာ နေခွင့်မရှိတော့ဘူးလို့ ဆိုလိုတာလား"

"အဲဒီသဘောပဲ ဒေါ်ယမင်း။ ကျွန်တော့်ကို ခွင့်ပြုဦး"

ရှေ့နေကြီးက ပြောသင့်ပြောထိုက်တာပြောပြီး ထထွက်သွားလျှင် မာမီနှင့်ဦးကိုကိုဖံ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ချောက်ချားသွားသည်။

သူတို့နှစ်ယောက်အစီအစဉ်က ဒီတိုက်မှာ အေးချမ်းစွာစံစားပြီး ကိုနေ့ရဲ့လုပ်ငန်းတွေထဲ တိုးဝင်ဖို့။

ခုတော့။

"တောက် ...နေဘုရင်၊ ဒီကိစ္စတွေ သားသိနေတယ်မဟုတ်လား။ မာမ့်ကို ဘာလို့မပြောရတာလဲ။ အခု မာမီတို့နေမယ့်နေရာ မရှိတော့ဘူး။ နေဘုရင်၊ အဲဒါ သားကြောင့် သွား ထွက်သွား"

"ဟီး"

မာမီက နေ့ကို မကျေမနပ်ပြောကာ တွန်းဖယ်ပစ်လျှင် နေဘုရင် ငိုနေရှာသာ တတ်နိုင်တော့သည်။

"ယမင်း ကလေးကို နှင်ထုတ်စရာမလိုဘူး။ ဒီကလေးဟာမိဘရင်ခွင်ရိပ်မှာ နေရမယ့်ကလေး"

အန်ကယ်ကြီးပြောလျှင် ဒေါ်ယမင်း အံ့ကြိတ်လျက်သားနှင့်။

"မိဘရင်ခွင်ရိပ်မှာထားဖို့ ဘယ်မှာလဲအိမ်၊ ဘယ်မှာလဲဦးကိုကြီးညီလုပ်သွားတာ ကိုကြီး မသိဘူးလား"





"အေး ...ညီညီလုပ်သွားတာ မင်းကြောင့်။ သံသရာကြွေးဘယ်မသွားချင်လို့ ရှင်းသွားတာ။ အဲဒီအတွက် နင်တို့လည်း နင်တို့လမ်းနင်တို့လျှောက်တော့။ ကလေးကိုတော့ ငါပဲ တာဝန်ယူမယ်"

"ယူ ယူ"

"လာ သား"

ဦးနေသုတက တူတော်မောင်လက်ကို ဆွဲခေါ်ခဲ့လေသည်။ တူတော်မောင်က တငိုတည်းငိုရင်း –

"ဒယ်ဒီရေ သားကိုပစ်မထားပါနဲ့" ဟု တိုင်တည်နေမိသည်က နှလုံးသားနဲ့ရင်း၍ ဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

●

"သား နေဘုရင်၊ သား ဘယ်မှာလဲ"

ဒေါ်လှလှဝင်း တကြော်ကြော် အော်ခေါ်ရင်း နေဘုရင့်ကို လိုက်ရှာနေမိသည်။ ထူးသံလည်း မကြား၊ ခေါ်သံလည်းမကြား၊ ... လည်း မတွေ့ရတော့ ဒေါ်လှလှဝင်း စိုးရိမ်သွား၏။

ထိုအခါ ခင်ပွန်းသည်ကို အကြောင်းကြားသည်။ ဦးနေသူ... စိုးရိမ်ကာ အပြေးအလွှား ရောက်လာပြီး နေဘုရင်ကို ရှာသည်။

သူတို့တိုက်မှာလည်း မတွေ့။

ဒေါ်ယမင်းဆီ သွားရှာတော့လည်း မမြင်။

နေဘုရင်ရဲ့ကျောင်းနေဘက်သူငယ်ချင်းတွေဆီ ပြေးစုံစမ်း... တော့လည်း သူငယ်ချင်းတွေနဲ့လည်း ရှိမနေ။

ဒီလို ဟိုရှာ ဒီရှာနဲ့ အချိန်ကုန်၏။

နောက်မှ သတင်းရလို့သွားကြည့်တော့ ဟုတ်နေသည်။ ...





...ရင်က သူ့ဒယ်ဒီရဲ့ သချိုင်းအုတ်ဂူအသစ်စက်စက်ကလေးကို ပွေ့ဖိုက်... ငြိမ်သက်နေရှာသည်။ ဘုရားရေ။ နေဘုရင်က ငိုရှိုက်ရင်း သတိ...စ်နေရှာတာ။ ကံကောင်းလို့ အချိန်မီတွေ့ရလို့။

ဦးနေသူတနဲ့ ဒေါ်လှလှဝင်း နေဘုရင့်ကို လုံးဝ စိတ်မချနိုင်...တော့ပါ။ ဒါကြောင့် နေဘုရင့်ကိုခေါ်ကာ သူတို့မိသားစု နိုင်ငံရပ်ခြား ...ကွ်ခွာရင်း နေဘုရင် စိတ်အပြောင်းအလဲဖြစ်အောင် ပြုလုပ်ခဲ့သည်။

နေ့ကို ဦးနေသူတရဲ့မိတ်ဆွေနဲ့ ဩစတေးလျမှာပဲနေ၍ ပညာ...င်စေသည်။ သူကတော့ ဩစတြေးလျနဲ့ မြန်မာပြည် ကူးချည်းသန်း...ည်းနဲ့။

သို့သော်လည်း ယမင်းအကြောင်းကို နေဘုရင်သိအောင် ...တ်ပြောခြင်း မရှိခဲ့ပါဘူး။ ဒီလိုနဲ့ နေဘုရင်ဘဝ ခြောက်သွေ့ကာ ...စ်ကိုယ်တည်း ရှင်သန်လာရခြင်းက နှလုံးသားကို မာကျစ်စေခဲ့သည်။

အဲဒီအတွက် နေ့ဘဝကို ကံကြမ္မာဆိုးစေခဲ့တဲ့ ထိုမျက်နှာတွေ ...ဲ ဝေးရာမှာ နေ့ဘဝ ရှင်သန်ရင်း တိုးတက်ရာတိုးတက်ကြောင်းကိုပဲ ...ရုံစိုက်လာခဲ့တာ။

နေဘုရင် မဟာဝိဇ္ဇာဘွဲ့ရတဲ့အထိ ဩစတြေးလျမှာပဲဖြစ်ကာ ...ာက်ပိုင်း အန်ကယ်ကြီး ကျန်းမာရေးမကောင်းဖြစ်လာသည်။ အန်...ယ်ကြီးလုပ်ငန်းတွေကို ဦးစီးဆောင်ရွက်ဖို့ နေ့ကို အန်တီလှ ပြန်ခေါ်...ို့ ရောက်လာပေမယ့် နေ့ဘဝက အလုပ်မှအလုပ် ဖြစ်နေခဲ့သည်။

ဒီကြားထဲ အမျိုးအဆွေတွေ ပြောဆိုလို့ နားစွန်နားဖျားကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်က မာမီ့ရဲ့မကောင်းသတင်း။"

ဦးကိုကိုဇံက မာမီ့ကို ရှောင်ပြေး၏။ မာမီက မရအရ လိုက်ယူပြီး ပေါင်းသင်းနေထိုင်ကြသည်။

ဦးကိုကိုဇံက နဂိုဇိဇော ခြေငြိမ်သူမဟုတ်ပါ။ အလုပ်အကိုင်လည်း ဘာမှမရှိပါ။ ရုပ်ရည်နဲ့ စတိုင်ကျမှုကို အားကိုးပြီး အထည်ချုပ်အမျိုးသမီးတွေဆီ ချဉ်းကပ်ကာ ပိုင်းလုံးလုပ်မြဲလုပ်၏။

မာမီက သည်းမခံနိုင်တဲ့အဆုံး အကြီးအကျယ်ဖြစ်ကြရာ လက်လွန်ကာ ဦးကိုကိုဇံ သေဆုံးသွား၏။ မာမီက ထောင်ကျ

မမက စင်ကာပူမှာ အိမ်ထောင်ကျကာ။ မြန်မာပြည်ပြန်လာပြီး ယောက်ျားမအရိပ် ခိုလှုံရင်း မွန်းကျပ်စွာ ရှင်သန်နေသည်။ အခြားအတွက် မမက မိုးသုတကို ချန်ရစ်ပြီး၊ ယောက်ျားထည်လဲတွဲကာ ကမ္ဘာပတ်နေသည်။

အသည်းမာမာဖြင့် ရပ်တည်လာခဲ့တာက နေ့ဘဝနဲ့ ကံကြမ္မာဆိုးအောင် ဖန်တီးပေးခဲ့တဲ့ မာမီနဲ့မမတို့မျက်နှာကို မမြင်လိုသောကြောင့် ဖြစ်သည်။

နေသီတာ နေခဲ့ရတာက နေရယ်၊ နေ့ ဒယ်ဒီအုတ်ဂူလေးရယ်။ နေ့အလုပ်နဲ့၊ နေ့အန်ကယ်ကြီးနဲ့အန်တီလုရယ်။ ဒါပဲဖြစ်သည်။

နေ့ဘဝ၊ နေ့စာမျက်နှာတွေကို ကံကြမ္မာဆိုးစေတဲ့ ဘယ်မျက်နှာကိုမှ နေ မမြင်လိုပါ။ ဒါကြောင့်။

✿ ✿ ✿



## အခန်း (၁၄)

"အလို"

ရုတ်ခြည်း ကြက်သီးဖြန်းခနဲ ထလောက်အောင် ဒေါ်ယမင်း ထန့်ဖျပ်သွားသည်။ အကြောင်းမှာ ဒေါ်ယမင်းကို သမီးချိုက အဓိပ္ပာယ်များစွာပါတဲ့ မျက်ဝန်းနဲ့ စိုက်ကြည့်နေသည် မဟုတ်လား။

"သ သမီးချို"

ဟုလည်း ထိတ်ထိတ်ပျာပျာနဲ့ ဒေါ်ယမင်း ခေါ်မိ၏။

ချို့ ဒေါ်ဒေါ်ကိုငေးကြည့်နေရာမှ သတိဝင်လာကာ –

"ဒေါ်ဒေါ် နိုးသွားတာလား။ ဆောရီး ဒေါ်ဒေါ်"

ချို ကမန်းကတန်းပြောရင်း တစ်ဖက်လှည့်လိုက်လျှင် ဒေါ်ယမင်း မလုံမြုံတဲ့စိတ်ဖြင့် မေးလိုက်သည်။

"သမီးချို ဒေါ်ဒေါ်ကို တစ်မျိုးတစ်မှုံ မြင်နေတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ချို မျက်လွှာစင်းချကာ ခေါင်းလေးရမ်းလိုက်မိသည်။

"ဟင့်အင်း"

"ဒါ ဒါဆို ဘာလို့ ဒေါ်ဒေါ့်ကို စိုက်ကြည့်နေတာလဲ။ ဒေါ်ဒေါ် ကလေ ... ဟင့် ဟင့် ဟင့်"

ဒေါ်ယမင်း မယုံတဲ့စိတ်နဲ့ ဝမ်းနည်းလာကာ နောင်တရခြင်း ကြီးစွာနှင့် ငိုချလိုက်သည်။

"ဒေါ်ဒေါ်ရယ် ... ဘာလို့ငိုနေရတာလဲ"

ဒေါ်ယမင်း တစ်ခုခုပြန်ပြောဖို့ထက် အတိတ်ကအရိပ်ဆိုး လွှမ်းမိုးကာ နှလုံးသားမှာ၊ မွန်းကျပ်အစ်ဆို့နေသည်။

ပိုဆိုးတာက အိပ်မက်လိုလို ဘာလိုလို ခံစားချက်က သူမရင် ကို ပြေး၍ ထိုးဆောင့်သလို နင့်ခနဲ နင့်ခနဲ ခံစားရစေသည်။

အထူးသဖြင့် သမီးချို စူးစူးစိုက်စိုက်ကြည့်နေတာက ပို၍ ခံစားရစေသည်။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့အတိတ်ဖြစ်စဉ်က မိန်း ချင်းတောင် ပြောပြဖို့ ရှက်ဖွယ်ရယ်ပါ။

သူမအပေါ် လေးစားစိတ်နဲ့ ပြုစုစောင့်ရှောက်နေတဲ့ သမီးချို က၊ အတိတ်မှ သူမရဲ့ဆိုးပြစ်တွေကို သိသွားလျှင်ဆိုတဲ့ အတွေး ပို၍ ခံစားရစေသည်။

ဒါကြောင့် ရင်နှင့်အမျှ ငိုကြွေးမိခြင်း။

"ဒေါ်ဒေါ်ရယ် ... ဘာကိုမှ တွေးပြီး စိတ်မကောင်း မဖြစ်ပါနဲ့ နော်"





"အဟင့် ... ဒေါ်ဒေါ်မတွေးပေမယ့်လည်း ရင်ထဲ ရောက် ရောက်လာပြီး ထိုးမွှေနေသလို ခံစားရတယ်။ အဲဒီအတွက် ဒေါ်ဒေါ့် ရင်ထဲက ဝမ်းနည်းမှုတွေဟာ ဘယ်တော့မှ ခြောက်မှာမဟုတ်ဘူး သမီးချို ရယ်။ ဟင့် ဟင့် ... ဒေါ်ဒေါ်လေ အရမ်းမိုက်ခဲ့တယ်။ ဆင်ခြင်တုံတရား ဆွ မဲ့ခဲ့တယ်။ မပျော်သင့်တဲ့ရင်ခွင်မှာ အသိကင်းမဲ့လောက်အောင် ပျော်မွေ့ခဲ့တယ်။ အဲဒီအတွက် ဒေါ်ဒေါ့်ဘဝဟာ မီးပင်လယ်မှာ ဖြတ် သန်းနေရသလိုပဲ အချိန်နဲ့အမျှ ပူလောင်နေခဲ့တာလေ။ ဒါတွေကို သမီးမသိပါဘူး ... ဟင့် ဟင့် ဟင့်"

"ဒေါ်ဒေါ်ရယ်"

တယောချို ရင်မောစွာ သက်မလေးချရင်း ဒေါ်ဒေါ့်ကို စာနာ စွာ ပွေ့ဖက်ထားမိသည်။ ခံစားခဲ့ရသမျှတွေ ပြေလျော့စေချင်တဲ့ဆန္ဒနဲ့ ပါ။

"ချို သိခြင်း, မသိခြင်းက အရေးမပါပါဘူး။ အရေးကြီးတာက ဒေါ်ဒေါ့်ခံစားချက်တွေကို လျှော့ချပစ်ဖို့ပါ။ ဟုတ်တယ်နော် ဒေါ်ဒေါ်။ ဒါဆိုရင် ဒေါ်ဒေါ့်အတွက်"

တယောချို ဘာဆက်ပြောရကောင်းမှန်းမသိတော့ပါ။ ပြော ဆတ်စ စကားလုံးလေး ပြတ်တောက်သွားကာ စကား ရှေ့မဆက်နိုင် တော့ပါ။

"ဒေါ်ဒေါ် အခုမှ ပိုပြီးခံစားနေရတယ် သမီးချိုရယ်။ ဟင့် ဟင့် ... ပိုပြီးခံစားနေရတယ်ကွယ်။ ဒေါ်ဒေါ်လေ ဒေါ်ဒေါ့်စိတ်ထလို



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဒေါ်ဒေါ့်သားနဲ့သမီးအပေါ်မှာ ရင့်သီးခဲ့တယ်၊ ဥပေက္ခာ
တယ်။ အဲဒီအတွက် သားနဲ့သမီး ဘယ်လောက်တောင် ဒုက္ခရောက်
မလဲ။ ဒေါ်ဒေါ် တွေးရင်း,တွေးရင်း ပိုပြီးခံစားနေရတယ်။ အထူး
ဒေါ်ဒေါ့်သားငယ်လေးပေါ့။ အဲဒီတုန်းက သားက ဆယ်တစ်နှစ်
သေးတာ ...ဟင့် ဟင့် ဟင့်။ ဒေါ်ဒေါ်လည်း ကြုံရသမျှဘ
နစ်မွန်းပြီးနေလိုက်တာ သားနဲ့သမီးကို စုံစမ်းပြီး ပြန်ခေါ်ဖို့ သာ
ဆွေမျိုးနဲ့ ရင်မဆိုင်ရဲတော့ဘူး။ အဲဒါနဲ့ပဲ''

''ပြီးတာတွေ ပြီးပါစေတော့ ဒေါ်ဒေါ်ရယ်နော်''

''ဟင့် ဟင့် ဟင့်''

ဒေါ်ယမင်း အသည်းနှလုံးထဲ နစ်ကျွံအောင် ငိုချရှာသာ
နိုင်တော့သည်။

မာမီ့ကိုခွင့်မလွှတ်ပါနဲ့ သားနဲ့သမီးရယ်။

မာမီ့ကြောင့် သားနဲ့သမီးဟာ မိဘရင်ခွင်နဲ့ ဝေးရတာ။ သာ
ဒယ်ဒီ ရိုးရိုးသားသား ရှာဖွေထားတဲ့ စည်းစိမ်တွေ ပြုတ်ပြုတ်ပြ
ရတာ။

အစစအရာရာ မာမီ့ကြောင့်။ မာမီကြောင့်ပါ သားရယ်
ဟင့် ဟင့် ဟင့်။

✿ ✿ ✿



အခန်း (၃၅)

''ဘယ်လို ...စက်ရုံမှာ အလုပ်ပြန်ဝင်မလို့ ဟုတ်လား
သာချို''

မေမေက မနှစ်မြို့ဖွယ်အကြည့်နဲ့ မေး၏။ ဒေါ်ဒေါ်ကလည်း
တပြုံးတပြကြည့်၏။ ချိုက ထမင်းချိုင့်ထည့်ရင်း –

''ဟုတ်တယ် မေမေ''

''ဟဲ့ ညည်းကို သူဌေးက အလုပ်ဖြုတ်လိုက်ပြီဆို''

''ဟုတ်တယ် မေမေ၊ ဒါပေမဲ့''

''ဘာ ...ဒါပေမဲ့လဲ၊ အဲဒီမှာသွားမလုပ်နဲ့။ ယမင်းအဖော်ရှိ
တာပဲ၊ ကိုယ့်အလုပ် ကိုယ်လုပ်''

''မေမေ''

''ညည်း ဘာဖြစ်နေတာလဲ ခုမှ''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မေမေရဲ့။ ဒေါ်ဒေါ်က ခုတလော ခါးနာနေတယ်လေ။ ချိုနဲ့ တကောက်ကောက်လိုက်နေရတော့ သက်သာတယ်ရယ် မရှိဘူး။ ဦးစိုးမင်းက အလုပ်ပြန်ဝင်လို့ပြောတာနဲ့ ချို လက်ခံလိုက်တာပါ"

သူ့ရဲ့အကျပ်ကိုင်မှုကို ချို ထုတ်မပြောတော့ပါ။ မေမေ လက်ခံလွယ်အောင် ထိုသို့ ပြောရလေသည်။

ဒေါ်ဒေါ်က ခေါင်းလေးရမ်း၍ –

"မဟုတ်တာပဲ သမီးချိုရယ်။ ဒေါ်ဒေါ် သမီးချိုနောက်လိုက်ရ လို့ ပင်ပန်းလှတယ် မဟုတ်ဘူး။ ခါးနာတယ်ဆိုတာက ဒဏ်ကြွင်း သဘောပါ။ ခုလည်း ကောင်းနေပါပြီ။ တော်ကြာနေလို့ အဲဒီသူဌေး အလုပ်ထွက်ဦးဟဲ့ဆို ရပြီးသားဖောက်သည်တွေ ပြန်ရဖို့လွယ်တာ မဟုတ်ဘူး။ ခုနောက်ပိုင်း သမီးချိုလို တစ်ကိုယ်တော် လိုက်နှိပ်နေတဲ့ အနှိပ်သည်တွေ များလာတယ်လေ"

"အဲဒါပေါ့ ထွေးပြောတာ။ တော်ပြီ မသွားနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်"

ဒေါ်ဒေါ့်နောက်က မေမေပါ ယတိပြတ်ပြောလျှင် ချို စိတ် ညစ်သွားသည်။ ချို ဒီနေ့ အလုပ်မသွားရင် နတ်ဆိုးက မိသူအဖေနဲ့ ဦးစိုးမင်းကို အလုပ်ဖြုတ်ပစ်မှာလေ။

ချို့ကြောင့် သူတို့တွေကို အလုပ်လက်မဲ့ မဖြစ်စေချင်ပါ အထူးသဖြင့် မိသူအဖေကိုလေ။





မိသူတို့မိသားစုက ဦးလေးကိုပဲ မှီခိုနေရတာ။ မိသူမေမေက သေထိထားတဲ့ လူမမာ။ မိသူက အနီးကပ်ပြုစုနေသည် မဟုတ်လား။

ဦးလေးသာ အလုပ်လက်မဲ့ဖြစ်သွားရင်။

ဟင့်အင်း။ ချို မတွေးရဲဘူး။

နောက်ပြီး သူက သူ့ဘဝကို အဆိုးတရားတွေနဲ့ ရင်ဆိုင်ရ အောင် ဖန်တီးတဲ့ သူ့မာမီကို သူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းက သွားရင် ပိုပြီး အရှက်ကွဲစရာဖြစ်သွားမှာကို လက်မခံနိုင်အောင် ဖြတည်နေသည် မဟုတ်လား။

နောက်တစ်ခုက ချိုကိုယ်တိုင် အဖက်ဖက်ကို ငဲ့ကွက်ပြီး အလုပ်ဝင်ပါ့မယ်လို့ ကတိပေးခဲ့လို့ သူ့စံအိမ်ထဲက ထွက်ခွင့်ရခဲ့တာလေ။ အရေးကြီးဆုံးက ဒီအိမ် ဒီခြံက သူပိုင်ဖြစ်နေပြီတဲ့။

အကယ်၍ ချိုသာ အဲဒီနေရာမှာ ငြင်းခဲ့ရင် ဒီလောက်ကြာ သူ့စံအိမ်ထဲမှာ အပိတ်ခံထားရမှာ သေချာသည်။ အဲဒီတော့ မေမေနဲ့ ဒေါ်ဒေါ် ခေါင်းမီးတောက်အောင် လိုက်ရှာနေရမှာလေ။

ရှာလို့လည်း တွေ့မတွေ့လား။ အဲဒါတွေကြောင့် ချို လက်ခံခဲ့ တာ။

ခုတော့ မေမေနဲ့ဒေါ်ဒေါ်က တညီတညွတ်တည်း ခွင့်မပြုနိုင် အောင် ဖြစ်နေတာလေ။

သူ့အကြောင်း ထုတ်ပြောဖို့ကလည်း မလွယ်တာမို့။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ချို ထမင်းချိုင့်ပြင်ဆင်နေတာကို ရပ်လိုက်ပြီး မေမေနဲ့ ဒေါ်ဒေါ်နား ဝင်ထိုင်လိုက်သည်။

မေမေက လက်ဖက်ရည်ခွက်ကိုကိုင်ရင်း မျက်စောင်းနဲ့ ကြည့်ပြီး . . .

"ဘာလဲ လာပြောမလို့လဲ"

"ဟိုလေ မေမေ၊ လောလောဆယ် ဒေါ်ဒေါ်နားလို့ရအောင် အလုပ်ဝင်လိုက်တဲ့သဘောပါ။ သူတို့ဆီက လစာလည်း သူတို့ပေး သလောက် မယူဘူး။ ပုံမှန်ပဲ ယူမှာမေမေ။ အဲဒီအတွက် ဘာမှအရေး စိုက်စရာမလိုဘူး။ ဒေါ်ဒေါ် လုံးဝကောင်းသွားရင် ချို့အလုပ်ပဲ ချို ဆက်လုပ်မှာပေါ့ မေမေရယ်နော် မေမေ။ လောလောဆယ် စက်ရုံမှာပဲ လုပ်ပါရစေ"

"ကျုတ် အခုမှ စက်ရုံအလုပ်က ရွှေထွက်နေသလိုပဲ"

"ဒေါ်ဒေါ့် ကျန်းမာရေးကို ငဲ့လို့ပါ မေမေရဲ့။ ဒေါ်ဒေါ်လည်း ဝိုင်းပြောဦးလေ။ ချို တကယ်ပြောတာပါ။ လောလောဆယ် စက်ရုံမှာပဲ အလုပ်လုပ်ချင်တယ်။ မိသူအဖေလည်း အနီးအနားမှာပဲဆိုတော့ စိတ်ချ ရပါတယ်။ ဒါကြောင့်။ ဒေါ်ဒေါ် ပြောဦးလေ"

ချိုက ဒေါ်ဒေါ့်လက်မောင်းလေးကို အားကိုးတကြီးဆုပ်ကိုင် ရင်း စစ်ကူတောင်းလေသည်။

ဒေါ်ယမင်းက စက်ရုံမှာ သူမလေးကို လုပ်ခွင့်မပေးချင်ပါ။ သို့သော် သမီးချိုက စိတ်အားထက်သန်နေတယ်ဆိုတော့လည်း။





"အေးပါ ထွေးထွေးရယ်၊ ယမင်း ခါးနာတာ လုံးဝပျောက် သွားရင်"

"ဟွန်း ရှင်ကလည်း သမီးဘက်တော်သား ဖြစ်နေပါပေါ့ လား"

ဒေါ်ဒေါ်ပြောလို့မဆုံးသေးခင် မေမေက မျက်စောင်းတထိုး ထိုးနဲ့ ဝင်ပြော၏။

ချိုက မျက်နှာလေးကို အချိုသာဆုံးဖြစ်အောင် ပြုလိုက်ရင်း–

"နော် မေမေ၊ ခွင့်ပြုလိုက်ပါ"

"ဟွန်း။ အဲဒါဆိုလည်း သူတို့အရင်ကပေးတဲ့လစာအတိုင်း ဆိုရင် ပိုကောင်းပါတော်"

"အို မေမေကလည်း မထိုက်တန်တဲ့လစာကိုယူထားရင် သူတို့ ကြည်ဖြူ နုနေရမှာလေ။ ဒါကြောင့် ပုံမှန်လစာပဲ ယူမယ်လို့ ချို ပြော လိုက်တာ။ တစ်လတစ်သိန်း လစာရနေရင် ချိုတို့ စားစရိတ်ပြေလည်ပြီး မေမေရဲ့။ ခုတလော မေမေလည်း လက်တက်ပြီး အနိုင်ရတာများတယ် မဟုတ်လား"

"အေးပါ"

မေမေ စိတ်ကျေနပ်အောင် ထိုသို့ပြောလိုက်တော့ ဒေါ်ထွေး ထွေး သဘောကျသွားသည်။

ဘယ်တုန်းကမှ သူမ ဖါကစားတာကို အမြင်ကြည်ခဲ့တာ မဟုတ်တဲ့ သမီး။



www.burmeseclassic.com

www.burmeseclassic.com



ခုလိုအသိအမှတ်ပြုလာတော့ ရင်ထဲမှာ ကျေနပ်သလိုလို ဖြစ်၏။ ဒါကြောင့် –

"ကဲ ကဲ ညည်းလည်း သွားစရာရှိတာသွားတော့။ တော်ကြာ နောက်ကျနေလို့ အဆူခံနေရဦးမယ်"

"ကျေးဇူးပဲ မေမေ"

တယောချို အားရဝမ်းသာဖြစ်ကာ မေမေ့ပခုံးလေးကို ဖက်၍ ပါးပြင်လေးကို မွှေးကြူလိုက်သည်။

"အံ့မယ် အကဲပိုနေရတယ်လို့"

"ချစ်လို့ပါ မေမေရဲ့"

"ဟွန်း"

မျက်စောင်းထိုးလိုက်ပေမယ့် မေမေ ကျေနပ်သွားမှန်း ချိုသိသည်။ ဒါကြောင့် ပြုံးကြည့်နေတဲ့ ဒေါ်ဒေါ်ကိုလည်း ပခုံးလေးဖက်ကာ ပါးပြင်လေးကို တကယ်မွှေးလိုက်၏။

"ဒေါ်ဒေါ်ကိုလည်း ကျေးဇူးတင်တယ်။ ချစ်လည်း ချစ်တယ်"

"သမီးချိုရယ်"

ဒေါ်ယမင်းရင်ထဲမှာ ကြည်နူးချမ်းမြေ့သွား၏။

"သွားပြီ မေမေနဲ့ ဒေါ်ဒေါ်"

ချိုက ထမင်းချိုင့်လေးဆွဲကာ နှုတ်ဆက်ထွက်သွားလျှင် ဒေါ်ယမင်းနဲ့ ဒေါ်ထွေးထွေး ကြည်နူးပြုံးလေးနဲ့ စိုက်ကြည့်ရင်း သမီး၏အပေါ် ချစ်ခင်စိတ်တို့ တိုးလာသလို ခံစားရ၏။





အကယ်၍ စက်ရုံမှာ ချို ဘာကြောင့် အလုပ်ပြန်ဝင်ရလဲ ဆိုတာ တိတိကျကျ သိသွားလျှင် မေမေနဲ့ဒေါ်ဒေါ် ဘာတွေဖြစ်ကုန်မလဲ။

ချို မတွေးမိပါ။ လောလောဆယ်မှာ ဦးလေးတို့ အလုပ်မပြုတ်ရေး ချို့အရေးမဟုတ်လား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဟောတော်"

ချို့နှုတ်မှ အံ့ဩရတဲ့ စိုးရိမ်သံလေး ခုန်ထွက်သွား၏။

"ဘာဖြစ်တာလဲ မချို"

အလုပ်အကိုင်ရှာဖွေရေး အင်ဂျင်စီရုံးခန်းထဲမှ မောက်မောက်နဲ့ အတူ ယှဉ်ထွက်လာတဲ့ချို။ ထိုအေဂျင်စီ၏မျက်နှာချင်းဆိုင်မှာရှိတဲ့ ဂျပန်ရိုးရာ အဆင့်မြင့်စားသောက်ဆိုင်ထဲက ထွက်လာတဲ့ သူ။

ထွက်လာတာက တစ်ယောက်တည်း မဟုတ်။ အတွဲနဲ့။

အတွဲကလည်း တခြားမိန်းကလေး မဟုတ်ပါ။ ရွှေစင်ဝင့်ဝင့်နဲ့ ဘုရား ဘုရား . . . မောက်မောက် မြင်သွားရင်ဆိုတဲ့အတွေးနဲ့ ဟော တော့ဆိုတဲ့ စိုးရိမ်သံလေး ခုန်ထွက်ကာ။

"ဘာဖြစ်လို့လဲ မချို"





မောက်မောက်က ချက်ချင်းမေး၏။ ချို ပြန်မဖြေရသေးခင် မောက်မောက်မေးရင်း ချို့မျက်လုံးအကြည့်ဆီ ရောက်၏။

"ဟင် ဝင့်"

မောက်မောက် ပါးစပ်အဟောင်းသားဖြစ်၏။ ဒါ့ပြင် ရင်ထဲမှာ ဆိုက်ခနဲဆူကြွကာ။ ရည်းစားလူလု အူနုကျွဲခတ် ခံရသည့်နှယ်။ ရုတ် ခြည်းပေါက်ကွဲသွားဟန် တူသည်။

"တောက်"

သူတို့စုံတွဲရှိရာ တစ်ဖက်လမ်းသို့ မောက်မောက် ဖြတ်ကူး၏။

"မောက်မောက်"

ချို စိုးထိတ်ကာ မောက်မောက်လက်ကို အတင်းဆွဲထား၏။ မောက်မောက်က ရှုန်းဖယ်ပြီး –

"မချို မချို လွှတ်စမ်းပါ။ ဝင့်အရင်က ဒီလိုမဟုတ်ဘူး။ အဲဒီဘဲကြီးနဲ့တွဲမိကတည်းက မောက်ကို ဖြတ်ချနေတာ။ မောက် မကျေနပ်ဘူး။ ဖယ်စမ်းပါ မချို"

"မောက်မောက် နေဦးဗျာ။ မချိုပြောတာ နားထောင်ပါဦး မောင်လေးရာ။ မချို ပြောပါရစေ"

"ဟင့်အင်း၊ ဒီဘဲနဲ့ ရင်ဆိုင်ချင်နေတာ ကြာပြီ။ ဘယ်လိုမှ အလားလာမကောင်းလို့ မောက် ငြိမ်နေခဲ့တာ။ ခုလို ထိပ်တိုက်ဆုံတုန်း ဖွင့်ကြမ်းလိုက်မယ် မချို"

"မဟုတ်သေးဘူး မောက်မောက်ရယ် . . . ဝင့်ကို သေချာ



www.burmeseclassic.com

www.burmeseclassic.com



မေးပါဦး”

“ကျွတ် မချို”

ချိုက မောက်မောက်ခါးကို မလွှတ်တမ်း ဖက်တွယ်ရင်း ပလက်ဖောင်းဘက် မရအရ ဆွဲတားထားသည်။ ကားတွေကလည်း ဖြတ်နေတာမို့ မောက်မောက် တော်ရုံနဲ့ လမ်းကူးမရဖြစ်နေတာက အကြောင်းကောင်းရယ်။

ဒီကြားထဲ ချိုဆွဲထားတော့ ပိုဆိုး၏။

နတ်ဆိုးကလည်း ဝင့်ကို ကားပေါ်တင်နေပြီ။ ဒီအခြေ အနေမှာ မောက်မောက်နဲ့ ထိုနတ်ဆိုး ဆုံလို့မဖြစ်ပါ။

“ဟာ ကျွတ်၊ ဟိုမှာ လွတ်သွားတော့မယ်၊ ဖယ်စမ်းပါ”

မောက်မောက်က ကမူးရှူးထိုးနဲ့ ပြောရင်း ချို့ကို အားနဲ့တွန်း ပစ်၏။

“အား”

အရှိန်များသွားတာမို့ ချို လက်လွတ်သွားကာ ပလက်ဖောင်း ပေါ် ဖင်ထိုင်ကျ၏။ အကျက မသက်သာပါ။ ချို့ ခါးရိုးတစ်လျှောက် ဆစ်ခနဲ မျက်သွား၏။

“ကျွတ် ကျွတ်၊ မောက်မောက်”

ချို နာမျက်တာကို အရေးမစိုက်ပါ။ ကုန်းရုန်းထရင်း မောက် မောက်ကို ဆွဲ၏။ မောက်မောက်က ကားတွေကြားထဲမှ တစ်ဖက်လမ်း သို့ ရအောင်ကူး၏။





ချို့မှာ ကြည့်နေရင်း ရင်ဘတ်ဖိထားရသည်။

ဘုရား ဘုရား။ ဘာမှမဖြစ်ပါစေနဲ့။

ဘုရားတရင်း ဆုတောင်းနေရသည်။ ချို ဆုတောင်းပဲပြည့် သလား၊ ဘာလဲ မသိတော့ပါ။ မောက်မောက် တစ်ဖက်လမ်းကြားသို့ ရောက်ခင် သူ့ကားက ဂူးခနဲ မောင်းထွက်လေသည်။

“တောက်”

မောက်မောက် ဒေါသထကာ ထိုကားနောက် ပြေးလိုက်သေး သည်။ ဘယ်လိုမှ မလွယ်မှန်းသိတော့ မောက်မောက် ပြန်လှည့်လာ သည်။

“အဲဒါ မချိုကြောင့်”

“မောက်ရယ် ...ပြဿနာဖြစ်ကြရင်”

“တော်စမ်းပါ၊ မောက်က ကြုံတုန်း တွယ်ချင်တာ။ သူများ ချစ်သူကို ချူတဲ့ အဲဒီငနဲမျက်နှာကို မဆော်လိုက်ရတာ နာတယ်ဗျ”

“ဝင့် ဝင့်က မောက်ကို”

“ဘာ ဝင့်က မောက်ကို မချစ်ဘူးလို့ မချို ဆိုလိုချင်တာလား”

“လာပါ မောက်ရယ်။ လမ်းပေါ်မှာ သူများတွေကြည့်နေတာ မြင်ဘူးလား။ ကားတွေလည်း တဝီဝီနဲ့လေ။ လာ လာ မောင်လေး”

ချိုက မောက်မောက်ကို ချော့မော့ရင်း ပလက်ဖောင်းပေါ် ဆွဲခေါ်လာသည်။ မောက်မောက်က ချို ဆွဲခေါ်တဲ့အတိုင်း ပါလာတော့ သည်။ လက်သီးတဆုပ်ဆုပ်နဲ့ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝင့်က မောင်ကိုချစ်တယ်။ အဲဒီဘဲကြောင့် ရှောင်နေတာ ပြီးတော့ မောင်ကို ဖြတ်ခဲ့ဖို့ ကြိုးစားတာ။ အဲဒီအတွက် မောင် မကျေနပ်ဘူး။ နှစ်ယောက်လုံးကို မကျေနပ်ဘူး"

"မောင်ရယ် . . . မောင့်အပေါ် သစ္စာမရှိတဲ့ ဝင့်ကို မမျှော်လင့်ပါနဲ့"

"ဘာ သစ္စာမရှိတာ ဟုတ်လား မချို"

"ဟုတ်တယ်လေ၊ တခြားတစ်ယောက်နဲ့တွဲနေတာက မောင့် အပေါ် သစ္စာမဲ့လို့ပေါ့"

"ကျွတ် မဟုတ်ဘူးမချို၊ လုံးဝမဟုတ်ဘူး။ ဝင့်က မောင့်ကို နိုင်ငံခြားထွက်ပြီး အလုပ်လုပ်စေချင်တယ်။ မောင်က ဘယ်လိုလုပ် နိုင်ငံခြားထွက်လို့ရမှာလဲ။ ငွေလိုတယ်လေ။ အေဂျင်စီကိုပေးရမယ့် ငွေပမာဏကို မချိုမှ မစီစဉ်ပေးနိုင်တာ။ အဲဒီတော့ ဘယ်လိုလုပ် ထွက်လို့ဖြစ်မလဲ။ အဲဒါနဲ့ ဝင့်နဲ့ စကားများကြရာကနေ ဝင့်က အကြောင်းပြရှောင်တာ။ ရှောင်တဲ့နောက်မှာ အဲဒီဘဲနဲ့တွဲတာ။ တကယ် လို့ မောင်သာ ဝင့်ဆန္ဒအတိုင်း သဘောတူပြီး ငွေရှာနိုင်ရင် ဒင်းက မောင်ကို ကြည်လာမှာ မောင်သိတယ်"

"မောင်မောင်ရယ် . . . အေဂျင်စီက တောင်းတဲ့ငွေက အများကြီးပဲ။ မောင်လည်း ကြားသားပဲ။ မချိုမှာက အဲဒီလောက် ငွေအများကြီး ဘယ်ကရမလဲ"

"မချိုမှ အသုံးမကျတာ"





"ကဲ ပြောပါတော့ ချို အသုံးမကျလို့ပဲထားပါတော့။ မောင် အောက် အသုံးကျအောင် ကြိုးစားစမ်းပါ"

"ကြိုးစားမယ်၊ မေမေ့ကိုပြောမယ်။ မမလည်း အထဲက ထွက်လာတော့မယ်။ အဲဒီတော့ မောင်ပူဆာလိုက်ရင် မမလိုက်လျော မှာလေ။ မချိုလို မမကြီးက မတုံးဘူး။ ကြံတတ် ဖန်တတ်တယ်"

"အေး အကြံအဖန်ကောင်းလို့ အထဲရောက်တာလည်း သတိ ထားဦး ငမောင်။ ကိုယ်ဖြစ်ချင်တာချည်းပဲ ဖွတ်မပြောနဲ့။ မဖြစ်နိုင်တာ တွေလည်း စဉ်းစားဦး"

"တော်ပြီ မချိုကိုပြောရင် ဒါချည်းပဲ။ အစ်မ မတော်ချင်တော့ ဘူး"

မောင်မောင်က ပြောဆိုရင်း ဆုပ်ကိုင်ထားတဲ့ ချို့လက်ကို ဖယ်ချကာ ခြေလှမ်းကြဲချည်းနဲ့ ရှေ့က လျှောက်သွားသည်။

ချို့ မဟန့်တားတော့ပါ။

သွားပါလေ။

လောလောဆယ် နတ်ဆိုးနဲ့ ထိပ်တိုက်မဆုံလိုက်တာပဲ ကံ ကောင်းသားရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ကျွတ်"

ဖိုင်တွဲလေးဆွဲယူလိုက်၊ စစ်ကြည့်လိုက်နဲ့ ဖြစ်နေတဲ့ သူ့မျက်ဝန်းက အရင်လို တည်ငြိမ်မနေပါ။

လှုပ်ရှားနေသော သူ့စိတ်ကြောင့် ငြိမ်သက်ခြင်းကင်းမဲ့က ဘာကိုမှ တိတိကျကျ စစ်ကြည့်နေတာလည်းမဟုတ်ဘဲ အလုပ်ရှုပ်နေ သလိုဖြစ်၏။

ထိုအခါ သူ့သူငယ်ချင်းတွေဖြစ်ကြတဲ့ ကောင်းသစ်၊ သူ ရဲစိုးနဲ့မိုးဦးတို့ သူ့ကိုကြည့်ရင်း ရယ်ချင်ဟာဟာ ဖြစ်ကုန်သည်။

"နေ"

သူရက သူ့လက်ထဲက ဖိုင်တွဲကိုဆွဲယူရင်း ခေါ်လိုက်သည် နေ မျက်ခုံးနှစ်သွယ် ပင့်ကြွသွားသည်က နားမလည်စွာ။





"ဘာဖြစ်လဲကွာ"

"ဟား ဟား ဟား"

သူ့စကားမဆုံးသေးခင် သူငယ်ချင်းတွေ တဟားဟား ရယ်ကြလေသည်။ သူ့မျက်မှောင်ကုတ်ကျသွားပြီး –

"ဘာဖြစ်လို့ ရယ်ကြတာလဲ"

"နေ မင်း ပုံမှန်မဟုတ်ဘူးကွ"

"ဘာ"

ကောင်းသစ် ရယ်ရယ်မောမော ပြောပေမယ့် သူ့စိတ်ထဲ ခက် ဖြစ်သွား၏။ ထိုအခါ သူ့အသံမာကြီး နှန်ထွက်သွား၏။

မိုးဦးနဲ့ ရဲစိုးက နားလည်မှုပေးတဲ့အကြည့်နဲ့ သူ့ကိုကြည့်ကာ ခေါ်ကြ၏။

"လာ နေ"

"ဘာလုပ်ဖို့လဲ"

"မင်းစိတ်ထဲ တစ်ခုခုငြိနေတယ် မဟုတ်လား။ လာကွ"

"ဟာ ဘာတွေလဲ"

"လာပါကွာ"

သူငယ်ချင်းလေးယောက် သူ့ကို ဆွဲခေါ်ကြ၏။ သူ ဘာမှ လည်စွာ ယောင်နနဖြစ်လို့သွားသည်။

သူငယ်ချင်းငါးယောက်ဆိုကြတာက ကမ္ဘာ့ခရီးစဉ်များနဲ့ ခရီးစဉ် ချိတ်ဆက်ဆောင်ရွက်မယ့်ကိစ္စ ဆွေးနွေးကြဖို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် စီမံချက်ရေးဆွဲထားတဲ့ ဖိုင်တွေကို သူ ကြည့်နေ ခြင်း။

ဒါပေမဲ့ အာရုံစူးစိုက်လို့မရဖြစ်နေတာ သူကိုယ်တိုင် သိ သည်။ ထိုအသိကို သူငယ်ချင်းတွေ ရိပ်စားမိတယ်ထင်ရဲ့။ သူ ဆွဲခေါ်သည်က စင်တင်ဖျော်ဖြေတဲ့ ခန်းမထဲအရောက်။

"ကျွတ် ဖယ်စမ်းပါ"

"ဖယ်ပါ့မယ်ကွ"

"လာ ထိုင်"

စတိတ်ပေါ်ရှိ ဖျော်ဖြေရေးစင်မြင့်မှ အဆိုတော်တွေရဲ့အသံ သူ့နားကို ငြီးငွေ့စေသည်။

ကောင်းသစ်က ဝိတ်တာကိုခေါ်ပြီး ချက်ချင်းပဲ သောက်စရာ စီစဉ်၏။

"နေပါဦး ... ကိုယ့်ကို ဘာဖြစ်လို့ ဒီခေါ်လာတာလဲ။ ကိုယ် ဆွေးနွေးရမယ့်အကြောင်းအရာတွေ အများကြီးကွ"

"ဟုတ်ပါတယ်ကွာ။ ဆွေးနွေးစရာအကြောင်းအရာတွေ များ တယ်။ ရှုပ်ထွေးတာတွေလည်း ပါတယ်။ အဲဒီအတွက် အာရုံရှင်းနေ လိုတယ်"

"ကိုယ်တို့ ဝိုင်းဖွဲ့ဖို့လိုတယ်၊ ဒါကြောင့် ခုလိုစီစဉ်တာ"

"ကဲ စရအောင်"

သောက်ပွဲက အဆင်သင့်ဖြစ်နေပြီ။ ရဲစိုးက ဖန်ခွက်တွေ





ရှန်ပိန်နှင့်ထည့်ပေး၏။

"ရော့ နေ"

သူရက သူ့လက်ထဲ ဖန်ခွက်ထည့်ပေး၏။ နေဘုရင် ငြင်းလို့ နေတော့ပါ။ ငြင်းလည်း မငြင်းလိုတော့ပါ။

"ချီးယားစ်"

ရှန်ပိန်က သူ့အကြိုက်ပါ။ ရှန်ပိန်တစ်ကြိုက်ကြိုက်မိသည်က သူ့ရဲ့စိတ်ရှုပ်ထွေးမှုတွေ လွင့်ပါးစေသလားပဲ။

ဒါပေမဲ့ ... စိတ်လှုပ်ရှားတာတွေက ရှိနေဆဲ။

"နေ မင်းရင်ထဲ တစ်ခုခု ငြိနေတယ် မဟုတ်လား"

ကောင်းသစ် အစဖော်ပြောလျှင် သူ ဝန်မခံလိုပါ။ စတိတ် ဘက် အကြည့်ပို့လိုက်၏။

နာမည်ကျော်အဆိုရှင် စိုးစိုးရဲ့အသံတွေကို သူ အာရုံပြောင်း ထိုက်၏။ သို့သော်လည်း ထိုအသံနှင့် ထိုအသံနောက်မှ ပါဖောမန့်ပြနေ တဲ့ စုံတွဲလေးတွေရဲ့ဟန်တွေလည်း အာရုံမကျဖြစ်ရ၏။

"ပြောလေ နေ"

မိုးဦးက သူ့ဖန်ခွက်ထဲ ရှန်ပိန်ငှဲ့ထည့်ပေးရင်း မေးပြန်သည်။ သူ ဘာပြောရကောင်းမှန်း မသိပါ။

ပြီးတော့ ငြိတယ်ဆိုတဲ့စကားလုံးကို သူ လက်မခံချင်။ သို့ သော် စိတ်လှုပ်ရှားနေတာကိုတော့ သူ ဝန်ခံလိုက်သည်။

ဟုတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်လှုပ်ရှားနေတာ။

ပြီးတော့ ဘာကြောင့် တည်ငြိမ်နေတဲ့ သူ့စိတ်က လှုပ်ရှား ရတာလဲ။

"နေ"

"ပြော အန်ကယ်စိုး"

"တယောချိုကို စာရင်းအင်း သင်္ချာသင်ပေးတာ-ဘယ်လို ခရီးမပေါက်ဘူး။ ပြီးတော့ ကွန်ပျူတာလည်း မကျွမ်းကျင်တော့ ပိုဆိုး တယ်။ ရုံးလုပ်ငန်းခိုင်းရတာ တယောချိုကြောင့် အလုပ်ရှုပ်ရတာပဲ အဖတ်တင်တယ်။ မထူးခြားဘူး နေ။ တယောချိုက သူ့ကို ဂိတ်ပေါက် စောင့်ပဲ လုပ်ခွင့်ပေးပါလို့ ပြောနေတယ်"

"ကျွတ် ချို့ကို ကျွန်တော့်ရုံးခန်း လွှတ်လိုက်"

"ဘာ"

"လွှတ်လိုက်ဗျာ"

သူ ဒါပဲ ပြောကာ ဖုန်းချလိုက်သည်။ ဦးစိုးမင်းကတော့ သူ့ကို နားမလည်နိုင်အောင်ဖြစ်နေမှာ သေချာသည်။

ထိုအတူ သူလည်း သူ့ကိုယ်သူ နားမလည်အောင် စိတ်လှုပ် ရှားနေခဲ့သည်။ ထိုအချိန်မှာ သူ့သူငယ်ချင်းတွေ ရောက်လာခြင်း ဖြစ်သည်။

ဘာကြောင့် ချို့ကို သူ့ရုံးခန်းပို့ခိုင်းရတာလဲ။

တကယ်ဆိုရင်။





လက်ခုပ်သံတွေ ဆူညံစွာ ပေါ်ထွက်လာလျှင် သူ့အတွေးထဲ က စိတ်လှုပ်ရှားမှုတွေ လွင့်ပါသွားကာ။

လက်ခုပ်သံအဆုံးသတ်မှာ ခုနက ဖျော်ဖြေနေတဲ့ နာမည်ကြီး အဆိုတော်မလေးက စတိတ်ပေါ်ကဆင်းကာ ညို့မျက်ဝန်းရွှဲကြီးဖြင့် သူ့ကို စိုက်ကြည့်ရင်း သူ့ဝိုင်းဆီ တန်းတန်းမတ်မတ်လာနေသည်။

သူ့ရ မျက်စပစ်၍ စီစဉ်လိုက်တာ ထင်ရသည်။

သူမ အနားရောက်လာတော့ သူ့ဘေးမှာထိုင်နေတဲ့ ကောင်း သစ်က အလိုက်သိသို ထပေး၏။

"ဟိုင်း နေဘုရင်။ ဒီနေ့တော့ စိုစိုအတွက် ကံကောင်းခြင်းပဲ"

ပြောဆိုရင်း နွေ့ပခုံးမှာ လက်ကလေးတစ်ဖက် လာတင် သည်။ နေက ပခုံးကိုနှိပ်ချ၍ ကိုယ်ကို ရှိုလိုက်လျှင် သူမ ဟန်ချက်ပျက် သွား၏။

"နေဘုရင်က သိပ်မာနကြီးတာပဲ"

သို့သော်လည်း အမူအရာမပျက်ပြောရင်း ကောင်းသစ်ဖယ် ပေးတဲ့ သူ့ဘေးချင်းကပ်ထိုင်ခုံမှာ ထိုင်ချသည်။

"ကိုယ် ညစ်နေလို့ပါ စိုစို"

စိုစိုဆိုတဲ့အဆိုတော်မလေး ဘာလိုချင်နေမှန်း သူသိသည်။ သူ့သူငယ်ချင်းတွေနဲ့အပိုင်ပေါင်းကာ သူ့ကို ရေလာမြောင်းပေးလုပ်နေခဲ့ တာ ကြာလှပြီ။

ပွင့်ပွင့်လင်းလင်းပြောရရင် နေ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားစရာဟု မမြင်ပါ။

စိုစိုကိုလည်း ဒီအတိုင်းရယ်။ ထို့ကြောင့် –

"ဆောရီး"

ဟု ဆိုပြီး သူ ခေါင်းလေးရမ်းကာ ထထွက်ခဲ့သည်က အရော

"နေဘုရင်"

စိုစိုရဲ့ခေါ်သံ။

"နေ"

သူငယ်ချင်းတွေရဲ့ဟန့်တားသံ။ ဒါ့ပြင် သူ့လက်မောင်း

လာဆွဲပြီးဟန့်တားနေတဲ့ စိုစိုကို သူ ဗိုလ်၍ အားမနာပါ။

ထို့ကြောင့်။

✿ ✿ ✿

## အခန်း (၃၀)

"ချိုကို"

"ဟုတ်တယ် သမီးချို။ နေဘုရင်က သူ့ရုံးခန်းလာခဲ့ပါတဲ့"

"ဟို ချိုမသွားပါရစေနဲ့ အန်ကယ်။ ချို ကြိုးစားပြီး တတ်

အောင်သင်ပါ့မယ်။ ချိုက ဆယ်တန်းနဲ့ကျောင်းထွက်ပြီး အပြင်အလုပ်

တွေ လုပ်နေတော့ စာနဲ့ အလှမ်းဝေးနေတယ်။ နောက်ပြီး ကွန်ပျူတာ

တွေ ဘာတွေ မသုံးဖူးတော့လေ။ အဲဒါနဲ့ အလုပ်လုပ်ရတာ စိမ်းနေတာ

ပါ။ နောက်ဆို ဂရုစိုက်ပါ့မယ်။ ချို မသွားပါရစေနဲ့"

တယောချို မျက်နှာအပျက်ပျက်နဲ့ပြောလျှင် ဦးစိုးမင်း ဘာမှ

ပြန်မပြောနိုင်အောင် ဖြစ်ရသည်။

"နေ် အန်ကယ်"

ဦးစိုးမင်း စိတ်ဖိစီးစွာ သက်မချ၏။ သူ့ဘက်က ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ပါ။ ထိုအခါ ချို့မျက်နှာလေး ပိုပြီး ငယ်ကျသွားသည်။

"နေက ခေါ်တာဆိုတော့ သွားလိုက်ပါ သမီးရယ်။ သူပြော တာ နားထောင်၊ ဒါမှမဟုတ်လည်း တခြားတာဝန်ပေးတယ်ဆိုရင်လည်း လုပ်ကြည့်ပေါ့။ ကဲ သွား ... တော်ကြာ အရောက်နောက်ကျရင် အဆူခံနေရမယ်"

"ကျွတ်"

ဘာမှမတတ်နိုင်ပါ။ ချို့ ခေါင်းလေးကုတ်လျှင် –

"မောင်တာရေ သမီးချိုကို လိုက်ပို့ကွာ"

ချို ငြင်းမရပါ။ မျက်နှာချင်းဆိုင် မဆုံချင်ဘူးဆိုကာမှ ဆုံရ တော့မယ့်အဖြစ်။

"လာ တယောချို"

သူ့အလုပ်လက်ခံလိုက်တာ အရာရာကိုင်ရဲ၍။ ခုတော့ ချို့ကို ဘယ်သူ့ငှမှာတုံလဲ။ ငှတာမငှတာနောက် လောလောဆယ် သူ့ဆီသွားဖို့ မောင်တာနောက် လိုက်ခဲ့ရပြီ။

မောင်တာဆိုတာ သူ့ဒရိုင်ဘာ။ ချို ဘတ်စ်ကားပေါ်က ကျတုန်းက ဒင်း တော်လို့ ချို အခြေအနေဆိုးမသွားတာ။

အဲဒီတုန်းက တစ်ခုခုဖြစ်သွားရင် အကောင်းသား။

ခုတော့၊ ချိုဟာ သူကြီးဆွဲတိုင်း ကရမယ့်အရုပ် ဖြစ်ရတော့ မှာလား။ ပြောစမ်းပါရှင်ရယ်။

✿ ✿ ✿



## အခန်း (၁၉)

"ဟင်"

သူ့အကြည့်က ချို့တစ်ကိုယ်လုံးကို ကြက်သီးဖြန်းခနဲ ထစေ သည်။ ချို့မှာ မလုံမလဲစိတ်နဲ့ လက်ချောင်းလေးတွေကိုပွတ်ရင်း သူ့ အကြည့်နဲ့ လွတ်အောင် မျက်နှာလေးတစ်ဖက်သို့ လွှဲချလိုက်ရသည်။

ဒါတောင် သူ့အကြည့်က စူးနစ်နေဆဲ။

"ဟို ... အန်ကယ်စိုးက"

"ကိုယ်သိတယ်၊ မင်း အသုံးမကျတာတွေအားလုံး ကိုယ်သိ ပြီ"

"ဟင်"

ချို့စကားမဆုံးခင် သူပြောချလျှင် ရှောင်လွှဲမိတဲ့ ချို့မျက်နှာ လေး သူနဲ့တည့်တည့်ဖြစ်ကာ သူ့ကို ပြန်မော့ကြည့်မိသွားသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



မတ်ရပ်ဗီရိုဖွင့်ပြီး အထဲက ဖိုင်တွဲတွေ ပင့်မ၍ စားပွဲပေါ်တင်သည်။

ပြီးတော့ ဆိုဖာဆုံလည်ထိုင်ခုံမှာ အိခနဲထိုင်ချရင်း –

"ဘာဟင်လဲ၊ ကိုယ်ပြောတာ လွဲနေလား"

"ဟို ချိုက ရုံးလုပ်ငန်းတွေ မလုပ်ဖူးလို့ပါ"

"မင်းလုပ်ဖူးတာ ဘာတွေလဲ"

"ကျွတ်"

ချို့ကို ချောင်ပိတ်မိစေတဲ့ထိုမေးခွန်း။ ချို ယောင်ယောင်နန့်ဖြင့် တစ်ခုခုပြောဖို့ ကြိုးစားတုန်းရှိသေးသည်။

သူက ဟောခနဲ့ ပြောချ၏။

"ပြောလေ၊ မင်းအမေ အရပ်တကာလည်ပြီး ဖဲရိုက်နေရင် မင်းက ဖောက်သည်ရှာပြီး အနှိပ်တော်ဆက်။ ရတဲ့ပိုက်ဆံနဲ့ မီးဖိုဆောင်စရိတ်သုံး။ မလောက်ရင် အကြွေးလိုက်ယူဖို့ပဲ လုပ်တတ်တယ် မဟုတ်လား"

ချို မျက်လွှာချကာ နှုတ်ခမ်းလေးတင်းနေအောင် စေ့ထားသည်။ အဲဒါ ချို့ဘဝလေ။

သူနဲ့ ဘာမှမဆိုင်ဘဲနဲ့ ငယ်ကျိုးငယ်နာဖော်ထုတ်ပြီး ပြောနေတာ ကိုယ်ချင်းစာစိတ်မရှိသလိုပုံစံမျိုးနဲ့။

"အဲဒါ ချို့ဘဝပါ ဦးနေဘုရင်"

"အေး ...အဲဒီဘဝထဲ မင်းကျင်လည်ချင်တယ် မဟုတ်လား"





"ဘယ်လို"

"မင်း နားမရှင်းဘူးလား"

"ကျွတ်"

"ပြောလေ၊ ဒီလောက်သင်ပေးလျက်နဲ့ ကွန်ပျူတာ ဖြောင့်အောင့်မကိုင်နိုင်တာ ဘာကြောင့်လဲ"

ချို နှုတ်ဆိတ်နေရသည်။

သူပြောတော့လည်း ချို ခံရုံပေါ့။ ဟုတ်တယ်လေ။ ချိုက ကွန်ပျူတာနဲ့ အလှမ်းဝေးသူ။ သူပြောသလို ချို့ဘဝက တကယ် နှိမ်ကျနေရတာလေ။

"ပြောလေ၊ သင်ပေးတဲ့သူက သင်ပေးနေတာ မင်းဘက်က မှတ်ရမယ်၊ လေ့လာရမယ်၊ ကြိုးစားရမယ်ဆိုတာ နည်းနည်းမှ နားလည်ဘူးလား"

"ချို ကြိုးစားပါ့မယ်"

"မကြိုးစားနဲ့"

"ရှင်"

သူက အနီရောင်ဖိုင်တစ်ခုကို လှန်ကြည့်ရင်း –

"မင်းက မင်းဘဝဟောင်းက အလုပ်တွေနဲ့ပဲ ပျော်မွေ့ချင်နေတယ် မဟုတ်လား"

"ဟင်"

"မျက်လုံးပြူးမပြနဲ့။ မင်းဘဝဟောင်းမှာ အလုပ်ကိုပဲ မင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမယ် စိတ်ချ၊ မောင်တာ"

"ဗျာ"

မောင်တာက ရုံးခန်းအဝမှာ ရပ်နေရာမှ သူ့ခေါ်သံအဆုံး ထူးရင်း သူ့အလုပ်စားပွဲရှေ့ တိုးလာသည်။

"ပြောပါ ဘော့စ်"

"သူ့ကို ကိုယ့်စံအိမ်ခေါ်သွားပြီး မီးဖိုခန်းနဲ့ မိတ်ဆက် လိုက်"

"ဘုရားရေ"

ချို နှုတ်ခမ်းလေး ပွင့်ဟသွားသည်။ မောင်တာက ခေါင်း ညိတ်၍ –

"ဟုတ်ကဲ့ ဘော့စ်"

"ကဲ ... မင်း သူနဲ့လိုက်သွား"

"ဘာ ဘာလုပ်ဖို့"

"မင်းက မီးဖိုချောင်ထဲဝင်ဖို့ စိတ်ရောက်နေတယ် မဟုတ် လား။ ကိုယ့်စံအိမ်က မီးဖိုခန်းကိစ္စ တာဝန်ယူ။ အေး ... တစ်ခုတော့ သတိပေးလိုက်မယ်။ မင်းအကျင့်ဟောင်းအတိုင်း အကြွေးလိုက်မလုပ်နဲ့"

"တောက်"

ချို နှုတ်ခမ်းဖိကိုက်လိုက်သည်။ သူက နှာခေါင်းရှုပ်တွ ပြုပြီး ဆက်ပြော၏။

"မီးဖိုဆောင်ထဲ ဝင်တဲ့ဘယ်ဘက်မှာ နံရံကပ်ဗီရိုရှိတယ်





အဲဒီထဲမှာ ပိုက်ဆံထည့်ထားတယ်။ မီးဖိုဆောင်အသုံးစရိတ် အဲဒီထဲက ထုတ်သုံး။ ကဲ ... သွားတော့"

ချို့သဘောကို သူမမေးမြန်းဘဲ သူ့စံအိမ်ရှိ မီးဖိုဆောင်ကို သွားခိုင်းနေသည်။

"လာ တယောချို"

မောင်တာခေါ်ရင်း ရှေ့က ဦးဆောင်ထွက်သွား၏။ ချို တစ်ခုခုပြန်ပြောဖို့ပြင်လျှင် သူက ဘဲလ်နှိပ်၍ သူ့အတွင်းရေးမှူး မိန်းကလေး ကို အချက်ပေးလိုက်သည်။

သူ့အတွင်းရေးမှူးအမျိုးသမီး ချက်ချင်းရောက်လာပြီး–

"အဆင့်သင့်ပဲ ဘော့စ်၊ meeting room မှာ လူစုံနေပြီ"

"Ok"

သူ ချက်ချင်းထရပ်ကာ စောစောက ဗီရိုထဲက ထုတ်ယူထား တဲ့ ဖိုင်တစ်ထပ်ကို သူကိုယ်တိုင် ပွေ့ပိုက်၍ ထွက်သွား၏။

"ဒီမှာ"

ချို လွှတ်ခနဲ ခေါ်လိုက်သည်။

သူက လှည့်မကြည့်ဘဲ။

"မင်းက ရုံးခန်းတာဝန်နဲ့ မထိုက်တန်သေးဘူး။ မင်းနဲ့ထိုက် တန်တဲ့တာဝန်ကို မင်းထမ်း။ ဪ ... နောက်တစ်ခု မင်းကို ပြောဖို့ ကျန်သေးတယ်။ မင်းမောင် အဖြုန်းအိုး သဘော်တက်ချင်နေတယ် မဟုတ်လား။ အဲဒီကိစ္စ အမြန်ဆုံးစီစဉ်ပေးလိုက်။ လိုတဲ့ငွေကို အတိုး



www.burmeseclassic.com

www.burmeseclassic.com



မယူတဲ ကိုယ်ချေးပေးမယ်။ လိမ်ဖို့ခဲတော့ စိတ်မကူးနဲ့။ ကြားတယ်နော်"

"တောက်"

ချို့ရင်ထဲ ဒီတစ်ခါ အခံပြင်းဆုံးဖြစ်သွား၏။

ဖြစ်နိုင်လျှင် ကျောခိုင်းထွက်သွားတဲ့ သူ့နောက် အပြေးကလေး လိုက်သွားပြီး သူ့ကျောပြင်ကို တအုန်းအုန်းမြည်သွားအောင် ထုချချင်သည်။

သို့သော်လည်း သူက ချို့ တောက်ခေတ်သံကိုလည်း အရေးမစိုက်။

ရှေ့က ထွက်သွားသည်မှာ မြန်ဆန်လွန်းလှသည်။

ချို့မှာသာ လက်သီးဆုပ် တရွယ်ရွယ်နဲ့ ကျန်ခဲ့ရတဲ့အဖြစ်။

"တောက် ရှင့်ကို"

✿ ✿ ✿

## အခန်း (၅၀)

"နေဘုရင်စံအိမ်"

စတီးနဲ့ရွှေရောင် တစ်ကန့်စီရောယှက်ပြီး ကာရံထားတဲ့ ခြံစောင်နှာစာစည်းရိုး၏အလယ်မှာ ထုထည်ကြီးမားသော ကွန်ကရစ်အလုံးတိုင်လုံးများဖြင့် ပြုလုပ်ထားသော ဝင်ပေါက်တံခါးကြီးရှိ၏။

ထိုဝင်ပေါက်တံခါးကြီး၏အမြင့်က ဆယ်ပေမက မြင့်၏။ ထိုအမြင့်မှ အလျားလိုက်တန်းထားသော ကွန်ကရစ်ဘောင်မှာ သုံးပေခန့်ချောင်ထွက်၏။

ထိုကွန်ကရစ်တန်းတစ်ခုလုံးမှာ အရောင်စုံ ကျောက်တို့စီခြယ်ပြီး စာလုံးပုံဖော်ထားသည်က –

"နေဘုရင်စံအိမ်တဲ့"

ရွှေရောင်နှင့်ငွေရောင်စတီး ခြံဝင်း၏အလယ်ရှိ မှန်ဦးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



အဝမှာ ရောင်စုံသောကျောက်မျက်ရတနာတို့ဖြင့် ခမ်းနားကြီးကျယ်
ကမွှည်းထိုးထားသော စံအိမ်ဝင်ပေါက်တံခါးမျိုး ချို တစ်ခါမှမမြင်

ခုလိုမြင်လိုက်ရတော့ တအံ့တသြဖြစ်ရရုံမက ထိုသို့
ထားတဲ့ သူ့စိတ်ကူးက ဆန်းကျယ်ပြီး ခမ်းနားလွန်းနေမှန်း သိသာ
သည်က အထူးခြားဆုံးဖြစ်သည်။

ခြံဝရှေ့ ကားရောက်သည်နှင့် အချိန်ပြည့်ခန့်ထားတဲ့
စောင့်ဝန်ထမ်းက ကနုတ်ပန်းပွင့်တို့နှင့် ဒီဇိုင်းဖော်ထားသည့် ရွှေ
တံခါးကြီးကို ဖွင့်ပြီးသားဖြစ်လေသည်။

နေဘုရင်စံအိမ် ခြံဝမုခ်ဦးပေါက်ဝင်လိုက်တာနဲ့ အသည်း
ရေကန်ကြီးကို ဘွားခနဲ မြင်ရ၏။

ထိုရေကူးကန်၏ အသည်းပုံပတ်လည်မှာ မြက်ခင်းစိမ်းတစ်
နှင့်အရောင်စုံ နှင်းဆီပန်းတို့ တစ်ရစ်စီ ဝိုင်းပတ်ခြံရံထားသည်က
လှာဆင့်အသည်းပုံနှယ် ကြည့်လို့ အလွန်ကောင်း၏။

အများတကာက ရေကူးကန်ကို လေးထောင့်ပုံတွေသာ
လေ့ရှိသည်။ သူ့ကျမှ အသည်းနှလုံးပုံ ရေကူးကန်။

မသိရင် ချင်းပြည်နယ်မှာရှိတဲ့၊ အသည်းနှလုံးပုံရိပ်
ကန်ကို သဘောကျပြီး ဖန်တီးထားသလား အောက်မေ့ရသည်။

အသည်းပုံရေကူးကန်ရဲ့ တစ်ဖက်တစ်ချက်မှ ကားအဝင်
အထွက်လမ်း ညာဘက်က ပတ်ကွေ့ပြီး ကားဝင်သွားသည်က စံအိမ်
ဘေးတိုက်ကျကျမှာ တည်ရှိနေသည့် ကားဂိုထောင်အရောက်။





သူ့စံအိမ်ပုံစံက လေးဘက်လေးတန်မှာ ဆင်ဝင်ပါသည့် ဒီဇိုင်း
မျိုး

ဆင်ဝင်ရှိ ဝင်ပေါက်တစ်ဖက်တစ်ချက်စီမှာ လမ်းလျှောက်နေ
တဲ့ဟန် ဆင်ရုပ်တုတစ်ကောင်စီရှိပြီး ထိုဆင်၏နှာမောင်းက ဆက်ကပ်
ထဲက ဆင်လီမွှာလေးက လူကို ချစ်မြတ်နိုးစွာ လှမ်းဆွဲတော့မယ့်ဟန်
ဖြစ်နေသည်က အသက်ဝင်လှ၏။

မောင်တာဦးဆောင်တဲ့အတိုင်း အရှေ့ဘက်ဆင်ဝင်ဘက်မှ
စံအိမ်ထဲဝင်လျှင် –

"မင်္ဂလာပါ မမလေး"

"ဟင်"

ချို့မျက်လုံးလေး ပြူးသွားသည်။ စံအိမ်အတွင်းဝင်ပေါက်
တစ်ဖက်တစ်ချက်မှာ ခြံရံပြီးရပ်နေသူများက ပြိုင်တူပြောလျှင် ချို
မျက်လုံးလေး မပြူးစရာလား။

ချို့က သူ့အလုပ်သမားလေ။

သူ့အလုပ်သမားတစ်ယောက်ကို သူ့စံအိမ်မှာရှိနေတဲ့
ဝန်ထမ်းများက အရိုအသေပေးပြီး ကြိုဆိုစရာမလိုပါ။

အားလုံးက ဘဝတူတွေလေ။

ပြီးတော့ ချို့ကို နာမ်စားသုံးတာ မမလေးတဲ့။

အိုး။

ချို ငရဲကြီးတော့မှာပဲ။



www.burmeseclassic.com

တစ်ဖက်တစ်ချက်မှာရပ်ပြီး ကြိုဆိုနေကြတဲ့ ခြောက်ဦးထဲမှာ ချို့မေမေအရွယ် အဒေါ်ကြီးတစ်ယောက်ပါသလို ချို့အဖေအရွယ် အန် သား သုံးဦး။

ချိုနဲ့ရွယ်တူလောက်ရှိမယ့် မိန်းကလေးတစ်ဦးနဲ့ ယောက်ျား လေးတစ်ဦး။

"လာပါ မမလေးရယ်"

အဒေါ်ကြီးက ချို့ကို လိုက်လိုက်လှဲလှဲခေါ်လျှင် ချို ခေါင်း လေးရမ်းမိသွားသည်။

"ချို့နာမည်က မမလေးမဟုတ်ပါဘူး ဒေါ်ဒေါ်။ တယောချိုပါ ချိုလို့ခေါ်ရင် ရပါတယ်"

ချို ထိုသို့ပြောလျှင် အားလုံးက သဘောတကျ ပြုံးကြသည် ဒေါ်ဒေါ်ကလည်း ပြုံး၍ –

"ဟုတ်ပါတယ်၊ ဘော့စ်က မမလေးလို့ခေါ်ရမယ်တဲ့။ တကယ်လည်း ဒေါ်ကြီးတို့ဘော့စ်နဲ့ ပတ်သက်တဲ့ မိန်းကလေးကို မမလေးလို့ပဲ ခေါ်ရမှာလေ။ ဟုတ်တယ်နော်"

"ဟုတ်ပါ့ကွယ်"

ဒေါ်ကြီးစကားမဆုံးခင် ကျန်သောသူများကလည်း ထောက်ခံ စကားဆိုလျှင် ချို့မျက်နှာလေး ရှုံ့တွတွဖြစ်သွား၏။

"ချို့က ဘော့စ်နဲ့ပတ်သက်တဲ့ မိန်းကလေး"

"ဟုတ်တယ်လေ၊ ဒါကြောင့် ဘော့စ်က ဒီကမ်မီလေးကို





ဘော့စ်ရဲ့စံအိမ်ထဲ ဝင်ခွင့်ပေးတာပေါ့"

"ဘုရားရေ . . . တစ်ခုခုလွဲနေပြီထင်တယ်။ ကိုမောင်တာ နှင့် ဝင်ပြောပါဦး"

ချို လက်မခံနိုင်သလို ပျာပျာသလဲပြောရင်း သူ့ဒရိုင်ဘာကို ရှင်းပြဖို့ ပြောလိုက်သည်။

သူ့ဒရိုင်ဘာက ခပ်ပြုံးပြုံးလေးနှင့် –

"ကဲပါ အခုလောလောဆယ် မတယောချိုက မမလေး ဖြစ် သွားပြီး မှတ်လိုက်ပါ။ မမလေးနဲ့ ဒီက ဘော့စ်ရဲ့စံအိမ်ဝန်ထမ်းတွေနဲ့ ရင်းမိတ်ဆက်ပေးမယ်"

"ဘုရားရေ"

လို့ ချို အသံမထွက်နိုင်အောင် အံ့ဩရပြန်သည်။ သူ့ဒရိုင်ဘာ ကို ရှင်းပြနိုင်းကာမှ ပိုဆိုးနေပြီ။

မောင်တာကိုယ်တိုင်က ချို့ကို မမလေးတဲ့။

"ဒီဒေါ်ဒေါ်က ဒေါ်ဝင်းမေ၊ ဝါရင့်အိမ်ထိန်းကြီးပါ။ ဒီက အရပ်မြင့်မြင့်နဲ့ဦးလေးက ဦးမြင့်၊ စံအိမ်ဝင်းလုံခြုံရေးတာဝန်ယူတယ်။ ဒီက ဦးအိုက်၊ စံအိမ်နောက်ဘက်က စိုက်ခင်းမှူး။ ဒီက ဦးပုက စားဖိုဦးစီးမှူး။ သူက အောင်ကိုး၊ ဒေါ်ဒေါ့်သား။ ဒီမိန်းကလေးက နှင်းနိုင်၊ ဦးပုရဲ့သမီး။ အောင်ကိုးနဲ့စုစုက စံအိမ်အတွက် လိုအပ်တဲ့ဗာရီရ ကိစ္စတွေကို ဒေါ်ဒေါ်နဲ့အတူ ဝိုင်းကူရတယ်"

မောင်တာ မိတ်ဆက်ပေးနေတာက အရေးတယူပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကလည်း ပြုံးပြုံးကြီး စိုက်ကြည့်ရင်း ခေါင်းတညိတ်ညိတ် ချို့အပေါ် အလေးအနက်ဖြစ်နေကြတာလေ။

ချို ဘာမှ နားမလည်နိုင်တော့ပါ။ မျက်နှာလေးကို ရှုံ့မြိတိုင်း ရှုံ့ထားရင်း –

"ကိုမောင်တာရယ် ချို ဘာမှလိုက်မမီတော့ဘူး။ လော ဆယ် ချို့ကို ဦးနေဘုရင်က မီးဖိုဆောင်အလုပ်လုပ်ဖို့ လွှတ်လိုက်တာ မီးဖိုဆောင်ကိုသာ လိုက်ပို့ပေးတော့"

"အဟီး"

"ခစ်"

ချို့စကားဆုံးတာနဲ့ လူကြီးတွေထဲမှ ဟီးခနဲ ရယ်သံထွက် သလို အောင်ကိုးက ရယ်ရင်း ပါးစပ်ပေါက်ကို ကမန်းကတန်း ပိတ်

စုစုက ခစ်ခနဲရယ်၏။

ထိုရယ်သံတွေကြောင့် ချို မျက်မှောင်တကြုတ်ကြုတ်ဖြစ် လျက်

"ဘာ . . . ဘာဖြစ်လို့လဲဟင်"

မောင်တာကလည်း ထိုလူကြီးများနှင့် ရောရယ်ရာမှ ရယ်မှု ကို ချက်ချင်းရပ်၍ –

"ဘာ ဘာမှမဖြစ်ပါဘူး မမလေး။ ဒေါ်ကြီးနဲ့စုစု မမလေး မီးဖိုဆောင်လိုက်ပြလိုက်ပါ။ ကျွန်တော် ဘော့စ်ဆီပြန်သွားရမယ် ဘော့စ် လေ့ဆိပ်ဆင်းပြီး ညှိသည်ကြိုဖို့ရှိတယ်"





"အေးပါ မောင်တာရယ်၊ ဒေါ်ဒေါ်လိုက်ပြပါ့မယ်။ လာပါ လေး"

"မမလေး လာ၊ ဒီဘက်ကလာ"

ဒေါ်ကြီးနဲ့အတူ စုစုကလည်း လိုက်လိုက်လှဲလှဲခေါ်သည်က မန့်ထက် အလေးထားမှုတွေနဲ့။

ချို လိုက်မမီတော့ပါ။ ဒါကြောင့် ခေါင်းလေးတကုပ်ကုပ်နဲ့ ကြီးနဲ့စုစု ခြံရံ၍ ဦးဆောင်ခေါ်သွားရာနောက် ပါခဲ့ရသည်။

ကျွတ်။ ဦးနေဘုရင်၊ ရှင်က ဘယ်လိုလူလဲ။

ပြီးတော့ ရှင့်စံအိမ်ဝန်ထမ်းတွေက ဘာဖြစ်လို့ ချို့ကို လိုက် ကိုက်လှဲလှဲနဲ့ အရေးတယူ ကြိုဆိုနေတာလဲ။

ချို နားလည်အောင် ပြောပြပါကွယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဟိုင်း ဒါလင်"

သူ့နောက်ကျောဘက်မှ ပေါ်လာတဲ့ ချိုချွဲချွဲခေါ်သံနှင့်အတူ သူ့ခါးကို ဝင်ဖက်လာတဲ့ မိန်းကလေး။

"အက်စတာ"

သူဦးနှောက်ထဲ ထိုနာမည် ဒိုင်းခနဲ ဝင်ရောက်လာသည်။

ရုံးခန်းတွင်းရှိ မှန်ပြတင်းပေါက်ကတစ်ဆင့် မြို့ပြ၏ညနေခင်းရှုခင်းကို ငေးကြည့်ရင်း သူ့ရဲ့ စက်ရုံသစ်တည်ဆောက်ရေးအစီအစဉ်ကို စိတ်မှန်းနဲ့ တွက်ချက်နေစဉ် အက်စတာဆိုတဲ့ ထိုမိန်းကလေး လာဖက်ခြင်း ဖြစ်သည်။

အက်စတာဆိုတဲ့အသိက သူ့ရဲ့စိတ်အာရုံကို ခါးသက်သွားစေသည်။ ဒါ့ပြင် လာဖက်တဲ့ သူမလက်ကလေးများကိုတောင် နေဘုရင်





အားမနာဘဲ ချက်ချင်းဖြုတ်ချကာ သူမိန့်မျက်နှာချင်းဆိုင်လိုက်သည်။

"ဒါလင်"

အက်စတာက မြူးမြူးလေးခေါ်၏။ တစ်ဆက်တည်းလည်း မျက်နှာချင်းဆိုင်ဖြစ်သွားတဲ့အခါ အက်စတာက ခြေဖျားထောက်၍ သူ့နှုတ်ခမ်းကို လှမ်း၍ နမ်း၏။

"အား"

သူ လန့်ဖျပ်ကာ မျက်နှာကိုလွှဲသလို လက်နဲ့လည်း အက်စတာမျက်နှာကို တွန်းဖယ်လိုက်၏။

"တောက်"

သူ ဒေါသက ဟုန်းခနဲ ခုန်ထွက်လျှင် –

"ဒါလင်"

အက်စတာ ရှေ့တိုးလာပြန်သည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ အက်စတာ"

"အဲဒါ ... ဒါလင့်ကို အက်စတာက ပြန်မေးရမှာ။ ဒါလင် ဘယ်လိုဖြစ်နေတာလဲလို့"

"တောက်"

နေဘုရင့်မျက်နှာကြီး ဒေါသကြောင့် ချက်ချင်းပြာတူးသွား၏။ အဝါရောင်ဆံပင်အလိပ်ကောက်လေးကြားမှ ကာလာခြယ်မျက်နှာလေးနဲ့ အက်စတာက သူ့ကို မော့ကြည့်ရင်း –

"မင်းကို ငါ့ရုံးခန်းထဲ ဘယ်သူပေးဝင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အစိမ်းရောင်ရင့်တဲ့ စကားလုံးတွေနဲ့ မေးခွန်းထုတ်နေတဲ့ နေ့ကို အက်စတာ မျက်လုံးပြူးနဲ့ ကြည့်မိပြန်သည်။

"ပြောလေကွာ။ ငါ့ရုံးခန်းထဲ ဘယ်သူ့ခွင့်ပြုချက်နဲ့ ဝင်လာတာလဲ"

"ဒါလင်ရယ်၊ ဒါလင် ဘာဖြစ်နေတာလဲ။ ဒါလင့် ရုံးခန်းထဲ အက်စတာဝင်ဖို့ ဘယ်သူ့ဆီမှာ ခွင့်ပြုချက်တင်ရဦးမှာလဲ"

"တောက် ... ဦးသစ္စာ၊ သီရိလင်း၊ မောင်တာ"

နေဘုရင် ဒေါ်သတကြီးနဲ့ သူ့ရုံးခန်းအပြင်ဘက်ရှိ အတွင်းရေးမှူးနဲ့ ဝန်ထမ်းတွေကို အော်ခေါ်သလို ဘဲလ်လည်း နှိပ်၏။

အက်စတာက သူ့အပြုအမူကို အံ့ဩလို့နေသည်။ တကယ်ဆို သူ့ရင်ခွင်ထဲ ပြန်လာတဲ့ အက်စတာကို ပွေ့ပိုက်ကြိုဆိုရမှာ။

အနမ်းတွေပေးရင်း မြူးနေရမှာ။

ခုတော့ အက်စတာပေးတဲ့ အနမ်းတောင် ရှောင်ဖယ်သလို အက်စတာ့ကိုလည်း တွန်းပစ်ပြီး လူချင်းဝေးအောင် ရှောင်ရုံမက ဒေါ်သတကြီး ပြောဆိုနေသည်။

ဒါ့ပြင် သူ့ဝန်ထမ်းတွေကိုပါ အော်ခေါ်နေတာက အက်စတာ့ အဖို့ မယုံနိုင်အောင် အံ့ဩရသည်။

"ဘော့စ်"

တန်းစီပြီး သူ့ရုံးခန်းထဲဝင်လာတဲ့ အတွင်းရေးမှူး၊ သူ့ကိုယ်





ရေးအရာရှိနဲ့သူ့ဒရိုင်ဘာ။

"သူ့ကို ဒီရုံးခန်းထဲ ဘယ်သူ ဝင်ခွင့်ပေးလဲ"

"အဲ"

မောင်တာ တို့မျက်နှာတွေ အပျက်ပျက်ဖြစ်ကာ သူ့ဘော့စ်နဲ့ ထိုမိန်းမချောကို တစ်လှည့်စီကြည့်ရင်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

"ပြောလေကွာ၊ ဒီမိန်းမကို ဘယ်သူ့ဝင်ခွင့်ပေးတာလဲ"

ဦးသစ္စာ၊ သီရိလင်းနဲ့ မောင်တာတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၏။

ပြီးတော့ သူမဘက်ပြန်ကြည့်လျှင် အက်စတာက –

"ကျွတ် ဒါလင်၊ ဒါလင်က အက်စတာ့အမျိုးသားလေ"

"မင်းပါးစပ်ပိတ်လိုက် အက်စတာ"

အက်စတာ့စကားမဆုံးခင် သူ ပိတ်ပြောလိုက်၏။ ထိုအခါ သူ့ဝန်ထမ်းသုံးယောက်လုံး သူနဲ့ အက်စတာ့ကို တစ်လှည့်စီကြည့်ရင်း နားမလည်အောင် ဖြစ်ရလေသည်။

"ဒါလင်နဲ့အိုင် ကနေဒါမှာ အတူတူနေကြတာ။ ရှင်တို့ဘော့စ် ဟာ အိုင့်ရဲ့ချစ်သူ။ အိုင့်ကိုတားရင် ရှင်တို့အလုပ်ပြုတ်သွားမှာပေါ့။ ဟင့် ဟင့် ဟင့် ... အလုပ်ပြုတ်ချင်သလား၊ တားချင်သလား"

သူမ ထိုသို့ပြောကာ ဘော့စ်ရုံးခန်းထဲ ဖွတ်ဝင်သွား၏။ သူတို့သည်၊ မတားရဲတာမို့ ငြိမ်နေရပေမယ့် အံ့ဩနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးနဲ့ ဘော့စ်နဲ့က လင်မယားလား။

ဘာလား။

သူတို့ဘော့စ်ရဲ့လူမှုရေးအကြောင်း သူတို့လည်း ဘာမှကြားသိ မထားတာမို့ ထိုမိန်းကလေးပြောတဲ့အတိုင်း ငြိမ်ကာ ဘော့စ်ရုံးခန်းထဲ ဝင်ခွင့်ပေးလိုက်ခြင်း ဖြစ်သည်။

ရုံးခန်းထဲ သူမ ဝင်သွားပြီး နှစ်မိနစ်မကြာ ဘော့စ်ရဲ့ခေါ်သံ နက်ကြီးနောက်မှာ သူတို့အပေါ် ပြဿနာခေါင်းလှည့်လာသည်။

ခုတော့ ထိုမိန်းကလေးက ဘော့စ်ပြောတဲ့အတိုင်း ခြော လက်စစကား ဆက်မပြောနိုင်ပါ။

ပါးစပ်ကလေး ပိတ်လိုက်ရသည်။

ဘော့စ်က သူမကို တည့်တည့်ကြည့်ရင်း ဆက်ပြော၏။

"မင်းပြန်တော့ အက်စတာ"

"ဒါလင်"

သူမ ဆတ်ဆတ်ထိမခံ ဖြစ်ကာ သူ့ရှေ့တိုးလာသည်။

"နောက် ဘယ်တော့မှ ကိုယ့်ရုံးခန်းထဲ ဝင်မလာစေနဲ့"

"ဟင်"

သူ့တပည့်တွေလည်း ပါးစပ်အဟောင်းသားဖြစ်ကာ စောစော ကတည်းက ထိုမိန်းကလေးကို မတားဖြစ်ခဲ့တာ မှားလေပြီ။

တကယ်ဆို ဘော့စ်ကို မေးရမှာ။

သူမပြောတဲ့အတိုင်း နားယောင်ပြီး ဝင်ခွင့်ပေးလိုက်တာ။





ခုတော့ ဘော့စ်က ထိုမိန်းကလေးကို နှင်ထုတ်ပြီး သီးသန့် နားနေခန်းဆီ လျှောက်သွားရင်း ရှောင်ဖယ်သွား၏။

ဒီလောက်ဆို သူတို့ဘာလုပ်ရမလဲဆိုတာ နားလည်သွား သည်။သီရိလင်းက သူမနား ရွှေ့သွား၍ –

"ဒီက အစ်မ၊ ဘော့စ် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့တော့"

"ကျွတ် ဒါလင်"

အက်စတာ့မျက်နှာကြီး ရှုမှည့်ကာ –

"လာ မအက်စတာ"

သီရိလင်းက သူမကို ဆွဲခေါ်၏။

"ကျွန်မတို့ လုံခြုံရေးမခေါ်ခင် အစ်မ ထွက်သွားပေးပါ"

"တောက်"

အက်စတာ ဒေါသဖြစ်ကာ သီရိလင်းလက်ကို ဖယ်ချပြီး ရုံးခန်းထဲက ထွက်ခဲ့ရသည်။

ဒါလင်။ ဒါလင်က အက်စတာ့ကို အစိမ်းရောင်လှိုင်းနဲ့ ပုတ် ထုတ်တာပေါ့လေ။

အက်စတာ့ကို အဲလိုပုတ်ထုတ်လို့ရမတဲ့လား။

စောင့်ကြည့်လိုက်လေ။

အက်စတာ ဘာဆိုတာ သိစေရမယ်။ ကျစ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"ချိုရေ"

"ဟင် မမ၊ မမ လွတ်လာပြီ"

မမကို လှမ်းမြင်ရတော့ ချို့ရင်မှာ လှိုက်ခနဲ ဝမ်းသာ[illegible] လှေကားထစ်တွေကို အဆင့်ကျော်၍ အိမ်ပေါ် ပြေးတက်ခဲ့သည်။

"ဟဲ့ သမီးချို၊ ဖြေးဖြေးတက်ပါအေ။ ခြေချော်ကျနေမှဖြင့်"

ဒေါ်ယမင်းက အိမ်ပေါ်ကနေ စိုးရိမ်တကြီး လှမ်းပြော[illegible]

"ဟုတ်ပ့ါအေ၊ ဖြည်းဖြည်းတက်စမ်းပါ။ ညည်းအစ်မက အိမ် ပေါ်ကနေ ထွက်မပြေးပါဘူး၊ တကတဲ"

မေမေကလည်း ပြောရှာသည်။

"မချိုကတော့ ကဲတော့မယ်"

မောက်မောက်က ချို့ကို အမြင်မကြည်စွာပြော၏။ မမနွယ်က





မောက်မောက်ကို တံတောင်နှဲ့တွက်၍ ဟန့်ရင်း –

"ဟဲ့ ချိုပျော်လို့ပေါ့ဟ။ လာ လာ ...ညီမလေး"

မမနွယ်က မေမေတို့ ဝိုင်းဖွဲ့ထိုင်နေရာမှ ထလာရင်း ချို့ကို ထွေးဖက်၏။ ချိုကလည်း ဘာကိုမှအရေးမထားနိုင်။ မမနွယ်ကို အားရ ဝမ်းသာဝင်ဖက်၍ –

"မနွယ် ချို ဝမ်းသာလိုက်တာ။ မေမေပြောတော့ နောက် တစ်ပတ်နေမှလွတ်မှာတဲ့"

"ဟုတ်ဆယ် ချိုရဲ့၊ တစ်ပတ်စောပြီး လွတ်တာလေ"

"ကောင်းလိုက်တာ မမရယ်။ တစ်ပတ်စောပြီးလွတ်တော့ ချိုတို့နဲ့ စောစောနေရတာပေါ့။ ဟုတ်တယ်နော် မေမေ။ ဒေါ်ဒေါ်ကော ဝမ်းမသာဘူးလား"

ချိုက အစ်မကိုဖက်ထားရင်း ပေါက်ပေါက်ဖောက်သလို ပြော၏။ ဒေါ်ယမင်းနဲ့ဒေါ်ထွေးထွေးလည်း ဝမ်းသာအားရ ခေါင်းညိတ်ရှာ သည်။

"ဝမ်းသာရတာပေါ့ကွယ်။ သမီးနွယ်လွတ်လာတော့ မေမေတို့ တအားတက်ရတာပေါ့"

"ဟုတ်ပါ့ ထွေးရယ်"

"ဟွန်း ...မချိုက မနွယ်ကိုတွေ့လို့ ဝမ်းသာပြနေတာ။ မမနွယ်အထဲမှာတုန်းက ဘယ်လိုကုန်တယ် ဘာညာနဲ့ ပြောနေတြ"

"ဟဲ့ မောက်မောက်"



www.burmeseclassic.com

www.burmeseclassic.com



မနွယ်က မောက်မောက်ကို ဝင်ဟန့်၏။

"နောက် မဟုတ်လို့လား"

ချို ဘာမှဝင်မပြောတော့ပါ။ မောက်မောက်က ချို့ကို အမြင်မကြည် ဖြစ်နေတယ်မဟုတ်လား။ သူ နိုင်ငံခြားသင်္ဘောလိုက်မယ့်ကိစ္စ ချိုက ငွေရအောင် မကြံဖန်နိုင်လို့ဆိုတဲ့အကြောင်းပြချက်နဲ့ပါ။

"မောက်မောက်ရယ် . . . မောက်ဟာ အရွယ်ရောက်တဲ့ ယောကျာ်းလေးဖြစ်နေပြီ။ မိသားစုအရေးကို နည်းနည်းမှ နားမလည်သေးပါလား"

"ဟွန်း မနွယ် ဘာသိလို့လဲ။ မချို အဲလိုပဲ ပြောနေကြ။ မယုံရင် ရှေ့တင်မေး"

"ဟဲ့ မေးစရာမလိုဘူး မောက်ရဲ့။ မနွယ် အသက်ရောက်နေတော့ ချိုတစ်ယောက်တည်း မိသားစုအားလုံးအတွက် ရုန်းကန်ရတာလေ။ မနွယ် အထဲမှာစားသောက်ဖို့ မောက်က တစ်ရာတန်မုန့်တစ်ခု ဝယ်ပို့ဖူးလို့လား"

မနွယ်ပြောလိုက်တော့ မောက်မောက်က ဒေါဖောင်းသွားသည်။ လက်ကိုင်ဖုန်းရဲ့မှန်ကို တပွတ်ပွတ်နဲ့ အင်တာနက်ကြည့်နေရာမှ ခေါင်းထလာကာ။

"ကျွန်တော် အလုပ်မရသေးဘူး မနွယ်ရာ။ ကျွန်တော့် သင်္ဘောတက်ရရင် မနွယ်အတွက် သိန်းထုပ်တွေ အထုပ်လိုက်ပို့ပေးမှာပါ"





"အဲဒီမပို့ခင်စပ်ကြားမှာ ဒင်းကို ချိုပဲ ရှာကျွေးနေရတာပေါ့တဲ့လား"

မနွယ်မေးလိုက်တော့ မောက်မောက် ဒေါကန်သွားသည်။

"တော်ပြီဗျာ။ ကိုယ့်အစ်မ အထဲကလွတ်လာတယ်ဆိုလို့ ဝမ်းသာပြီး ဘယ်မှမသွားဘဲနေတာ။ ခုတော့ မောက်ကိုပဲ ပြောနေတယ်။ မနွယ်လည်း မချိုလိုပဲ။ မောက်ကို ဘယ်တော့မှ အခွင့်ရေးမပေးဘူး။ ကြုံရင် ပြောဖို့ချည်းပဲ။ သွားမယ်"

မောက်မောက် ပြောရင်းဆိုရင်း ထထွက်သွား၏။

"ကဲ တော်ပါတော့ သားငယ်ရယ်။ မောင်နှမတွေ ဆုံတုန်း ပျော်ပျော်ရွှင်ရွှင်နေပါဦးလား"

"မေမေ့သမီးပြောနေတာ မကြားဘူးလား"

"ကြားပါတော်။ ခုချိန်ထိ သားလုပ်စာစားရဖို့မပြောနဲ့ တစ်နေ့တစ်နေ့ ဘယ်လောက်သုံးနေလဲဆိုတာ စဉ်းစားဖို့စိတ်ကူးဦး မောက်မောက်ရဲ့"

"ဟာ မေမေပါ မောက်ကို ဝိုင်းပြောတယ်ပေါ့လေ"

ဒေါ်ယမင်းက ရယ်နေလိုက်သည်။

ဒီသားမိတွေ ခွန်းတုံ့ပြန်ပြောနေကြတာက အငြိုးအတေးပုံစံမျိုးမဟုတ်ပါ။

မခံသိမခံသာ ပြောနေကြခြင်း။

မောက်မောက်က စိတ်လုပ်ပြီး အိမ်ပေါ်က ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးချိုက မနေနိုင်ဘဲ မောင်ဖြစ်သူကို ဆွဲတားပြီး ပြောပြန်သည်။

"မောက်ရယ်၊ မောက်ကိုပြောတာက ချစ်လို့ပါမောင်လေးရဲ့ မောက်ဖြစ်စေချင်တာ မချို လုပ်ပေးပါ့မယ်"

"အံမယ် ခုမှ"

"တကယ်ပြောတာ မောက်ရဲ့"

"တွေ့တယ် မဟုတ်လား၊ မေမေနဲ့မနွယ်"

"ဟဲ့ ဘာတုံး"

"မောက်မောက်ရှာစာ စားချင်နေလို့ မချိုက သည်းပြနေတာ မတွေ့လား"

မောက်မောက်ပြောတော့ ချို့မျက်နှာလေး ပျက်ရှာသည်။ ဒေါ်ယမင်းက ကြားနေပြီး ကြည့်နေရုံနဲ့ အားမရတော့ပါ။

"မောက်မောက်ရယ် ... ချို့အပေါ် အဲလောက်လည်း မပြော ပါနဲ့။ သမီးချိုက မောက် သင်္ဘောတက်ဖို့ ကြိုးစားနေတာပါကွယ်"

"ဟုတ်သားပဲ ငမောက်"

"ချိုက စားဝတ်နေရေးကို ဦးစားပေးနေရတာ။စားဝတ်နေ ရေး ပြေလည်ရင် မောက်အတွက် လိုတဲ့ငွေရအောင် ကြိုဖန်နိုင်မှာပေါ့ တကတဲ ချို့ကိုပဲပြောနေတယ်၊ တော်တော့ ဆက်မပြောနဲ့တော့။ ဒီနေ့ မနွယ်လွတ်တဲ့ရက်။ အားလုံး ပျော်ပျော်နေကြရအောင်၊ ကဲ လာ မောက်မောက် မနွယ်နား လာထိုင်"

မမနွယ်က ထိုသို့ပြောရင်း မောက်ကို ဆွဲခေါ်လိုက်သည်။





မောက်မောက်က အင်တင်တင်။

မေမေကပါ မောက်ကို မနွယ်ဆီတွန်းပို့၏။

ချိုက လက်ကောက်ဝတ်မှာချိတ်ထားတဲ့ လက်ဆွဲအိတ်လေးကို စားပွဲပေါ် ခုမှပဲချနိုင်သည်။

ဒေါ်ယမင်းက သမီးချိုအပေါ် ကရုဏာမိုးရွာနေတာမို့ –

"လာ သမီးချို၊ နားဦး။ ညနေစာ ဒေါ်ဒေါ်ပဲချက်မယ်။ မနွယ်နဲ့ စကားပြောဦး ဟုတ်ပြီလား"

"ချက်မနေပါနဲ့တော့။ ညနေစာ အပြင်ထွက်စားစို့လား မမနွယ်"

မောက်မောက်က တစ်စခန်းထပြန်သည်။

"အေး ကောင်းတယ်"

မေမေနဲ့ မမနွယ်က တစ်ပြိုင်နက်ထောက်ခံလျှင် ကန့်ကွက်ဖို့ ဟန်ပြင်နေတဲ့ ချို့ပါးစပ် ဟလျက်သားနဲ့ ငြိမ်သွား၏။

ဒေါ်ဒေါ်ကလည်း မပြောဖို့ ခေါင်းရမ်းသည်မဟုတ်လား။

ခုတော့လည်း မောက်မောက်အလိုကျဖြစ်ကာ ဒီနေ့ညစာအတွက် ကုန်ကျစရိတ်ပိုများတော့မှာပဲ။

ချိုကတော့ ဒါပဲတွက်ရင်း သက်မရှည်ကြီးချ၏။

"ကဲ ညီမလေးချို၊ ရေမိုးချိုး။ ပြီးရင် မနွယ်တို့မိသားစု ဒေါ်ဒေါ့်ပါ အပြင်ထွက်မယ်။ ညဈေးပတ်ပြီး ညစာပျော်ပျော်ကြီးစားကြ မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန္မယ် ပြောမဆုံးသေးခင် ချိုက မမတို့ဝိုင်းထဲက ထထွက်

ရသည်။

အင်း ... ဘာတတ်နိုင်မှာလဲ။ ဒီအိမ်မှာ အငယ်ဆုံး အဆိုး

ဖြစ်တဲ့ မောက်မောက်ရဲ့ပါဝါက ပြင်းတယ်မဟုတ်လား။

ဒါ့ကြောင့်။

✿ ✿ ✿

## အခန်း (၅၃)

"တောက်"

နေဘုရင် တောက်ခေတ်မိသလို သူ့နှုတ်ခမ်းကိုလည်း သူ့

သက်ခုံနဲ့ ပွတ်ပစ်လိုက်၏။

ကျုတ်၊ ရွံစရာကောင်းလိုက်တာကွာ။

အက်စတာ။

မင်းရောက်လာတာက ကိုယ့်အတွက် ကံဆိုးခြင်းတွေပဲ။

ဒါပေမဲ့ အဲဒီကံဆိုးခြင်းတွေကို ကိုယ့်ဘက်က တစ်ခါပဲလက်ခံမယ်။

နောက်တစ်ကြိမ်ဆိုတာကို အိပ်မက်မက်မနေနဲ့။

မင်းဟာ ဖြူစင်တဲ့ဘဝကို မမက်မောသလို ချစ်ခြင်းမေတ္တာနဲ့

ငင်ကြွယ်တဲ့ခံစားချက်ကို နားမလည်တဲ့သူ။

မင်းနဲ့ဆုံတွေ့ခဲ့ရတဲ့ ကြမ္မာဆိုးကို ကိုယ်ဘယ်တော့မှမမေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝထဲ တိုးဝင်လာတဲ့ မင်း။

ပြန်ထွက်သွားတော့လည်း မင်း။

ပြန်လည်တိုးဝင်လာတာလည်း မင်း။

ကိုယ်က အရင်လို နုံအအခံစားချက်တွေနဲ့ကောင် မဟုတ်ဘူး။ မမသူငယ်ချင်းမို့ အစ်မလို လေးစားခဲ့တယ်။ ခက်တာက ကိုယ့်အပေါ် ဂရုစိုက်ဟန်ပြပြီး တွယ်ကပ်ဖို့ ကြိုးစားလာတော့ သံယောဇဉ်တော်နေတဲ့ သူ့ဘဝ ဖြေသာမလား အောက်မေ့ရသည်။

မင်းလိုချင်တာက ကိုယ့်ရင်ထဲ၊ အသည်းထဲက အချစ်မဟုတ်ဘူး။

ကိုယ့်ရဲ့ခန္ဓာ၊ မင်းရဲ့လိုအင်ဆန္ဒနဲ့ ယှက်နွယ်လာတဲ့ အပြောင်းရောင်ခံစားမှုတွေ။

အဲဒီခံစားမှုတွေကို ကိုယ်စိတ်မဝင်စားလှဘူး။ ကိုယ့်ဘဝ ကိုယ့်ခန္ဓာကိုယ်က မိန်းမတစ်ယောက်အတွက် ပျော်တော်စက်ဖို့ စိတ်ကူးမယဉ်ပါ။

မင်းလိုချင်တဲ့ အပြာရောင်ခံစားချက်တွေကို ကိုယ့်ဘက်က မပေးနိုင်ပေမယ့် တစ်ချိန်ချိန်မှာ လက်ထပ်ဖို့အထိ ကိုယ့်ဘက်က ဆုံးဖြတ်ခဲ့တယ်။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဘဝမှာ အရင်းနှီးဆုံး သူစိမ်း မိန်းကလေးက မင်းပဲ အက်စတာ။ ဒါပေမဲ့ တရားဝင် ထိမ်းမြားမင်္ဂလာ မပြုခင် မင်းနှုတ်ခမ်းနမ်းဖို့ ကိုယ် စိတ်မဝင်စားဘူး။





ကိုယ်က ကိုယ့်ဆန္ဒထက် ကိုယ့်ဘဝ မြင့်မားရေးဘက်ကို ဆည်ပြီး ကြိုးစားနေတဲ့အချိန်မှာ တခြားဘယ်ဘက်မှ စိတ်မယိုင်လို့ဘူး။

မင်း ဘယ်လောက်ပဲ ဆွဲဆောင်ခဲ့ပါစေ ကိုယ်မယိုင်ခဲ့ဘူး။

မင်းဘက် ကိုယ်မယိုင်တော့ မင်းက တခြားသော ယောကျ်ားတွေနဲ့ တွဲပြခဲ့တယ်။ တွဲရုံမက လွန်နေတဲ့ မင်းရဲ့စိတ်ကို ကိုယ် ရွံမုန်းခဲ့တယ်။

ကိုယ်ပြောတော့ မင်း တုံ့ပြန်တဲ့စကားလုံးတွေ ခုချိန်ထိ နားထဲရှိနေခဲ့သည်။

"ဒါလင်က အိုင့်ခံစားချက်ကိုမှ မလိုက်လျောနိုင်တာ။ အဲဒီအတွက် အိုင့်ခံစားချက်ကို ပေးနိုင်မယ့် သူနဲ့ အိုင်တွဲတယ်လေ။ တော့နပ်ရင် ထိုင်ငိုပေါ့ ဒါလင်ရဲ့ ...ဟင့် ဟင့် ဟင့်"

"တောက်"

နေဘုရင် ဒေါ်သက ထိုအချိန်ကတည်းက ပေါက်ကွဲခဲ့သည်။

"ဟဲ့ ငနေ၊ နင် ယောကျ်ားမဟုတ်ဘူးလား။ အက်စတာချိန်းတာတောင် နင်မသွားဘူး။ အက်စတာ နင့်အခန်းထဲလာတော့လည်း နှင် နှင်ထုတ်တယ်။ ဟောဟိုက ဒေးဗစ်တို့နဲ့တွဲတော့ နင်က အူတိုနေသေးတယ်။ အံ့ပါတယ်"

မမကလည်း သူ့ကို ထိုသို့ပြောဆိုရင်း အပြစ်ဖို့၏။

"ဒီမှာမမ ... ကျွန်တော်လိုချင်တာ၊ ကျွန်တော်ခံစားချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံမျိုးမဟုတ်ဘူး။ ဖြူစင်စိတ်နဲ့ ဖြစ်တည်လာတဲ့ ချစ်မြတ်နိုးခြင်း

"ကျွတ် အဲဒီစကားလုံးတွေက ဒိတ်အောက်နေပြီ ငနေရဲ့"

"ဘာ"

"ဟုတ်တယ်လေ၊ အက်စတာ့ကို နင် လက်ထပ်ဖို့ ရည်ရွယ် ထားတယ်လည်း ပြောသေးတယ်။ အစ်စတာ့ကို ပွေ့ဖက်ပြီး ကြင်ကြင် နာနာ အနမ်းလေး ပေးဖူးလား"

"ဘုရားသခင်"

မမ ထိုသို့မေးလျှင် နေဘုရင်ရင်ထဲ ဘုရားတရတဲ့အထိ အံ့ဩ သွား၏။ မမကိုလည်း ပြူးပြူးပြဲပြဲကြည့်မိရင်း –

"မမ"

မမက သူ့ကို သရော်သလို ပြန်ကြည့်၍ –

"နင့်လို ဘယ်လောက်တွန်းတွန်း၊ မလှုပ်တဲ့ကောင်ကို ဘယ် မိန်းကလေးမှ စိတ်ရှည်မှာမဟုတ်ဘူး။ မတွန်းဘဲ လှုပ်လာတဲ့သူနဲ့ ပြေး မှာပဲ"

"တောက် ... အဲဒါ မာမီသောက်ကျင့်မျိုး"

"ဘာ"

"မမနဲ့အက်စတာလည်း အတူတူပဲ။ နှစ်ယောက်စလုံး မာမီ့ သောက်ကျင့်နဲ့"

"တောက် ... ဘာပြောတယ် ဖြန်း"

နေယမင်း သည်းမခံနိုင်တော့ပါ။





သူ့မမောင်က သူမကို ပြန်ပြောနေတာမို့ ခံပြင်းစိတ်က ထိုက်ခနဲတက်ကာ လက်တစ်ဖက်ပါ မြှောက်တက်သွားပြီး မောင်ဖြစ် သူ့ရဲ့ပါးကို ရိုက်ချလိုက်တာက ပြောရင်းဆိုရင်း ဖြစ်သည်။

"မမ"

သူ့မျက်နှာချည်း ရှုံ့စောင်းသွားသလား အောက်မေ့ရသည်။

"နင် ဘာမှ ပြန်မပြောနဲ့။ မာမီ နင့်ကို မွေးလာလို့ နင် လူ ဖြစ်လာတာ။ အဲဒီအတွက် မာမီ့ကို ကျေးဇူးမတင်ရင်နေ မာမီ့ကို စော်ကားနဲ့။ အစ်မကိုလည်း မစော်ကားနဲ့။ အက်စတာ့ကိုလည်း မဟုတ်ခတ်နဲ့။ နင်က တစ်ကိုယ်တော်နေချင်တဲ့သူ။ နင့်ဘာနင် တစ် ယောက်တည်းနေ။ မနေနိုင်ရင် ဒယ်ဒီ့လို သေပစ်လိုက်။ အက်စတာ့ကို ပြဿနာမရှာနဲ့။ ဒါပဲ"

"တောက်"

သူ့ဒေါသနဲ့ နှုတ်ခမ်းကို ဖိကိုက်ထားလျှင် နှုတ်ခမ်းသားမှ သွေးတို့က စိမ့်စိမ့်ထွက်ကာ ယိုစီးကျလာသည်။

ထိုစဉ်က သူ့ဒေါသတွေ လွှန်ကဲကာ မမကို ကိုင်ပေါက်ပစ် လိုက်ချင်ပေမယ့် အခွင့်မသာ။ ပြောပြီးထွက်သွားရုံမက အခန်းတံခါးကိုပါ ဆွဲန်းခနဲ ပိတ်သွားတဲ့မမ။

သူ့တစ်ကိုယ်တည်း၊ အခန်းထဲ ဝုန်းဒိုင်းကြဲနေမိသည်။

ဖြူဖြူစင်စင် မြတ်မြတ်နိုးနိုးနဲ့ သူ့ဘက်က လက်ထပ်ဖို့ ရည် ရွယ်ထားတဲ့ အက်စတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ထားသွားလျှင် သူဦးနှောက်ထဲ အပ်တစ်ချောင်း ပြေးဝင်သလို ခံစားရခက်လှသည်။

တောက်။

မာမီ။

အက်စတာနဲ့မမ။

ခင်းတို့အားလုံးရဲ့ သောက်ကျင့်တွေကို မုန်းတယ်ကွ။

✿ ✿ ✿

## အခန်း (၄၄)

"မမလေးရေ ... မြန်မြန်လာ"

သူ့စံအိမ်ထဲ ချို ခြေချရုံရှိသေးသည်။ စုစုနိုင်နဲ့ ဒေါ်ဝင်းမောကာ - ကိုးတကြီး ခေါ်၏။

ချိုက တအံ့တသြနှင့်။

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

"မမလေးရဲ့လူ သောင်းကျန်းနေလို့"

"ဘာ ချို့လူ"

"ဟုတ်တယ်လေ၊ ဘော့စ်ကိုပြောတာ မမလေးရဲ့"

စုစုနိုင်ပြောလျှင် ချို့နှာခေါင်းလေး ရှုံ့တွပြ၏။ ဒီစံအိမ်က ထွက် ဘယ်လိုမှန်းမသိဘူး သူ့ကို ချို့လူတဲ့။

ချို ခေါင်းရှမ်း၍ –



www.burmeseclassic.com

www.burmeseclassic.com



"ချို့လူ မဟုတ်ပါဘူး။ ချို့အလုပ်ရှင်ပါ"

"အေးပါ မမလေးရယ်။ မမလေး အလုပ်ရှင်ပါ။ [illegible] အိပ်ရာထကတည်းက သောင်းကျန်းနေတာအေး၊ ဒေါ်ဒေါ်တို့[illegible] နေစရာကို မရှိတော့ဘူး"

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

"ဘော့စ်ရဲ့အစ်မဆိုလား ဘာလား ဖုန်းဆက်တယ်။ [illegible] မကြာဘူး ရောက်ချလာတယ်။ ပြီးတော့ ခွန်းကြီးခွန်းငယ်နဲ့ စကား[illegible] များကြတယ်။ ဘော့စ်အစ်မပြန်သွားပြီးကတည်းက ဘော့စ်မုန်တိုင်း[illegible] နေတာ။ လိုက်ကာစလေး အလိုလိုလှုပ်တာတောင် လိုက်ကာအသံ[illegible] တဲ့။ စုစုနိုင် အသုံးမကျလို့တဲ့"

"ဟုတ်တယ် မမလေးရယ်။ မနက်စာ စားပိုင်းထိုင်[illegible] လည်း အရင်လိုမဟုတ်ဘူး။ နွားနို့က ကျဲနေတယ်၊ ကြက်ဥပြုတ်[illegible] အနှံ့မကောင်းဘူး၊ ကော်ဖီက အောက်စော်နံနေတယ်တဲ့။ ပြီး[illegible] စားပွဲတစ်ခုလုံးကို တွန်းပစ်လိုက်တာ"

"ဟောတော်"

"ဟုတ်တယ်၊ အဲဒါနဲ့ ဒေါ်ဒေါ်လည်း ရင်မဆိုင်ရဲတာနဲ့ [illegible] ထွက်လာတာ။ မမလေးရောက်လာတာနဲ့ အတော်ပဲ။ မမလေး[illegible] မနက်စာလည်း မစားဖြစ်သေးဘူး။ အဲဒါ"

"ဘုရားရေ ... ချိုက သူ့ကို သွားမေးရမယ်"

"ဟုတ်, ဟုတ်ပါတယ် မမလေးရယ်"





ဒေါ်ဝင်းမေနဲ့စုစုနိုင် မျက်နှာထားမှုန်မှုန်လေးနဲ့ ခေါင်းလေး [illegible]ညိတ်ညိတ်ပြောရှာသည်။

"ဟင့်အင်း ... ချိုလည်း သူ့ကိုကြောက်တယ်"

"မမလေးကိုဆိုရင် ဘော့စ်က စုစုတို့ကို ဆူသလောက် ဆူမှာ [illegible]ဟုတ်ဘူး။ သွားပါမမလေးရယ်။ ဘော့စ်က မနက်စာမစားသေးတော့ [illegible]ဆာနေမယ်။ ဆာနေတော့ ဒေါသဖြစ်တဲ့အရှိန်နဲ့ပေါင်းပြီး စုစုတို့အားလုံး [illegible]ကို ပြဿနာရှာတာမျိုးပါ။ မမလေးက ခုမှ ရောက်လာတာဆိုတော့ [illegible]သ"

"ဟုတ်ပါတယ် မမလေးရယ်။ သွားပါကွယ်။ ဒေါ်ဒေါ်တို့ [illegible]ကြီးနိုးပါရဲ့"

"အို မဟုတ်တာပဲ ဒေါ်ဒေါ်ရယ်"

ဒေါ်ဝင်းမေက လက်အုပ်ကလေးချီပြီး ပြောရှာသည်။ ချိုက အားတုံ့အားနာနဲ့ ဒေါ်ဒေါ့်လက်အုပ်လေးကို စာနာစွာဆုပ်ကိုင်လိုက်သည်။

"သွားပါ မမလေးရယ်၊ ဘော့စ် အပေါ်ထပ်တက်သွားတယ်။ သွားမေးပေးပါနော် ... နော်"

စုစုနိုင်နဲ့ဒေါ်ဝင်းမေ တကျိကျိပြောနေတာမို့ ချို ခေါင်းညိတ်လိုက်ရသည်။

ဘာတတ်နိုင်မှာလဲ။

ချိုက သူ့ဝန်ထမ်းမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒေါ်ဒေါ်နဲ့စုစုတို့ကိုလည်း ကိုယ်ချင်းစာပါသည် သူ့ဝန်ထမ်းဆိုတော့ သူပြောတဲ့အတိုင်း ခေါင်းငုံ့ခံရုံပေါ့။

အခုလည်း ချို့ကို ဘာပြောဦးမလဲ မသိဘူး။

ပြောချင်ရာ ပြော၊ ခေါင်းငုံ့ခံဖို့ ချို ဆုံးဖြတ်ပြီးသားပါ။

"သွားပါ မမလေး။ စုစုတို့ ဒီကစောင့်နှင့်နေမယ်"

စုစုနိုင်က အပြောကောင်း အတွန်းကောင်း။ စုစုနိုင်တို့ ငဲ့ညှာစိတ်နဲ့ ချို အရဲစွန့်ပြီး အပေါ်ထပ်တက်ရလေပြီ။

ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့။ အပေါ်ထပ်ရောက်လို့ ခြေ ရုံရှိသေးသည်။

"ဘာလဲ နောက်တစ်ယောက်က"

သူ့အသံကြီး ဟိန်းခနဲ ခုန်ထွက်လာလျှင် ချို ခြေလှမ်းတွေ နောက်ပြန်လည်ကာ ပြေးဆင်းဖို့ ခြေလှမ်းပြင်လျှင် –

"နေဦး ...မင်းလည်း အတူတူပဲ"

ဘုရား ဘုရား။

သူက အပေါ်ထပ်ညှော်ခန်းမှာ မိုးတိုးမတ်တပ်ဖြစ်နေရာမှ ပ မှတ်တွေ့သွားသလို ချို့ဆီ လှည့်လာသည်။

ချို မျက်လွှာလေးချရင်း ခေါင်းငုံ့ထားလိုက်သည်။ သူ့ခြေလှမ်း ရှေ့တိုးလာတာကို ချိုကြည့်ရင်း ကိုယ်လေးပါ တဆတ်ဆတ်တုန်၏။

"မင်းမောင်ဖြုန်းတီးကို သဘောတက်ဖို့လုပ်ပေးလိုက်လို့ ကိုယ် ပြောထားတယ် မဟုတ်လား"





"ဟင်"

ချို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ သူက ဒေါသမျက်လုံးကြီးနဲ့ စိုက်ကြည့်၏။ ချို မလုံမလဲဖြစ်လျက် ဘာပြန်ပြောရကောင်းမှန်းမသိအောင် အမူအရာတွေ ပျာယာခတ်သွား၏။

"ပြောလေ စကားမတတ်တော့ဘူးလား"

"ဟို ဟိုလေ ...ပိုက် ပိုက်ဆံက အများကြီးကုန်မှာမို့။ ပြီး ...ပြီးတော့ ကုမ္ပဏီအလိမ်နဲ့ တွေ့မှာလည်း စိုးတာကြောင့်ပါ"

"တောက် တစ်ယောက်မှ အသုံးမကျဘူး။ ပြောရင် ပြောတဲ့ အတိုင်း ဘာမှဖြစ်မလာဘူး။ မင်းလည်း သတိထား"

"ဟင်"

"ဘာဟင်လဲ၊ အခု ဘာလုပ်ဖို့ အပေါ်ထပ်တက်လာတာလဲ"

"ဟို ဟို ပါးရိုက်ဖို့"

"ဘာကွ"

ယောင်ယောင်ယမ်းယမ်းနဲ့ လွှတ်ခနဲထွက်သွားတဲ့ ချို့စကားကို ကမန်းကတန်း ဘရိတ်အုပ်ကာ လက်ကလေးတကာကာနဲ့ –

"အား မ မဟုတ်ဘူး။ ဟင့်အင်း မဟုတ်ဘူး။ မနက်စာ စီစဉ်ပြီး ပို့ပေးမယ်လို့၊ အဲဒါ လာပြောတာ"

"တောက် အေူလိုလို ငထူလိုလိုနဲ့။ တယောချို့ မင်းလည်း ကြပ်ကြပ်သတိထား"

"ဟုတ် ဟုတ်ကဲ့ပါ။ ဘာ ဘာစားမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရော ဘာစားခဲ့လဲ"

"ရှင်"

"မင်း မနက်စာ ဘာစားသလဲ မေးတာကွ"

"အဲ"

သူမေးတာ အကြောင်းမဟုတ်ပေမယ့် ချို ပြန်ဖြေရခက်နေပြီး။

ချိုက ထမင်းကြမ်းခဲကို ငရုပ်သီးအကျက်မှုန့်နဲ့ ပဲမှုန့်အနည်းငယ်ထည့်ကာ ဆီလေးဖြန်း၍ ဆားဖြင့်နယ်စားပြီးလာခဲ့တာ။

"ပြောလေကွာ"

သူ စိတ်မရှည်စွာ မေးပြန်သည်။

ချို တကယ်ပြောလိုက်ရင် သူ့ကိုရွဲ့ပြောတယ်လို့ ထင်နေဦးမယ်။ ဒါကြောင့် –

"ချိုက"

"ကဲ ပြောနေရင်ကြာတယ်။ မြန်မြန်သွား။ စားစရာယူပြီး မြန်မြန်လာပို့"

"ဟုတ် ဟုတ်ကဲ့ပါ"

ချို ခေါင်းတညိတ်ညိတ်နဲ့ ကမန်းကတန်း ပြေးဆင်းခဲ့တာ လှေကားထစ်တွေကိုတောင် အဆင့်ကျော်ဆင်းခဲ့သလားပဲ။

ကျွတ်။ တော်တော်ဂွတိုက်တဲ့သူဌေး။

✿ ✿ ✿



## အခန်း (၄၅)

"ဟင် ...ဘုရား ဘုရား"

နေယမင်း မယုံနိုင်လောက်အောင် အံ့ဩကာ ပြူးပြူးပြဲပြဲ စိုက်ကြည့်နေရာမှ ဘုရားအကြိမ်ကြိမ် တ,ရလေသည်။

"ဘုရားရေ ...အဲဒါ မာမီ"

ရင်ထဲမှာလည်း မယုံနိုင်အောင် မေးနေမိသည်။

ဖြူစင်ချောမွေ့နေသော မာမီ့အသားအရေက အရင်ကနဲ့ ဆန့်ကျင်စွာ မွဲခြောက်ခြောက်နဲ့ ညိုညစ်နေ၏။

အဝတ်အစားကလည်း နွမ်းလှသည်။

ဝတ်ထားတဲ့ပါတိတ်ထမီက အရောင်လွင့်နေသလို အင်္ကျီကလည်း ဖိုးရိုးဖားလျားနဲ့။

အတိတ်က ရွှေထီးဆောင်းခဲ့တဲ့ မာမီပါလို့ ကျိန်ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



တောင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး။

ဆံပင်တွေကို သိမ်းစုပြီး နောက်မှာ ဖြစ်သလို စည်းနှောင်ထားဆဲ။ ပိုက်ဆံပါးပါးလေးကို ချိုင်းကြားညှပ်ပြီး ဟင်းသီးဟင်းရွက်ဝယ်နေဟန်က ဆင်းရဲမွဲတေနေတဲ့ မိန်းမကြီးတစ်ယောက်နဲ့ အလားသဏ္ဍာန်တူနေသည်။

ဘာကြောင့် ဒီလောက်ထိ ပြောင်းလဲသွားရတာလဲ မာမီရယ် ဒီပုံစံမျိုးနဲ့ မာမို့ကို မာမီပါလို့ လူကြားထုတ်ပြဖို့။

ဟင့်အင်း။

နေယမင်း၊ မျက်လုံးစုံမှိတ်ကာ ခေါင်းရမ်းလိုက်မိသည်။ ထို အခါ မောင်လေးနေဘုရင်ရဲ့စကားလုံးတွေ တဒိုင်းဒိုင်း ပြေးဝင်လာသည်။

"မမသူငယ်ချင်းကို မမ တားထားလိုက်"

"ဟဲ့ ငနေ ... နေ့ကို အက်စတာက မြတ်နိုးလို့ ခြေဦးပြန်လှည့်လာတာကို"

"ကမ္ဘာပတ်ပြီး လိုက်ဖြန်းနေပြီး စပွန်ဆာမရှိတော့လို့ ကျွန်တော့်ဆီ ပြန်လှည့်လာတာ ကျွန်တော်မသိဘူး မထင်နဲ့"

"ဘာပဲဖြစ်ဖြစ် အက်စတာ့ကို လက်ခံရမယ် နေ"

"ဘာလဲ မမက ကျွန်တော့်ကို အမိန့်ပေးနေတာလား"

"ဟုတ်တယ်၊ ငါက နှင့်အစ်မ"

နေယမင်းက အစ်မကြီးအမိအရာဆိုတဲ့ ပါဝါမျိုးနဲ့ ပြောခဲ့





နေဘုရင်က နှာနှာကျင်ကျင် ရယ်မောလိုက်ပြီး –

"အစ်မကရော ဘယ်လောက်သောက်ကျင့်ကောင်းနေလို့လဲ"

"ဟင် နေ ... နင် မမကို ဘာပြောလိုက်တယ်"

"ကြားတဲ့အတိုင်းပဲ"

"ဘာ"

"အက်စတာ့လိုယောကျ်ားကို အပြောင်းအလဲတွဲ၊ ပျော်သလို နေ၊ ထင်ရာစိုင်းနေတဲ့ မမလည်း မာမို့လိုဘဝမျိုး ရောက်လိမ့်မယ်"

"ဟင် မာ မာမီ၊ မာမို့လိုဘဝ ဟုတ်လား"

"ဟုတ်တယ်"

သူ နှာကျင်စွာ ခေါင်းညိတ်လိုက်သည်။

မမက မယုံသလို အမူအရာမျိုးနဲ့ ရှေ့တိုးလာသည်။ သူမ ခေါင်းထဲမှာ သူမမိခင်ကို ဘယ်တုန်းကမှ ထည့်မထားပါ။

မောင်ဖြစ်သူ ပြောလာမှ –

"မာမီက ဘာဖြစ်နေလို့လဲ။ ဒယ်ဒီမရှိတော့ကတည်းက မာမို့ဘဝက ဖိမ်ပဲလေ။ ဦးကိုဖုံနောက် လိုက်သွားလိုက်တာ မမတို့ကိုတောင် သတိမရအားတာ ခုချိန်ထိ"

"ဟင့်ဟင့်ဟင့် ... မမက အဲလိုထင်သလား"

"ဘာ မ မဟုတ်ဘူးလား၊ မမထင်သလို မဟုတ်ဘူးလား"

"လောကမှာ ထင်တိုင်းမဖြစ်တာတွေ အများကြီးရှိတယ်ဗျ။ ဦးကိုကိုဖုံက မာမို့ကို အရေးမထားဘဲ တခြားမိန်းမတွေနဲ့ တွဲတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ မာမီပေါက်ကွဲပြီး လုပ်ပစ်လိုက်တာ ဦးကိုကိုဖဲ့ သေတယ်"

"ဟင်"

"လူသတ်မှုနဲ့ မာမီ အဖမ်းခံရတယ်၊ ထောင်ကျတယ်။ ထောင်ထဲမှာ ချို့ချို့ငဲ့ငဲ့နေရတယ်။ သူတစ်ပါးပေးကမ်းတာ စားသောက်နေရတဲ့ဘဝနဲ့ ထောင်ထဲက ထွက်လာတယ်။ ထောင်ထဲကထွက်ပြီး နေစရာမရှိလို့ သူများဆီမှာ ကပ်ရပ်မှီခိုနေရတယ်"

"ဟင့်အင်း မ မယုံဘူး"

နေယမင်း ခေါင်းတရမ်းရမ်း လက်တကာကာနဲ့ ပြောသည်။

"မယုံရင် သွားကြည့်လိုက်၊ သရဖီလမ်းထဲက ပျဉ်ထောင်အိမ်ပေါင်းလေးမှာ ကုတ်ကပ်နေနေရတာ"

ဘုရား ဘုရား။

နေယမင်း မယုံနိုင်ပါ။ လုံးဝ မယုံနိုင်ပါ။

"အေး ... သွားကြည့်မယ်။ မဟုတ်လို့ကတော့"

"သွားကြည့်၊ မမလည်း မာမီနဲ့သောက်ကျင့်တူနေတယ် မဟုတ်လား။ တစ်ချိန်ချိန်မှာ မာမီ့လိုဘဝမျိုး မရောက်ဘူးလို့ မပြောနိုင်ဘူး။ မာမီ့ဘဝကို နမူနာသွားကြည့်။ သွား ခုချက်ချင်း။ တောက်"

နေဘုရင်ရဲ့ ဒေါသသံတွေနောက်မှာ နေယမင်း မယုံချင်စိတ်နဲ့ အပြေးသွားကြည့်၏။

နေဘုရင်ပြောတဲ့အတိုင်းပင်။

ဘုရား ဘုရား။

မိန်းကလေးတစ်အုပ်တိုက်



မာမီက ပျဉ်ထောင်အိမ်အပေါင်းလေးပေါ်က နွမ်းဖတ်သော အဝတ်စားဝတ်ပြီး ဆင်းလာသည်။ ထိုရပ်ကွက်ရဲ့ဈေးတန်းလေးကို သွားကာ လိုအပ်တာတွေကို ဈေးဆစ်ဝယ်ခြမ်းနေတာက မာမီမှ မာမီအစစ်။

ဒါ ဒါဆို တ တကယ်ပေါ့။

ဘုရားရေ။

အက်စတာနဲ့ သူမ မာမီ့ကို ကြည့်နေရာမှ တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်ရင်း စိတ်လှုပ်ရှားကာ ချောက်ချားနေသလို ဖြစ်၏။

ထို့နောက်မှာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

"ဟင်"

အိမ်ရှေ့မှာ နက်ပြောင်နေတဲ့ ဇိမ်ခံကားကြီး လာဆိုက်လျှင် တစ်မိသားစုလုံး အံ့ဩသွား၏။

ထိုကားပေါ်မှဆင်းလာတဲ့လူရွယ်ကိုမြင်လျှင် ဒေါ်ယမင်း ပါးစပ် အဟောင်းသားဖြစ်ကာ။

ရင်ထဲမှာလည်း သားဟု ခေါ်လိုက်မိသလို နှလုံးသားမှ မျက်ရည်တွေ ဝိုးဝိုးဝေါက်ဝေါက် ကျလာသည်။

ဟင့်အင်း။

ပြီးတော့ တစ်ဆက်တည်းလည်း ခေါင်းရမ်းကာ မိသားစုဝိုင်းထဲမှ သုတ်ခနဲ ထထွက်ခဲ့ကာ အိမ်တွင်းခန်းဘက်ပြေးဝင်ပြီး ပုန်းနေလိုက်တာက ရင်မဆိုင်ရဲ၍ပါ။

မိန်းကလေးစာအုပ်တိုက်



"ဟင်း ခင်ဗျားကြီး"

အိမ်လေးပေါ်တက်လာတဲ့သူ့ကို ရင်ဆိုင်ဖို့ မောက်မောက် န်းခနဲ ထ၏။

"ခင်ဗျားကြောင့် ဝင့်နဲ့ကျုပ်ကွဲရတာ။ ခင်ဗျားကြောင့် ကျုပ် အသည်းကွဲနေပြီ။ ခင်ဗျားကို ကျုပ် မကျေနပ်ဘူး"

မောက်မောက်က သူ့ကို ပြေးထိုးဖို့ လက်သီးရွယ်လျှင် ေါ်ထွေးထွေးနဲ့မနွယ် ဆွဲလိုက်ပြီး –

"ဟဲ့ မောက်မောက် ...နေဦး။ မနွယ်ပြောမယ်"

သူက အားလုံးရှေ့မှာ ရဲရဲဝံ့ဝံ့ရပ်လျက် မောက်မောက်ကို ကြည့်ပြီး တစ်ခွန်းတည်းမေးသည်။

"မင်း ရွှေစင်ဝင့်ဝင့်ကို တကယ်မြတ်နိုးတယ် မဟုတ်လား"

"ခင်ဗျားကြီး မေးစရာမလိုဘူး။ ဝင့်ကို ကျုပ် ဘယ်လောက် မြတ်နိုးပြီး တန်ဖိုးထားလဲဆိုတာ ဝင့်သိတယ်။ အေး ...မသိတာက ခင်ဗျား။ ဝင့်နောက်လိုက်လို့မရအောင် ဝင့်ကို ခြေရာဖျောက်လိုက်တယ် ဟုတ်လား။ စိတ်ချ ...ကျုပ် လုံးဝစိတ်မလျှော့ဘူး။ ကျုပ် သင်္ဘော တက်ပြီး ငွေရှာမယ်။ ပြီးရင် ...ဝင့်ကို ပုံအောပေးပြီး တင်တောင်း မယ်"

"ဟုတ်တယ် ...ဦးဝေဟင်ဆီက ငွေချေးပြီးသား။ နွယ့်မောင် သင်္ဘောတက်ဖို့လေ။ ဦးဝေဟင်က နောက်တစ်ပတ်နေရင် ငွေထုတ်ပေး တော့မှာရှင့်"

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မနွယ်က မာန်ဝင့်ပြီး ပြောသလို ဒေါ်ထွေးထွေးကလည်း မျက်နှာလေးမော့ထားလျက်။

"ဟုတ်တယ်၊ အန်တီ့သားအတွက် အန်တီတို့ စီစဉ်ပြီးသား"

ထိုသားအမိစကားမဆုံးခင် နေဘုရင် မျက်နှာမဲ့လိုက်ပြီး–

"ဦးဝေဟာင် ဟုတ်လား"

"ဟုတ်တယ်လေ"

"ဒေါ်စိန်စိန်နဲ့တွဲနေတဲ့ ဗိုက်ရွဲရွဲငနဲကြီး မဟုတ်လား"

"ဟုတ်ပါ့"

"အေး ... အန်တီကလည်း အဲဒီဦးဝေဟာင်ဆီက ငွေတွေ ဆွဲသုံးထားသေးတယ် မဟုတ်လား"

"အဲ အဲဒါက"

ဒေါ်ထွေးထွေး ပြောရအခက်ဖြစ်သွားသည်။ ဦးဝေဟာင်ဆီက ဆွဲသုံးထားတာ များနေပြီ။ ဒါတင်မက သားမောက်အတွက်လည်း ငွေပြောထားတာ။

ပြန်မဆပ်နိုင်ရင်တောင် မခက်ပါဘူး။ ဒေါ်စိန်စိန်နဲ့ စကား ပြောပြီးသား။

ဦးဝေဟာင်က သမီးချိုကို လိုချင်နေတဲ့သူ။

တယောချိုကို ထိုးပေးလိုက်ရင် ကိစ္စပြတ်ပြီးလေ။

မပြတ်သေးတာက ဒီသူငယ်။

ဒေါ်ထွေးထွေးကို မနှစ်မြို့သလိုစိုက်ကြည့်ရင်း ပြောသည်။





"အေး ... အဲဒီ ဦးဝေဟာင်ဆီက အန်တီ ငွေတော့မရဘူး"

"ဘာ"

"ဦးဝေဟာင်ကို ကျွန်တော် အချုပ်ထဲ ထည့်ထားပြီးပြီ"

"ဘာ"

သားအမိတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မျက်နှာတွေ ပျက်ကျသွားသည်။

သူက ရှင်းပြသလို ပြော၏။

"ဦးဝေဟာင်က ကျွန်တော့်ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုက ငွေသိန်းငါးရာလိမ်ထားတာ ကြာပြီ။ မပြောပလောက်တဲ့ငွေမို့ ကျွန်တော် လွှတ်ထားတာ။ အခု အန်တီတို့က ဦးဝေဟာင်ကို အဟုတ်ကြီးမှတ်ပြီး ငွေချေးနေတယ်။ မဆပ်နိုင်ရင် တယောချိုကို ထိုးကျွေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ မဟုတ်လား။ အဲဒါကြောင့် ဦးဝေဟာင်ကို အထဲထည့်လိုက်တာ"

"ဟင်"

ဒေါ်ထွေးထွေးတို့မိသားစု ပါးစပ်အပွင့်သားနဲ့ သူ့ကိုပဲ ပြူးကြည့်နေသည်။

"နေ ... နေပါဦး။ ရှင်က နွယ်တို့မိသားစုအတွင်းရေးကို ဘာလို့သိနေရတာလဲ"

နွယ် ဝင်မေးလျှင် သူ ဒိုင်းခနဲပြောချ၏။

"ကျွန်တော်က တယောချိုရဲ့အလုပ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာ ဘာဆိုင်လို့လဲ။ အလုပ်ရှင်နဲ့သမီး"

"ဆိုင်သေးတယ် အန်တီ။ အန်တီတို့အိမ်ပေါ်တင်ထားတဲ့ ဒေါ်ယမင်းဟာ ကျွန်တော့်မာမီ ဖြစ်နေလို့"

"ဟင်"

ဒေါ်ထွေးထွေး မျက်လုံးအစုံပြူးကာ ယမင်းလို့ ရေရွတ်သည်။ ခုမှပဲ ယမင်းကို သတိရသည်။

ဘေးနားကို ငဲ့ကြည့်လိုက်တော့ ယမင်းကိုမမြင်။

"ဒေါ်ဒေါ်"

မန္တလေးနဲ့ မောက်မောက်က ပြိုင်တူခေါ်ရင်း အခန်းထဲ ပြေးဝင်ပုန်းနေတဲ့ ဒေါ်ဒေါ့်ဆီသွား၏။

"ယ ယမင်းက မောင်ရင့်မာမီး ဟုတ် ဟုတ်လား"

ဒေါ်ထွေးထွေး မေးလိုက်လျှင် သူ ခေါင်းညိတ်လိုက်သည်က ဝမ်းနည်းစွာ။

"မာမီ"

ထို့ကြောင့် သူ့အသံကျယ်ကြီး အော်ခေါ်လိုက်သည်။

ဒေါ်ယမင်း မျက်နှာကြီးဝှက်ကာ တရှုံ့ရှုံ့ငိုရင်း အခန်းထောင့် ခွေလျက်ကျသွား၏။

ဟင့်အင်း။

မခေါ်နဲ့။





မခေါ်ပါနဲ့သားရယ်။

မာမီလို့ မခေါ်ပါနဲ့။

မာမီဟာ သားရဲ့မိခင်အနေနဲ့ မထိုက်တန်ပါဘူး။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

"အက်စတာက နေ့အလိုကျ နေထိုင်မယ်တဲ့"

"ဆောရီးပဲ မမ"

"ဟင် ငနေ၊ အက်စတာ့ကို ငြင်းနေတာလား"

"ငြင်းနေတာ မဟုတ်ဘူး။ မျက်နှာမပြောနဲ့ အက်စတာဆိုတဲ့ နာမည်တောင် ကျွန်တော့်ရှေ့ လာမရွတ်နဲ့"

"တောက် နေ"

နေယမင်း သည်းမခံနိုင်အောင် ဖြစ်တည်လာသည်။

မောင်ဖြစ်သူကို အံကြိတ်ကြည့်လျှင် နေဘုရင်က ခံပြင်းစွာ ပြော၏။

"ခုချိန်မှာ မမက အက်စတာ့အတွက် ရှေ့နေလိုက်နေတာ ထက် မာမီ့ကို သွားပြုစုစမ်းပါ"





"ဘာပြုစုစရာလိုလဲ၊ နင်ပဲ ဆေးရုံပေါ်မှာ အနားယူဖို့ စီစဉ်ပြီး တော့"

"ဟုတ်တယ်၊ မာမီ့ကို ဆေးရုံပေါ်မှာ တစ်ပတ်တိတိ။ အနား ယူဖို့ စီစဉ်ထားတယ်။ မမလည်း ဘယ်လမ်းရွေးမလဲ။ ကျွန်တော် ဖိ အားမပေးဘူးနော်။ တစ်ခုတော့ ပြတ်ပြတ်ပြောလိုက်မယ်။ အက်စတာနဲ့ မမ ဆက်ပြီး အပေါင်းအသင်းလုပ်နေသရွေ့ မမကို ကျွန်တော့်ဘက်က ထောက်ပံ့ဖို့မရှိတော့ဘူး"

"ဘာ ဘာ"

"မမကြားတဲ့အတိုင်းပဲ။ ကျွန်တော် သမာအာဇီဝကျကျ ရှာ ထားတဲ့ ငွေကြေးစည်းစိမ်က မှုမအပျော်လိုက်ပြီး အလဟဿ သုံးဖြုန်း စေဖို့ မဟုတ်ဘူး"

"တောက်"

နေယမင်း ဒေါသအမျက် ချောင်းချောင်းထွက်သွား၏။

ဒယ်ဒီဆုံးပြီးကတည်းက သူမအတွက် စီစဉ်ပေးသွားတဲ့ ငွေက နှစ်နှစ်ပင်မခံ။ ပြုတ်ပြုတ်ပြုန်းသွား၏။

ဒါကြောင့် ရွှေစင်ဝင့်ဝင့်နဲ့ဒယ်ဒီ၊ အန်ကယ်နေသုတနဲ့ အန်တီ့ဆီက တောင်းသုံးလာတာ။

နေဘုရင်က အန်ကယ့်လုပ်ငန်းတွေကို ဦးစီးကတည်းက သူမ အတွက် ငွေကျပ်လာသည်။ ဒါကြောင့် သူမနဲ့ ထည်လဲတွဲနေတဲ့ ဘဲတွေ ဆီက ဆွဲသုံးနေခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဲဝေ့တွေက သူမကို တစ်ယောက်ပြီးတစ်ယောက် ဖြုတ်ခ ကာ နောက်ဆုံး နိုင်ငံခြားမှာဆက်ပြီး မနေနိုင်တဲ့ အနေအထားရောက် လာတာမို့ အက်စတာ့ကို ခေါ်ပြီး ပြန်လာခဲ့ခြင်း။ မောင်ဖြစ်သူရဲ့ရွေး စည်းစိမ်ကို အစ်မကြီး အမိအရာအနေနဲ့ သုံးဖြုန်းဖို့။

ခုတော့ မောင်ဖြစ်သူက သူ့ငွေကို သုံးခွင့်မပြုတော့ဘူးတဲ့

"ငနေ"

"မမ ကျွန်တော့်ကို မုန်းချင်မုန်းလိုက်စမ်းပါ။ အက်စတာနဲ့ တွဲနေသရွေ့ ကျွန်တော့်ဘက်က ဆောရီးပဲမမ။ နောက်တစ်ခု ပြော လိုက်ဦးမယ်။ မမရဲ့စာရိတ္တကိုပြင်ပါ။ မမယောက်ျား မိုးသုတနဲ့ ပြန်ဆက် သွယ်ပါ။ မာမီ ဘယ်ဘဝရောက်ခဲ့လဲဆိုတာ မာမီ့ကို မေးကြည့်ပါ အခြေအနေအရပ်ရပ်ကြောင့် မာမီ့ကို ကျွန်တော် လက်ခံဖို့ ဆုံးဖြတ်ထား တာ။ ရှေ့ဆက်ပြီး ဗီဇဟောင်းတွေနဲ့ ထင်ရာဆိုင်းနေမယ်ဆို ကျွန်တော် ငဲ့ကြည့်မှာမဟုတ်ဘူး"

"တောက် နင် နင် တော်တော်လူပါးဝနေပါလား ငနေ နင့်ကို မာမီ့အကြောင်းနဲ့ ငါ့အကြောင်း ပြောခိုင်းနေတာ မဟုတ်ဘူး အက်စတာ့အပေါ် နင့်သဘောထားတင်းမာနေတာ ဘာကြောင့်လဲ ပြောစမ်းပါ"

"ကျွတ် ကျွန်တော်ပြောပြီးပြီးပဲ မမ။ ကျွန်တော့်ဘဝအတွက် ကျွန်တော် မြတ်မြတ်နိုးနိုး လက်တွဲမယ့်မိန်းကလေးကို ကျွန်တော် ရွေးချယ်ပြီးပြီ"





"နေပါဦး။ နင် ဘယ်သူ့ကို ရွေးတာလဲ ငနေ"

နေယမင်း ခံပြင်းစိတ်နဲ့ မောင်ဖြစ်သူပခုံးကို တွန်းပစ်ရင်း မေး၏။ ဘယ်သူလဲတဲ့။ သူ့မျက်ဝန်းမှာ ပုံရိပ်လေးတစ်ခု ဘွားခနဲ ပေါ်လာသည်။

အခြယ်အသကင်းတဲ့ သဘာဝဆန်ဆန် မျက်နှာထားလေးက သူ့မြင်လွှာကို ငေးခနဲဖြစ်သွားစေသည်။ ဒါ့ပြင် ပြဿနာတိုင်းအတွက် အနစ်နာခံ ရှင်းပေးတတ်တဲ့ သူမရဲ့စိတ်ထားက သူ့နှလုံးသားကို ဆွဲ ကိုင်လှုပ်ခါနိုင်စွမ်း၏။

သူလိုချင်တာ သူမြတ်နိုးတာက မိသားစုရဲ့ပြဿနာကို ခေါင်း ရှောင်ဖို့ နေနေသာသာ တာဝန်ဖြေရှင်းပေးတတ်တဲ့ ဖြူစင်တဲ့စရိုက်ပိုင် ရှင်လည်းဖြစ်နေတော့ သူ့စိတ်က မညွတ်ဘဲမနေနိုင်။

"ပြော ပြောလေ၊ ဘယ်သူလဲ ငနေ။ ဘယ်က မိန်းကလေး လဲ။ ငနေ့ပိုင်ဆိုင်မှုတွေကို မျက်စိကျနေတဲ့ မိန်းကလေးမျိုးဆိုရင်"

"တော်စမ်းပါ မမရာ"

"ဟဲ့ ငါက စိတ်ပူလို့ပြောတာ။ ဘယ်သူလဲ, ဘယ်ကလဲ မြန်မြန်ပြော ငနေ"

မေးသံမဆုံးခင် စံအိမ်ထဲ လှမ်းဝင်လာတဲ့ချို့ကို သူ ငေးစိုက် ကြည့်မိသွားသည်က ဘယ်သူဆိုတာကို ထုတ်ပြောသည့်နှယ်။

ထိုအခါ နေယမင်း ရင်ဘတ်ကို လက်နဲ့ဖိကာ။

"တ တယောချို ကို"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းလေးပဲ ညိတ်လိုက်သည်။ ချိုက မျက်လုံးလေး အပြူးသားနဲ့ ခြေစုံတန့်သွားကာ –

"ဘာလဲဟင် မမ ချို့ကို"

"တောက်၊ နင့်လို အညတြမိန်းမကို ယောင်းမ မတော်ဘူး။ ကောင်မ ... ခုချက်ချင်း စံအိမ်ထဲက ထွက်သွားစမ်း"

"ဘုရားရေ"

နေယမင်းက ချို့ရှေ့တိုးလာရင်း လက်ညှိုးငေါက်ငေါက်ထိုး၍ နှင်ထုတ်လေသည်။ ချို ဘုရားတရင်း သူ့ကို မော့ကြည့်မိသည်။ သူက ချို့လက် ဖျားလေးကို ဆွဲယူသလို မမရှေ့မှာ ပွေ့ဖက်လိုက်၏။

"အဲ"

ချို လန့်ဖျပ်ကာ အသက်ရှူမှဲ့သွား၏။

"ဘာလုပ်တာလဲ၊ ချို့ကိုလွှတ်လေ ... အဲ"

ချို ပြောလို့မဆုံးသေးပါ။ ချို့ကိုယ်လုံးလေးကို ဆွေ့ခနဲ ပွေ့၍ ကာ သူ့ခြေလှမ်းတွေ အပေါ်ထပ်ဆီ ဦးတည်သွား၏။

"အိုး လွှတ်လေ၊ နတ်ဆိုး ရှင်"

ထိုအခါ နေယမင်း လက်မခံနိုင်စွာ အရုပ်ကြိုးပြတ် ပုံကျသွား၏။ ရင်ထဲမှာ ပြင်းထန်ကာ –

"တောက်"

"တွေ့ကြသေးတာပေါ့ တယောချို"

✿ ✿ ✿



## အခန်း (၄၀)

"ဘယ်လို ချို့ပြောတဲ့သဘောက"

မိသူ နားမလည်သလို မေး၏။ တယောချိုက မျက်နှာလေး ဖွဲ၍ –

"သူက သူဖြစ်ချင်တာကို တစ်ဖွတ်ထိုးလုပ်လိုက်တာမျိုး"

"မောက်မောက်ကို သဘောတက်စေတာလား"

"ဟုတ်တယ်၊ မောက်မောက်က ရွှေစင်ဝင့်ဝင့်ကို အရှုးအမူး ဖြစ်နေတော့ သူပြောတဲ့အတိုင်းလေ၊ ဒေါ်ဒေါ့်ကိုပြန်ခေါ်တာကော။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ ချို"

မိသူက ရှောင်လွှဲထားတဲ့ ချို့မျက်နှာလေးကို ဆွဲယူ၍ မျက်နှာ ချင်းဆိုင်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



ချိုက မျက်နှာရှေ့ မထားတတ်အောင် ဖြစ်ရသလို ပြော လည်း ရင်ထဲမှာ ကြပ်နေသည်။

ဒါကြောင့် မိသူမေးတာကို ချက်ချင်း မဖြေနိုင်ဖြစ်လျက်။

"ပြောလေ ချို၊ ဖေဖေပြောတော့ သူက ချို့ကို တန်ဖိုးထား လက်ထပ်မှာတဲ့"

"ဘာ တန်ဖိုးထားတာလဲ"

ပြောရင်း ဝမ်းနည်းလာကာ ချို့မျက်ဝန်းမှ မျက်ရည်ေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ချို ချို ကိုယ့်ကို ငြင်းလို့မရဘူး။ ချို ကိုယ့်ကို လက်ထပ် မယ်။ နေဘုရင်စံအိမ်ရဲ့ သခင်မအဖြစ် ခံယူပါ့မယ်။ အဲဒါကြောင့် ချို့တစ်မိသားစုလုံးအရေးကို အကောင်းဆုံးဖြစ်အောင် ကိုယ်စီစဉ်ပေး လိုက်တာ။ ပြီးတော့ မာမီ့အတွက် မရှိမဖြစ် ချို့ကို လိုအပ်တယ် အဲဒီအတွက် ကိုယ် အစီအစဉ်တိုင်းကို ချို ငြင်းလို့မရဘူး"

"ဟင့်အင်း ... ချို ရှင့်ကို"

"မင်းပါးစပ်ပိတ်ထားလိုက် တယောချို။ မာမီ ဆေးရုံ ဆင်းတဲ့နေ့ မင်းနဲ့ကိုယ် မင်္ဂလာဆောင်ဖို့ အားလုံးအဆင်သင့်ပဲ။ ချို့ မေမေလည်း လက်ခံပြီးပြီ။ အဲဒီအတွက် ချို ကိုယ့်ကို စိတ်အနှောင့် အယှက်ဖြစ်အောင် မလုပ်နဲ့။ ဒါပဲ"

"ကျစ်"

သူ့စကားလုံးတွေ နားထဲတိုးဝင်လာလျှင် တယောချို လက်





ချောင်းလေးတွေကို ကျစ်ကျစ်ဆုပ်ထားလိုက်သည်။

"သူဖြစ်ချင်ရာကို ဖွတ်စီစဉ်တာမျိုး မိသူရဲ့"

မိသူက စာနာစွာ သက်မလေးချရှာသည်။

"သူ့မှာလည်း စိတ်အနှောင့်အယှက်ဖြစ်စရာတွေ များနေ သလားမှ မသိတာပဲ ချိုရယ်"

"အို ဘယ်လောက်များများလေ။ ချို သူ့ကို လက်ခံလား လက်မခံဘူးလားဆိုတာ ချို့ကို မမေးဘူး။ မေမေတို့နဲ့ ပေါင်းပြီး စီစဉ်တာ။ အဲဒီအတွက် ချိုက ဘယ်လိုဖြစ်သွားမလဲ။ သူ့အိပ်ရာထဲ အတင်းဆွဲချခံရတဲ့ မိန်းကလေးဖြစ်သွားတာမျိုး"

"ဟုတ်တယ်၊ အဲဒါတော့ နေဘုရင် မတရားဘူး။ အဲဒီတော့ ချို ဘာဖြစ်ချင်လဲ"

"ချို ဒီစံအိမ်နဲ့ ဝေးရာကို ထွက်သွားချင်တယ်"

"အိုကေ ... အဲဒါဆို မိသူကူညီမယ်။ ခုတလော မေမေက တုတ်ကောက်နဲ့ လမ်းလျှောက်လို့ရနေပြီ။ ပြီးတော့ မေမေ့ညီမ မိသားစု လည်း မိသူတို့နဲ့ လာနေတာဆိုတော့ မေမေ့အတွက် အားကိုးရတယ်။ ဒါကြောင့် မေမေ့ကို မိသူ စိတ်ချလက်ချထားခဲ့လို့ရတယ်။ ချိုနဲ့ မိသူ ဘယ်သူမှမသိအောင် တစ်နေရာရာသွားပြီး အေးအေးဆေးဆေးနေကြ မယ်။ ချို သဘောကျရဲ့လား"

"အင်း"

ချို မျက်ရည်တွေသုတ်ရင်း ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဒီစံအိမ်မှာ ချို ကျန်ခြွေမပျက်နေ။ မိသူ အားလုံး စီစဉ်ပြီးရင် ချို့ကို ဒီစံအိမ်ထဲက ခေါ်ထုတ်သွားမယ်"

"မြန်မြန်နော် မိသူ"

"စိတ်ချပါ သူငယ်ချင်းရယ်။ ဒါပဲ မိသူပြန်ဦးမယ်"

ချို ခေါင်းလေးညိတ်လျှင် မိသူက ချို့လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း အားပေးသလိုပြု၏။

မိသူပြန်သွားလျှင် ချို အားတင်းထားမိသည်။

ဟုတ်တယ်။

ချိုက အရုပ်တစ်ရုပ်မှ မဟုတ်တာ။

✿ ✿ ✿

## အခန်း (၄၉)

"ချို"

ချို ပါးစပ်လေးပိတ်ထား ကိုယ်လုံးလေးကို တံခါးကြားနံရံထဲ နစ်ဝင်တော့မတတ် တိုးကပ်ရင်း ငြိမ်သက်နေလိုက်သည်။

"ချို ချို ဘယ်မှာလဲ"

သူ ခေါင်းရင်းအခန်းထဲ ပတ်ရှာနေသည်။ ချို့ကို အခန်းထဲမှာ မတွေ့လျှင် သူ့ပုံစံက ခေါင်းမီးတောက်တာ ပျာယာခတ်၏။

"ချို ချို ဘယ်မှာလဲ။ ဒေါ်ဝင်းမေ၊ စုစု၊ ချို့ကို မတွေ့ကြဘူးလား"

အခန်းပြင် ပြန်ပြေးထွက်ရင်း ဒေါ်ဝင်းမေတို့ကို သူမေးနေသည်။ ဒေါ်ဝင်းမေနဲ့စုစုလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ပျာများသွား၏။

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ...ချိုကော ချို ဘယ်မှာလဲ။ ဒီစံအိမ်ထဲမှာ ချို မရှိတော့ဘူးလား၊ ချို ဘယ်သွားလဲ၊ ဘယ်သူမှမသိဘူးလား"

"ဟို ဟိုလေ"

"ဘာလဲ ပြောစမ်း စုစု။ ချို့ကို ဂရုစိုက်လို့ ကိုယ်ပြောထားတယ် မဟုတ်လား"

"စုစုတို့လည်း ဂရုစိုက်ပါတယ်"

"ဘာဂရုစိုက်တာလဲ၊ ဂရုစိုက်ရင် ချို ဘယ်မှာလဲဆိုတာ ပြောနိုင်ရမှာပေါ့။ ပြောကြစမ်း ချို ဘယ်မှာလဲ"

ဒေါ်ဝင်းမေ မျက်ရည်ပါ လည်ချင်လာသည်။

သူမတို့လည်း မီးဖိုခန်းထဲမှာ အချိန်ကုန်နေတာလေ။ ဘော့စ် အသံကြားရမှ သူတို့လည်း အပြေးအလွှားနဲ့ ချို့ကိုထားတဲ့ သီးသန့်ခန်းလေးထဲ ပြေးကြည့်၏။

ချို့ကို အခန်းထဲမမြင်ရလျှင် သူတို့လည်း ထိတ်ခနဲဖြစ်၏။

"မြန်မြန်ပြောလေ၊ ချို ဘယ်မှာလဲ"

သူက ဒါပဲ မေး၏။ ဒေါ်ဒေါ်နဲ့စုစု မဖြေနိုင်ဖြစ်နေလျှင် သူ ဒေါသက အုန်းခနဲပေါက်ကွဲကာ –

"တောက် ခင်ဗျားတို့နှစ်ယောက်စလုံး အသုံးမကျဘူး။ သွား ထွက်သွား။ ချို့ကို မတွေ့ရင် စံအိမ်ထဲ ဘယ်တော့မှ ခြေဦးမလှည့်နဲ့ သွားကြ"

ချို့ကို မတွေ့တာနဲ့ စုစုတို့ကို နှင်ထုတ်ရသလားကွယ်။





"ဦးပု၊ ဦးညို၊ အောင်ကို။ ဘယ်မှာလဲ။ မင်းတို့တွေလည်း ချို့ကို မစောင့်ကြည့်ကြဘူး မဟုတ်လား"

တစ်ဖန် သူ့ပြစ်မှတ်က ခြံစောင့်တွေဘက် လှည့်ပြန်သည်။

"ကျွန်တော်တို့လည်း စောင့်ကြည့်နေတာပဲ ဘော့စ်ရယ်။ မလေး ခြံထဲဆင်းလာတာ မတွေ့ဘူး"

"ဘာကွ၊ ခြံထဲဆင်းလာတာ မတွေ့တာနဲ့ ပြီးသွားလား။ အခု ချိုမရှိဘူး။ ခင်ဗျားတို့ တွေ့အောင်ရှာကြ။ မတွေ့ရင် ခင်ဗျားတို့ အားလုံးကို အလုပ်အဖြုတ်ပဲ။ သွား မြန်မြန်သွားရှာ"

သူက အော်ကြီးဟစ်ကျယ်နဲ့ ခြိမ်းခြောက်သလို အမိန့်လည်း ပေး၏။ ချို့ကို မတွေ့ရင် အလုပ်အပြုတ်တဲ့။

ဘာဆိုင်လဲ။

ချိုက ချို့ဘာသာပုန်းနေတာ။

သူနဲ့မတွေ့ချင်လို့ ချို့စိတ်နဲ့ချို ပုန်းနေတာလေ။ သူက အားလုံးကို အလုပ်ဖြုတ်မယ်လို့ ကြိမ်းမောင်းနေတာ။ ခမျာတွေ မျက်နှာ ရှာ သွေးတောင်မရှိတော့ဘူး။

ပြူးပြူးပျာပျာနဲ့ ဟိုပြေးရှာ၊ ဒီပြေးရှာနဲ့ အလုပ်ရှုပ်ကုန်သည်။ ချို့ကြောင့် သူတို့တစ်တွေ ဒုက္ခရောက်ဖို့ရှိနေတာ မြင်ရတော့ ချို အနားလှုသည်။ သူ့ကိုလည်း ဒေါသထွက်ချင်သည်။

ဒါကြောင့် တံခါးကြားထဲကနေ၊ ချို ဖြည်းဖြည်းချင်း ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အခန်းပြင်ထွက်ပြီး အောက်ထပ်သို့ ဆင်း၏။ ထိုအခါ သူက လှစ်ခနဲ့မြင်သွားဟန်တူသည်။

"ချို"

သူ့အသံကြီး လှိုက်တုန်သွားသလို လွှားခနဲ ချို့အပါး ရောက်လာသည်။

နောက်ပြီး ချို့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်၏။

"အို ရှင် ဖယ်"

"ချို ချိုရယ်၊ ချို ကိုကို့ကို ရင်ကွဲအောင် မလုပ်ပါနဲ့ ချိုရယ်။ ချို့ကို မမြင်ရရင် ကိုကို့ဘဝကြီး စုတ်ပြတ်သွားမှာ ကလေးရဲ့"

"ကျွတ် ဖယ် လွှတ်"

"ဟင့်အင်း ချို့ကို တစ်သက်လုံးဖက်ထားမယ်"

"ရှင်နော်"

"တကယ်ပြောတာ၊ ချို့ကို ကိုကို မြတ်မြတ်နိုးနိုးချစ်တယ်။ ဒါကြောင့် ချို့ကို ကိုကို့စံအိမ်ထဲဝင်ခွင့်ပေးခဲ့တာ ချိုရဲ့။ ကိုကို့အသည်းကွဲအောင် မလုပ်ပါနဲ့ ချိုရယ်"

သူက တင်းနေအောင်ဖက်ထားရင်း တရပေါ်ပြောချ၏။

ချို့မှာ အသက်ရှူပင် ကြပ်လာသည်။

"ကိုကို့ကို ပြန်ချစ်ပါ ကလေးရယ်။ ချို့ကြောင့် ကိုကိုတို့ မိသားစု ပြန်ဆုံခွင့်ရတာလေ။ ချို့ကို ကိုကို တစ်သက်မခွဲပါရစေနဲ့ ကိုကို တောင်းပန်ပါတယ်ကွာ"

မိန်းကလေးတအုပ်ဝိုက်



သူပြောရင်း ချို့ရှေ့ ဒူးထောက်ထိုင်ချကာ ချို့ခြေအစုံကို ဖက်ထားလျှင် ချို့စိတ်မခိုင်အောင် သူ့ကို သနားသွား၏။

"ကိုကိုနဲ့ဆုံတွေ့ကတည်းက ချို အများကြီး နစ်နာခဲ့တယ်ဆိုတာ ကိုကို သိတယ်။ ဒါပေမဲ့ အဲဒီတုန်းက ကိုကို့စိတ်တွေ အရမ်းရိုင်းနေခဲ့တယ်။ ချိုနဲ့ပတ်သက်ပြီး အလိုလိုမျက်မုန်းကျိုးနေခဲ့တယ်။ အဲဒါတွေအားလုံးဟာ ကိုယ့်ဘဝမှာ ကြုံလာတဲ့ မိသားစုအတွင်းရေးတွေကြောင့်ပါ။ အဲဒီအတွက် ကိုကို အနူးအညွတ် တောင်းပန်တယ် ချို။ ကိုကို့ကို ပြန်ချစ်ပါ။ ကိုကိုနဲ့ အနီးဆုံးနေပါ ချိုရယ်"

ချို သက်ပြင်းချည်းချရင်း ဖက်တွယ်ထားတဲ့ သူ့လက်အစုံကို ဖယ်ခွာလိုက်ပြီး –

"ချို စဉ်းစားပါရစေဦး ဦးနေဘုရင်"

"ချို"

သူ့ခေါ်သံ မဆုံးသေးပါ။ သူ့ရင်ဘတ်ကို ချို တွန်းပစ်၍ –

"ရှင်ဖြစ်ချင်တာတွေ ဖွတ်တိုးမပြောပါနဲ့၊ ရှင်ချစ်တိုင်း ချိုက ရှင့်ကို ချစ်ရမှာတဲ့လား။ ဝေးသေးတယ် ဦးနေဘုရင်။ ရှင်သိထားဖို့က ထယောချိုဆိုတဲ့ မိန်းကလေးက ရှင် သံပတ်ပေးထားတဲ့ စက်ရုပ်မဟုတ်ဘူး။ ချို့မှာ နှလုံးသားရှိတယ်။ ခံစားတတ်တဲ့ဦးနှောက်ရှိတယ်။ ချို ခံစားမှု ချို့နှလုံးသားနဲ့ ချို ဆုံးဖြတ်ပါရစေ"

"ချို"

"ဒါပေမဲ့ ချို့ကြောင့် ရှင် ဘယ်သူ့ကိုမှ အလုပ်ဖြုတ်ပစ်မယ်လို့

မိန်းကလေးတအုပ်ဆိုက်

www.burmeseclassic.com

www.burmeseclassic.com



မငြိမ်းချောက်ပါနဲ့။ ချိုနဲ့ စုစုတို့နဲ့ ဘာမှမဆိုင်ဘူး"

ချိုပြောလိုက်တော့ သူ့ခေါင်းလေး ငိုက်ကျသွားသည်။

"ချို ဆုံးဖြတ်ပါရစေ ဒါပဲ ဦးနေဘုရင်"

ချို ပြတ်ပြတ်သားသားပြောရင်း လှည့်ထွက်ခဲ့သည်။ သူ့ကိုယ်က အသက်မဲ့ကိုယ်လို တောင့်တင်းသွားကာ။

"ချို"

သူ တစာစာခေါ်နေပေမယ့် ချို ငဲ့မကြည့်တော့ပါ။

လှည့်ထွက်ခဲ့တာက အကြောင်းမဲ့မှ မဟုတ်ပါလေ။

✿ ✿ ✿

## အခန်း (၅၀)

"ဟင့် ဟင့် ဟင့်၊ ညည်းလို မိန်းကလေးက ငါ့မောင်နဲ့ တန်ရဲ့လား။ စဉ်းစားဦး တယောချို။ စဉ်းစားဦး ဟင့်။ ဦးနောက်နဲ့ စဉ်းစား၊ ငါ့မောင်နဲ့တန်တာ ဒီမှာကြည့်"

နေယမင်းက ပြောရင်းဆိုရင်း လက်ကိုင်ဖုန်းဖွင့်ပြ၏။ ထို ဖုန်းမှာ ပေါ်နေတဲ့ပုံရိပ်။

ဘုရားရေ။

ချို မျက်နှာတစ်ခုလုံး ရေနွေးပူအပက်ခံရသလို ဖြန်းခနဲ ပူထူသွား၏။ နေဘုရင်နဲ့အက်စတာ။

နှစ်ယောက်သား မွေ့ရာပေါ်မှာ ဖြစ်ချင်တိုင်းဖြစ်နေတဲ့ပုံ။ တစ်ယောက်မှ အဝတ်အစားမပါ။

ဘုရားရေ။ ချို မျက်လုံးကို ကမန်းကတန်း မှိတ်ချလိုက်ရသည်

မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ချို့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်။ တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို ခံစားရလေသည်။

နေယမင်းက အနိုင်ယူ ရယ်မောရင်း ဆက်ပြော၏။

“အက်စတာနဲ့ ငါ့မောင် နေဘုရင်က အဲဒီအဆင့်၊ ဒါတင်မကသေးဘူး။ ငါ့မောင်က တစ်ကိုယ်တည်းနေနိုင်တဲ့ကောင် မဟုတ်ဘူး။ မော်ဒန်မလေးတွေနဲ့လည်း အိပ်လိုက်တာပဲ။ မယုံရင် နေဘုရင့်သူငယ်ချင်းတွေကို မေးကြည့်။ နေဘုရင့်သူငယ်ချင်းတွေက နေဘုရင့်အတွက် ကောင်မတွေ စီစဉ်ပေးနေကျ။ ဒါကြောင့် ညည်းကို ယူမယ်ဆိုတာက မြတ်နိုးလို့ တန်ဖိုးထားလို့ဆိုတာက အလကား။ ညည်းနဲ့အိပ်ချင်တာ ဒါပဲလေ ...ဟင့်ဟင့်ဟင့်။ အက်စတာ့ကိုတောင် ငါ့မောင် ကန်ပစ်သေးတယ်။ ဟိုမော်ဒန်မလေးတွေကိုလည်း ပွဲပြီးမီးသေ ရပ်တယ်။ ညည်းကိုဆို ပိုပြီးခေါက်ထားလိုက်မယ်။ အလကားရတဲ့ မိန်းမဆိုပြီးတော့လေ ...ဟင့် ဟင့် ဟင့်”

ဘုရားရေ။

ချို မျက်ရည်တွေ ဝေါခနဲပြိုကျလာသည်။

“ဟင့် ဟင့် ဟင့်”

နေယမင်းက ပြောရင်း အဆက်မပြတ်ရယ်က လက်ညှိုးလေးနဲ့ ကရော်ကရော်လုပ်တာက ချို့စိတ်ကို အထိခိုက်ဆုံးဖြစ်သည်။

သူ့ကို ချိုချစ်နိုင်လား။

ထိုသို့စဉ်းစားမိရုံရှိသေးသည် သူ့အစ်မစကားလုံးတွေနဲ့





သူ့အစ်မ ပြတဲ့ပုံတွေ မြင်ယောင်လျှင် ချို့ရင်ထဲမှာ အလိုလို ရွံရှာစိတ်တို့ ဖြစ်တည်ကုန်သည်။

“မှာင့်အင်း”

မချစ်ဘူး။

ရှင့်ကို လုံးဝမချစ်ဘူး နေဘုရင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

"သမီးချိုရယ်၊ သမီးချိုကို ဒေါ်ဒေါ်တောင်းပန်ပါတယ်။ ဒေါ် ဒေါ့်သား သမီးချို့အပေါ် ပြောခဲ့ဆိုခဲ့ ပြုခဲ့တာတွေအတွက်လေ"

"ဟင့်အင်း"

ချို ခေါင်းရမ်းလိုက်လျှင် ဒေါ်ယမင်းက သူမလက်ဖျားလေးကို တင်းနေအောင် ဆုပ်တွေးထားရင်း –

"သမီးချို ဒေါ်ဒေါ် တောင်းပန်ပါတယ်။ သမီးချိုက ဒေါ်ဒေါ်ရဲ့ ကျေးဇူးရှင်ပါကွယ်။ အဲဒီအတွက် သမီးချိုကို ဒေါ်ဒေါ့်သားရဲ့"

"ဟင့်အင်း မပြောနဲ့"

ချို ယတိပြတ် လှည့်ထွက်ခဲ့သည်။ သို့သော်လည်း ဒေါ်ဒေါ် ဆုပ်ကိုင်ခဲ့တဲ့ ချို့လက်ချောင်းကလေးတွေရဲ့ အနွေးဓာတ်က ခရိုင် မပျောက်သေးပါ။





ထို့ကြောင့် ချို လက်ချောင်းလေးတွေကို ချိုကြည့်ရင်း ဆွေးမြည့်မြည့်လေး ခံစားနေရသည်။

ဒီလက်ချောင်းကလေးတွေရဲ့အတွေ့ကြောင့် သူနဲ့ချို ဆုံရတာလေ။

သူ့ဘက်က အငြိုးတကြီးဖြစ်နေပေမယ့် ချိုက သူ့အရိပ်အောက်မှာ တဝဲလည်လည် ဖြစ်နေခဲ့တာ ဘာကြောင့်လဲ။

သူ့စံအိမ်ထဲ ခြေချမိကတည်းက ရင်မှာတလှပ်လှပ်နဲ့ လှုပ်ရှားနေခဲ့တာလေ။ နေ့စဉ်လိုလို သူ့ခြေဖဝါးအစုံကို နှိပ်နယ်ပေးရတာ အလုပ်သဘောထက် သာလွန်နေမှန်း ချို ခံစားသိက သိရှိလာသည်။

အဲဒါကြောင့်ထင်ရသည်။ သူ့အတွက် အစစအရာရာ ချို လုပ်ဆောင်ပေးနေရသည်ကို ချိုပျော်နေမိသည်။ စိတ်လိုလက်ရလုပ်ခြင်းဖြင့် မွေ့လျော်နေခဲ့သည်။

သူ ရုံးသွားတိုင်း ရုံးပြန်တိုင်း သူ့ကိုစောင့်ကြိုရတာက ချို့စိတ်ကို လန်းဆန်းစေသည်။

သူ စားသောက်ဖို့ ဖွယ်ဖွယ်ရာရာလေးတွေ လုပ်ပေးရတာက ချို့အတွက် ရင်ခုန်စရာရယ်။

ဟုတ်တယ်၊ အဲလိုလေးတွေ တွေးရင်းတောင် ကြက်သီးမွှန်းခနဲ ထသလို ရင်ခုန်ရ၏။

ထိုနေ့ကပေါ့။ သူ ဒေါသထွက်တဲ့နေ့က။

ချိုက ထမင်းဖြူကို ပုစွန်ခြောက်၊ ကြက်သွန်နီအကြွပ်ကြော်



www.burmeseclassic.com

www.burmeseclassic.com



မြေပဲဆန်တို့နဲ့ ထမင်းသုပ်ပုံစံ သုပ်ပြီး သူ့ဆီသွားပို့၏။

ထိုအချိန်မှာ သူက ကွန်ပျူတာနဲ့ အလုပ်ရှုပ်နေတာလေ။

"ကိုယ် လက်မအားဘူးကွ"

"ဟင်"

ဖွန်းတပ်ထားတဲ့ ထမင်းသုပ်ပန်းကန်နဲ့ ကော်ဖီခွက်ကို သူငဲ့ကြည့်ရင်း ပြော၏။

ချိုက မျက်လုံးလေးအဝိုင်းသားနဲ့ –

"ချို ချို ဘာလုပ်ပေးရမလဲ ဟင်"

ချိုမေးတော့ သူက ချို့လက်ချောင်းတွေကိုငဲ့ကြည့်၏။ ဘုရားရေ၊ ထိုအကြည့်က ချို့လက်နဲ့ ခွံ့ကျွေးဆိုတဲ့ အဓိပ္ပာယ်လား။

"ချို ချို ခွံ့ကျွေးရမှာလားဟင်"

ချို မရဲတရဲမေးတော့ သူက ငဲ့မကြည့်ဘဲ ခေါင်းညိတ်၏။ ချို့မှာ ရင်အခုန်မြန်မြန်ဖြင့် သူ့ခံတွင်းထဲအရောက် ထမင်းသုပ် ခွံ့ကျွေးရတာ ချို့ရင်မှာ ထိုတစ်နေ့လုံး လှုပ်ရှားနေခဲ့ရတဲ့အဖြစ်။

ရှင်ရယ်။

ချိုလေ။

ဟင့်အင်း။

ဟင့်အင်း။

ချို မျက်လုံးစုံမှိတ်ထားလိုက်သည်။ ချို့ရဲ့ ရင်ခုန်စိတ်ကို ချို ထိန်းချုပ်ရင်း မျိုသိပ်ရတာ ဘယ်လောက်ပင်ပန်းမှန်း ချိုသိနှင့်နေသည်။

မိန်းကလေးစာအုပ်တိုက်



ချို့ကိုချစ်တာတဲ့။

ဟင့်အင်း။

သူ့ စကားလုံးတွေကို ချိုမယုံနိုင်ပါ။ သူ့အစ်မက သူ့အကြောင်း ချို့ထက် ပိုသိသူ မဟုတ်လား။

ချိုက ဆင်းရဲပါတယ်။

ဒါပေမဲ့ မာနရှိတယ်။

ချိုက ရင်ခုန်သံကို မြတ်နိုးပါတယ်။

သူ့ရဲ့ မဖွယ်မရာအမူအရာကို မြင်ရတော့ ရွံတယ်။ နောက်ပြီး ချို့အချစ်က ဖြူစင်တယ်။

သူ့အချစ်က အပြာဆန်တဲ့အချစ်။ ဒါကြောင့်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ချို"

"ဟော့ချို ... နင် ဘယ်မှာလဲ ချို"

မမနွယ်ရဲ့ခေါ်သံကြားရပေမယ့် သူနဲ့မိသူ လှည့်မကြည့်မိ

ပုန်းရှောင်ရင်း နှစ်ယောက်သား ပြေးထွက်ခဲ့တာ လမ်းပေါ်အရောက်

လမ်းပေါ်ရောက်တာနဲ့ တွေ့ရာတက္ကစီတစ်စီးကို ကမန်း

ကတန်း တားလိုက်ရသည်။ တက္ကစီကားလေး ထိုးရပ်သည်နှင့် ချိုနဲ့မိသူ

ကားပေါ်တက်ကာ အဝေးပြေးဂိတ်သို့ ဦးတည်ခဲ့သည်။

"မိသူရယ် ... ချို စိတ်ပူလိုက်တာ"

မိသူလက်ဖဝါးလေးကို အားကိုးတကြီး ဆုပ်ကိုင်၍ ချို ပြော

၏။

မိသူက စာနာစွာ ချို့လက်ဖဝါးလေးကို အားပေးသလို





ဖျစ်ကိုင်ပြီး –

"စိတ်မပူပါနဲ့။ မိသူတို့ အဝေးပြေးကားပေါ်ရောက်တော့မယ်

လေ။ မိသူတို့ထွက်ခဲ့တာ ဘယ်သူမှမြင်တာမှမဟုတ်တာ။ စိုးရိမ်မနေ

ပါနဲ့။ စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ ချိုရဲ့"

"အေးပါ"

မိသူပြောတဲ့အတိုင်း ချို့စိတ်ကို တည်ငြိမ်အောင်ထားလိုက်ရ

သည်။

ဟုတ်ပါရဲ့။ ချို့စိတ် တည်ငြိမ်ဖို့လိုတယ် မဟုတ်လား။

မကြာခင် ချိုတို့ အဝေးပြေးဂိတ်ရောက်တော့မှာလေ။

ရောက်တော့မှာမဟုတ်ဘူး။

ဟော ရောက်ပြီ။

ချို လိုက်ခနဲ ဝမ်းသာကာ ကားပေါ်ကဆင်း၏။ မိသူက

ကားခရှင်းပေးနေတုန်း ချိုက ချိုတို့သွားရမယ့် ကားဂိတ်ကို ကြည့်၏။

ဟိုမှာတွေ့ပြီ။

ရွှေမန်းသူကား။

မိသူ ကားခရှင်းပြီးတော့ ထိုကားဆီ နှစ်ယောက်သား အပြေး

ကလေးသွားကြ၏။

ထိုစဉ် ချို့တစ်ကိုယ်လုံး ဆတ်ခနဲ အမွေ့ခံလိုက်ရ၏။ ချို

လန့်လန့်ဖျပ်ဖျပ် ကြည့်လိုက်တော့ –

"ဟင် နတ်ဆိုး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာ ချို့ကို သူ့ကားပေါ်တင်လိုက်မှန်း သိသွား၏။

"အို ရှင်"

"ကျွတ် ... မင်း ငြိမ်ငြိမ်နေ"

"ဟင့်အင်း ... ရှင် မယုတ်မာနဲ့။ ဖယ်လွှတ်။ ချို့ဘာချို့ သွားချင်တဲ့ဆီ သွားမယ်"

ချို ပြောနေဆိုရင်းကြားက သူ့ဒရိုင်ဘာမောင်းတဲ့ကားပေါ် ငြိမ့်ခနဲပါသွားလျှင် ချို ပို၍ နာကျင်သလိုခံစားရ၏။

"ချို"

"မခေါ်နဲ့"

"ချို ကိုကိုကိုထားခဲ့တာ ဘာကြောင့်လဲ။ မမပြောတဲ့ စကားတွေကြောင့် မဟုတ်လား"

"အိုး မဟုတ်ဘူး"

"ဘာလို့ မဟုတ်ရမှာလဲ။ ဒီပုံ ချို့ကို မမပြတယ်မဟုတ်လား"

"ဟင်"

သူက သူ့ဖုန်းထဲက ထိုပုံကို ဖွင့်ပြလျှင် ချို့တစ်ကိုယ်လုံး ခါတ်လိုက်သလို ခံစားရသည်။

"အဲဒီပုံက ကွန်ပျူတာနဲ့ လုပ်ထားတာချိုရဲ့။ ဒီမှာကြည့် ... မျက်နှာတွေကို ဖြတ်ညှပ်ကပ်လုပ်ထားတာ။ အက်စတာ့မျက်နှာကို ကွန်ပျူတာနဲ့ ဖယ်လိုက်ရင် အင်္ဂလိပ်မင်းသမီးမျက်နှာ ပေါ်လာမယ်"





"ဟင်"

သူက ပြောရင်းဆိုရင်း ခလုတ်တွေနှိပ်ပြလျှင် တကယ်ပင် အက်စတာ့မျက်နှာလေး ပျောက်ကာ အင်္ဂလိပ်မင်းသမီးချောလေးရဲ့ မျက်နှာသွယ်လေး ပေါ်လာသည်။

"အင်္ဂလိပ်မင်းသမီးအစား ချို့မျက်နှာလေးလည်း တပ်လို့ရတယ်။ ဒီမှာကြည့်"

"အဲ"

သူက၊ ဘယ်အချိန်ကတည်းက ရိုးရိုက်ထားမှန်းမသိတဲ့ ချို့မျက်နှာပုံလေး ထည့်၍ တကယ်လုပ်လျှင် ထိုမင်းသမီးမျက်နှာလုလုလေးနေရာမှာ ချို့မျက်နှာ ဖြစ်သွား၏။

ထိုအခါ သူနဲ့ချို။

အို ချို ရှက်လိုက်တာ အရမ်းပဲ။

မျက်နှာကြီး နီမြန်းကာ သူ့ လက်ထဲက ဖုန်းကို ဆွဲလုပစ်၏။

"ချို"

"မခေါ်နဲ့"

"ကိုကိုပြောတာ နားထောင်ပါဦးကွာ"

"ဟင့်အင်း"

ချို ခေါင်းတရမ်းရမ်းနှင့် ရင်ခုန်သံတွေ ပြောင်းဆန်ကုန်သည်။ သူက ချို့ကိုယ်လေးကို ဆွဲယူ၍ –

"ကိုကိုက အက်စတာနဲ့ရော၊ ဘယ်မော်ဒန်မလေးနဲ့မှလည်း



www.burmeseclassic.com

www.burmeseclassic.com



ခြေမရှုပ်ပါဘူး ချို။ ကိုယ့်ကိုယ်ကိုယ် ကိုကို တန်ဖိုးထားတယ်။ ကိုကို့ အချစ်နဲ့ဘဝကိုလည်း တန်ဖိုးထားတယ်။ ကိုကို့ကိုယ်၊ ကိုကို့နှလုံးသား အတွက် ထားတဲ့တန်ဖိုးမှန်သမျှက ချို့အတွက်ချည်းပဲ"

"အိုး မပြောနဲ့"

"ချိုက မပြောနဲ့ဆို ကိုကိုမပြောဘူး။ ခုချိန်မှာ ချစ်တဲ့စိတ်နဲ့ ဆိတ်ဆိတ်ငြိမ်ငြိမ်လေးနေရအောင်လား"

"အို မနေဘူး။ ချို သွားချင်တဲ့ဆီသွားပါရစေ"

"ချို ကိုကို့ကို ချစ်တယ်ဆိုရင် သွားခွင့်ပေးမယ်"

"တကယ်"

ချို သူ့မျက်နှာလေးကို မော့ကြည့်ရင်းမေးသည်။

သူက ချို့ မေးဖျားလေးကို ဆွဲယူဖျစ်ကိုင်၍ ပြုံးပြုံးလေး ခေါင်းညိတ်၏။

"တကယ်ပဲ ချို။ ချို ကိုကို့ကို ချစ်တယ်မဟုတ်လား"

ချိုက ချို့အစီအစဉ်အတိုင်း မိသူနဲ့ အထက်ဗမာပြည် ဘုရားဖူးခရီးသွားဖို့ စိတ်အားထက်သန်နေသည် မဟုတ်လား။

ဒါကြောင့် ချို ခေါင်းလေးညိတ်မိသွားသည်။

"ခေါင်းမညိတ်နဲ့လေ၊ ပါးစပ်နဲ့ပြော"

"ကျွတ် ဘာမှန်းလည်းမသိဘူး"

"ပြောလေချို"

ချို မျက်လုံးစုံမှိတ်၍ တိုးတိုးလျလျ ပြောလိုက်၏။





"ချစ်တယ်"

သူက ချို့ကို ချစ်စိတ်ဖြင့် ရှင်ရှင်မြူးမြူးကြည့်ပြီး ချို့နှုတ်ခမ်းလေးကို နမ်းမလိုပြု၏။

ချိုက သူ့မျက်နှာကို ဖယ်ပစ်လျှင် –

"ကိုကိုကလည်း ချို့ကိုအရမ်းအရမ်းချစ်တယ်။ ဒါကြောင့် ချိုနဲ့မိသူ စီစဉ်ထားတဲ့အတိုင်း အထက်မြန်မာပြည်ဘုရားဖူးခရီး ထွက်ကြမယ်လေ"

"ဟင့်အင်း"

"ခေါင်းခါမနေနဲ့ ချိုရဲ့။ ချိုနဲ့ကိုကိုတို့ မင်္ဂလာမဆောင်ခင် တန်းနီးမွန်းအကြိုထွက်တယ်လို့ သဘောထားလိုက်"

"အိုး ဘာဟန်းနီးမွန်းအကြိုလဲ"

"သိချင်ရင်လိုက်ခဲ့"

"ကျွတ် ကိုကိုနော်"

"ဟုတ်တယ် ချိုရဲ့၊ ကိုကိုတို့ရဲ့ ဟန်းနီးမွန်းအကြိုကာလက ကိုကိုတို့ အချစ်ခရီးအတွက် အားဖြည့်ဆေးတစ်မျိုးပဲ။ ကိုကိုတို့ ချစ်အား ဖြည့်ရအောင်"

"ဖြည့်ဦး ဖြည့်ဦး"

ရှက်ဒေါသကြောင့် ချို့လက်သီးဆုပ်က ကိုကို့မျက်နှာပေါ် ရောက်၏။

ကိုကိုက ရှောင်လွှဲခြင်းမပြုဘဲ ကျေကျေနပ်နပ် ခံယူရင်း



www.burmeseclassic.com

www.burmeseclassic.com



မြူးမြူးလေး ရယ်လေသည်။

ထိုအခါ ချိုနှလုံးသားလေး ပြင်းပြင်းရှုရှု လှုပ်ခုန်ကာ ရင်ထဲမှာ တီးတိုးရွတ်လိုက်မိသည်က။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

မိန်းကလေး

အမှတ် ၄၅ (B)၊ ၆-လွှာ၊ ဦးလွန်းလမ်း၊
အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၄၉၂၅၁၃၈၁၇၊ ၀၉၂၅၅၈၀၀၁၂၅၈

www.burmeseclassic.com